The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL. 19, NO. 27
တနင်္လာနေ့တိုင်းထုတ်ဝေသည်
July 22, 2019

# ကဏန်းပျော့နှင့် နှမ်းနက် ပြည်ပဈေးကွက် ပိုမိုရရှိအောင် ကြိုးပမ်းရမည်

စာမျက်နှာ - ၈ ➤



## ရန်ကုန်မြို့ရှိ ဈေး ၁၀ ခုကို ဂျန်းရှင်းစီးတီးကဲ့သို့ ပြန်လည်အဆင့်မြှင့်တင်ရန် လုပ်ဆောင်နေ

စာမျက်နှာ - ၁၁ ➤

## ကမ်းနီး၊ ကမ်းဝေး ပင်လယ် ငါးဖမ်းခွင့် သုံးလပိတ်သိမ်းမှုကို ဖြေလျှော့ပေးရန် တောင်းဆို

စာမျက်နှာ - ၂၆ ➤

## ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုမူဝါဒ ဆန်းစစ်ခြင်း လုပ်ငန်းစဉ်တွင် လိုက်ပါ ဆောင်ရွက်မှု (၁)

စာမျက်နှာ - ၃၂ ➤

[illegible]



စာမျက်နှာ - ၃၂ ➤

# LINCOLN LEGAL SERVICES (MYANMAR) LIMITED

## SEMINAR INVITATION: LABOUR LAW IN MYANMAR

You are cordially invited to our labour law seminar.

**PROPOSED AGENDA:**

- What's in the new Workplace Safety and Health Law
- Working hours
- Overtime
- Holidays
- Issues around the labour contract template
- Foreign employees at MIC and non-MIC companies (visa, alien worker registration card, social security, etc.)
- Terminating an employment relationship
- Dispute resolution

| | |
|---|---|
| **Date and time** | Thursday, 25 July 2019, 2:30pm - 4:00pm |
| **Place** | Rose Garden Hotel, 171 Upper Pansodan Road, Yangon |
| **Speakers** | ▪ Sebastian Pawlita<br>▪ U Nyein Chan Zaw |
| **Language** | English |
| **Entrance fee** | Ks. 15,000 per person, payable at the reception desk |
| **Registration** | Please register by sending an e-mail to sebastian@lincolnmyanmar.com or nyeinchanzaw@lincolnmyanmar.com, stating the name of your company and the names of the participants. |

## About Lincoln Legal Services (Myanmar) Limited

Lincoln Legal Services (Myanmar) Limited provides the full range of legal and tax advisory and compliance work required by investors. We pride ourselves in offering result-oriented work, high dependability and a fast response time at very competitive prices. Please do not hesitate to contact us:


- Sebastian Pawlita, Managing Director
  Phone: +95-9-262546284 (English)
  E-Mail: sebastian@lincolnmyanmar.com

- Nyein Chan Zaw, Director
  Phone: +95-9-790488268 (Myanmar)
  E-Mail: nyeinchanzaw@lincolnmyanmar.com

Office address: La Pyi Wun Plaza, Room 409 (4th Floor), 37 Alan Pya Pagoda Road, Dagon Township, Yangon

Web: www.lincolnmyanmar.com

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Lee Sang-hwa ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Lee Sang-hwa အား ဇူလိုင် ၁၅ ရက် မွန်းလွဲ ၂ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ(၁)၌ လက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် မြန်မာ-ကိုရီးယား နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်စေနိုင်မည့် နှစ်နိုင်ငံအကြားနားလည်မှု စာချွန်လွှာများဖြစ်သည့် Establishment of Korea Desk MoU နှင့် Korea –Myanmar Industrial and Trade Cooperation MoU များအား ဆောလျင်စွာ လက်မှတ်ရေးထိုးသွားနိုင်ရေး၊ နှစ်နိုင်ငံအကြား အစိုးရအချင်းချင်းသာမက ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးနှင့် နှစ်နိုင်ငံကုန်သွယ်မှု တိုးမြှင့်နိုင်မည့် အခွင့်အလမ်း ကောင်းများအား ရှာဖွေသွားနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

MOC(IR)

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး Japan International Cooperation Agency ၏ Chief Representative ဖြစ်သူ Mr.Masayuki KARASAWA ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် Japan International Cooperation Agency (JICA )၏ Chief Representative ဖြစ်သူ Mr. Masayuki KARASAWA ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဇူလိုင် ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းအတွက် JICA Survey Team မှ ပြုစုထားသည့် Final Report အား တင်ပြဆွေးနွေးပြီး ထိုင်းနိုင်ငံဘက်မှ ရေးဆွဲထားသည့် Master Plan နှင့် JICA Survey Team မှ ပြုစုထားသည့် Final Report တို့ ကွာခြားချက်များ ရှင်းလင်းတင်ပြခဲ့ရာ ဒုတိယဝန်ကြီးကလည်း လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲသို့ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၊ ဒုတိယဥက္ကဋ္ဌ (၁) တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဒေါ်ရီရီချို၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

MOC(IR)

## ဒုတိယဝန်ကြီး ဦးအောင်ထူး တရုတ်ပြည်သူ့သမ္မတနိုင်ငံ Pacific Construction Company Limited မှ ဥက္ကဋ္ဌဖြစ်သူ Mr. Yan Jie He နှင့်အဖွဲ့အားတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Pacific Construction Company Limited မှ ဥက္ကဋ္ဌဖြစ်သူ Mr. Yan Jie He ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်သွားနိုင်ရေး၊ တရုတ်နိုင်ငံမှ ကုမ္ပဏီများ မြန်မာနိုင်ငံသို့ ပိုမိုလာရောက် ရင်းနှီးမြှုပ်နှံရေး၊ Belt and Road Initiative (BRI) ၏ အစိတ်အပိုင်းအဖြစ် မြန်မာ-တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်အား ဆက်လက်တည်ထောင်အကောင်အထည်ဖော်သွားရေးနှင့် လမ်း၊ တံတား အပါအဝင် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။



အဆိုပါ တွေ့ဆုံပွဲသို့ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိ သူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

MOC(IR)

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
အောင်မောင်း
မြင့်သူရ
ဦးဦးဟန်

**စာတည်းမှူးချုပ်**
အောင်သူရ

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**တာဝန်ခံစာတည်း**
စိန်သံ

**စာတည်းအဖွဲ့**
ရဲမင်းနိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# တစ်ပတ်အတွင်း ဆန်နှင့်ဆန်ကွဲပိုမိုတင်ပို့ပြီး မာလီနိုင်ငံသို့ဈေးကွက်သစ်ရရှိ

ဇူလိုင်၆ ရက်မှ ၁၂ ရက်အထိသီတင်းတစ်ပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ တစ်သန်းကျော်တန်ဖိုးရှိ ဆန်တန်ချိန်၄၇၀၀ ကျော် တင်ပို့ခဲ့ကြောင်းသိရသည်။ ယခုတစ်ပတ်တွင် မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ တန်ချိန်၄၀၇၀ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ တန်ချိန် ၅၃၀ ကျော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ တန်ချိန် ၁၀၀ကျော်တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက ဆန်တင်ပို့မှုပုံမှန်ရှိကြောင်းနှင့်ယခုတစ်ပတ် လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဆန်ကွဲ ၂၇ တန်တင်ပို့ခဲ့ကြောင်းသိရသည်။


ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဇူလိုင်၇ရက်မှ ၁၃ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ ၁၁ သန်းကျော်တန်ဖိုးရှိ ဆန်တန်ချိန် ၄၀၀၀၀ကျော်တင်ပို့ခဲ့သည်။ ယခုတစ်ပတ်မှာ ပုံမှန်တင်ပို့နေသည့်နိုင်ငံများအပြင် အာဖရိကနိုင်ငံများဖြစ်သော မာလီနိုင်ငံကိုဈေးကွက်သစ်ထပ်မံ ရရှိခဲ့သည်။ ဆန်တင်ပို့ခဲ့သောနိုင်ငံများမှာ တရုတ်၊ ဖိလစ်ပိုင်၊မလေးရှား၊စင်ကာပူ၊ ရုရှား၊မက်ဒါဂါစကား၊တိုဂို၊ ဆီနီဂေါ၊ ဂီနီ၊ ကင်မရွန်း၊ မာလီနှင့် အီးယူနိုင်ငံများဖြစ်ပြီး အများဆုံးတင်ပို့မှုများမှာဆီနီဂေါသို့ တန်ချိန် ၁၃၀၀၀၊ မက်ဒါဂါစကားနိုင်ငံသို့ တန်ချိန် ၅၇၅၀ကျော်၊ ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန် ၇၀၀၀ ကျော်၊ တရုတ်နိုင်ငံသို့တန်ချိန်၄၂၀၀ ကျော်၊ အီးယူနိုင်ငံများသို့ တန်ချိန် ၂၆၀၀ကျော် ဈေးကွက်သစ်ဖြစ်သော မာလီနိုင်ငံသို့တန်ချိန် ၄၀၀၀ တင်ပို့ခဲ့သည်။ ယခင်တစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက တန်ချိန် ၁၃၀၀၀ ကျော်ပိုမိုတင်ပို့နိုင်ကြောင်း သိရသည်။

ယခုတစ်ပတ်မှာ ရေကြောင်းမှ အမေရိကန်ဒေါ်လာ သုံးသန်းကျော်တန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၁၄၆၀၀ကျော် တင်ပို့ခဲ့သည်။ ဆန်ကွဲကို အင်ဒိုနီးရှားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ အီးယူနှင့် အာရပ်စော်ဘွားများနိုင်ငံ၊ အိုင်ဗရီကို့စ်၊ ဂျီဘူတီ၊ဆီနီဂေါ၊ဆီရာလီယွန်နီနိုင်ငံများသို့တင်ပို့ခဲ့သည်။ အင်ဒိုနီးရှားသို့ တန်ချိန် ၄၀၀၀ ကျော်၊ အီးယူသို့ တန်ချိန် ၈၅၀၀ကျော်၊ အိုင်ဗရီကို့စ်သို့တန်ချိန်၇၈၀ တင်ပို့ခဲ့သည်။ ယခင်တစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်ပါကတန်ချိန် ၂၆၀၀ ကျော်ပိုမိုတင်ပို့နိုင်ခဲ့ကြောင်းသိရသည်။

ယခုတစ်ပတ်အတွင်း ဆန်နှင့်ဆန်ကွဲတင်ပို့မှုစုစုပေါင်းမှာ ဆန်တန်ချိန် ၄၄၈၀၀ ကျော်နှင့် ဆန်ကွဲတန်ချိန် ၁၄၆၀၀ ကျော်ဖြစ်ကြောင်း သိရသည်။

**ယဉ်ယဉ်အေး**

# ဆန်အရောင်းအဝယ်အေးနေသည့် ဝါးတန်းကုန်စည်ဒိုင်



ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)တွင် မိုးတွင်းကာလဖြစ်၍ ဆန်အရောင်းအဝယ်အေးပြီး ဈေးငြိမ်နေကြောင်းသိရသည်။ မိုးရာသီဖြစ်၍ ဆန်များအထားမခံသည့်အတွက် အရောင်းအဝယ်နည်းခြင်း၊ လက်လီဝယ်ယူမှုလည်းနည်းခြင်းတို့ကြောင့် ဈေးမတက်ဘဲ ဈေးငြိမ်နေကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှသိရသည်။ ရွှေဘို၊ ပြည်၊ မကွေး၊ မင်းဘူးတို့မှ ဆန်ကြမ်းများ ရန်ကုန်သို့ဝင်ရောက်သဖြင့် ဆန်ကြမ်းအဝင်များ၍ ဆန်ကြမ်းဈေးအေးခြင်းဖြစ်သည်။

ဇူလိုင် ၁၇ ရက် ဆန်ဈေးနှုန်းများအရ ရွှေဘိုပေါ်ဆန်း ဆန်တစ်အိတ် ကျပ် ၄၈၅၀၀-၅၅၀၀၀၊ ပေါ်ဆန်းဆန်ရှယ်စ တစ်အိတ် ကျပ် ၃၆၀၀၀-၃၈၀၀၀၊ ရက် ၉၀ ဆန်တစ်အိတ် ကျပ် ၂၁၅၀၀-၂၂၅၀၀၊ သီးထပ်ရှယ်ဆန်တစ်အိတ် ကျပ် ၂၀၂၀၀-၂၀၅၀၀ဖြစ်ကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှသိရသည်။

ရန်ကုန်မြို့၊ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)သို့ ဧရာဝတီတိုင်းဒေသကြီး နယ်စုံမှ ဇူလိုင် ၁၂ ရက်မှ ၁၇ရက်အထိ ဆန်ဝင်ရောက်မှု စုစုပေါင်းအိတ်ရေ ၈၄၆၁၀ ဝင်ရောက်ခဲ့သည်။ လက်ရှိဆန်ဈေးကွက်အနေဖြင့် ဇူလိုင်လကုန်အထိ အရောင်းအဝယ်အေးနိုင်ကြောင်း၊ ဩဂုတ်လလောက်တွင် အရောင်းအဝယ်ကောင်းလာနိုင်သည်ဟု ခန့်မှန်းကြောင်း ကုန်စည်ဒိုင်တာဝန်ရှိသူထံမှသိရသည်။

**ချောစုမာ၊ မြင့်တင်-ပြည်တွင်း(ရန်ကုန်)**

# ဖျာပုံခရိုင်တွင် စပါးဈေးနှုန်းအနည်းငယ်မြင့်တက်

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်တွင် ဇူလိုင်တတိယပတ်အတွင်း ဧည့်မထ(မိုး+နွေ)စပါးဈေးနှုန်း အနည်းငယ်မြင့်တက်လျက်ရှိပြီး ကျန်ခရိုင်၊ မြို့နယ်များတွင် အရောင်းအဝယ်ပုံမှန်ရှိ၍ ဈေးနှုန်းတည်ငြိမ်မှုရှိကြောင်း သိရသည်။

ဖျာပုံခရိုင်အတွင်းရှိဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲမြို့နယ်များတွင် ယခင်မိုးဧည့်မထစပါး ၄၆ ပေါင် တင်း ၁၀၀ ကို ကျပ် ၅၆၁၀၀၀ ဈေးမှ ယခုဈေး ကျပ် ၅၇၉၀၀၀၊ နွေသီးထပ်ရင်စပါး ၄၆ ပေါင်၊ တင်း ၁၀၀ ကို ကျပ် ၄၇၈၀၀၀ ဈေးမှ ယခုဈေး ကျပ် ၄၈၇၀၀၀ / ၄၉၆၀၀၀ ဈေးဖြစ်သွား၍ မိုးစပါးတင်း ၁၀၀ ကို ကျပ် ၁၈၀၀၀ ခန့်၊ နွေသီးထပ်ရင်စပါးတင်း ၁၀၀ကို ကျပ် ၉၀၀၀/ ၁၈၀၀၀ ဝန်းကျင်ဈေးနှုန်း မြင့်တက်လျက်ရှိကြောင်း ဖျာပုံခရိုင်အတွင်းရှိ မြို့နယ်များတွင် စပါးလက်ကျန် နည်းပါးလာမှုနှင့်အတူ ဆန်စက်ပိုင်ရှင်၊ ကုန်သည်များမှ စပါးရရှိရေး ဈေးပေးဝယ်ယူမှုများကြောင့် ဧည့်မထ (မိုး+နွေ) စပါးဈေးနှုန်း မြင့်တက်ရခြင်းဖြစ်ကြောင်း ဆန်စပါးသတင်းများမှသိရသည်။

**မင်းမင်းဦး(ပုသိမ်)**

# မွန်ပြည်နယ်အတွင်း မိုးစပါးစိုက်ဧက သုံးသိန်းခန့် စိုက်ပျိုးပြီးစီး

မွန်ပြည်နယ်အတွင်း စပါးစိုက်ပျိုးမှုကို ၂၀၁၉ ခုနှစ် မိုးစပါး၊ နွေစပါး စုစုပေါင်း ၇၂၀၆၈၀ဧက စိုက်ပျိုးရန် လျာထားကြောင်း၊ မိုးစပါးလျာထားဧကမှာ ၆၉၁၆၅၀ ဧကနှင့် နွေစပါး ၂၉၀၃၀ဧက ဖြစ်ကြောင်း သိရှိရသည်။

မိုးစပါးစိုက်ပျိုးရန် လျာထားဧက ၆၉၁၆၅ရှိသည့်အနက် ၂၀၁၉ ဇူလိုင် ၃၀ ရက်အထိ စိုက်ပျိုးပြီးစီးမှုမှာ ၂၈၅၈၆၈ ဧကရှိကြောင်း သိရှိရသည်။ မွန်ပြည်နယ်အတွင်း မိုးစပါးစိုက်ပျိုးမှု ကုန်ကျစရိတ်မှာ ယခင်နှစ်ထက်ပိုကြောင်း၊ စပါးစိုက်ကွက်အချို့တွင် ခရုများ ဝင်ရောက်ဖျက်ဆီးမှုကြောင့် ပြန်လည်စိုက်ပျိုးရမှုများရှိခြင်း၊ စပါးစိုက်ပျိုးသူ အလုပ်သမားရှားပါးသည့်အတွက် အခြားတိုင်းဒေသကြီးများမှ အလုပ်သမား ငှားရမ်းလုပ်ကိုင်ရခြင်းနှင့် စက်ကိရိယာအကူအညီများ အသုံးပြုရသည့်အတွက် စိုက်စရိတ်ကုန်ကျမှုများပြားကြောင်း လေ့လာသိရှိရသည်။

ယခင်နှစ်က ကောက်စိုက်သမားတစ်ဦး၏နေ့စားခ အမြင့်ဆုံးမှာ ကျပ် ၄၅၀၀ ခန့်၊ ပျိုးနုတ်စရိတ်မှာ ကျပ် ၁၅၀၀ ခန့်သာရှိခဲ့သော်လည်း ယခုနှစ် ကောက်စိုက်သမားတစ်ဦး၏နေ့စားစရိတ်မှာ ကျပ် ၆၀၀၀ ခန့်နှင့် ပျိုးနုတ်စရိတ်မှာ ကျပ် ၂၅၀၀ ခန့်ရှိကြောင်း လေ့လာသိရှိရသည်။

**ဝင်းမြတ်(ရာမညကုန်သွယ်မှုဗဟိုဌာန)**

## အာရှနိုင်ငံများမှ FOB ဆန်ဈေးနှုန်းများ

၁၈-၇-၂၀၁၉ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၉၅ | ၃၉၅ | □ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၇၅ | ၃၇၅ | □ | ၃၃၀ | ၃၄၀ | △ | ၃၇၅ | ၃၇၅ | □ | ၃၆၈ | ၃၆၂ | ▽ |
| ဆန်ဖြူ ၁၀% | ၃၇၄ | ၃၇၄ | □ | ၃၂၇ | ၃၃၅ | △ | - | - | - | ၃၆၃ | ၃၅၇ | ▽ |
| ဆန်ဖြူ ၁၅% | ၃၇၂ | ၃၇၂ | □ | ၃၂၅ | ၃၃၀ | △ | - | - | - | ၃၅၈ | ၃၅၂ | ▽ |
| ဆန်ဖြူ ၂၅% | ၃၇၀ | ၃၇၀ | □ | ၃၁၅ | ၃၂၅ | △ | ၃၆၅ | ၃၆၅ | □ | ၃၂၇ | ၃၂၈ | △ |
| ပေါင်းဆန် | ၄၁၉ | ၄၁၀ | ▽ | - | - | - | ၃၆၈ | ၃၇၃ | △ | - | - | - |

*Source: liverice*

## ပြည်တွင်းမြို့ကြီးများ၏ (၁၈-၇-၂၀၁၉)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၃၂၀ | □ | ၂၀၀၀၀ | □ | ၉၁၅၀ | □ | ၄၀၀၀၀ | □ |
| ပုသိမ် | ၅၉၈၀ | □ | ၂၄၅၀၀ | □ | ၉၃၅၀ | △ | ၄၁၀၀၀ | □ |
| ပဲခူး | ၅၅၀၀ | □ | ၂၃၀၀၀ | □ | ၉၂၀၀ | □ | ၄၃၀၀၀ | □ |
| ရွှေဘို | ၅၅၀၀ | □ | ၃၂၀၀၀ | □ | ၁၅၀၀၀ | □ | ၄၇၀၀၀ | □ |
| စစ်တွေ | ၅၅၀၀ | □ | ၂၄၀၀၀ | □ | ၉၆၀၀ | □ | ၄၁၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၇၀၀ | □ | ၂၆၀၀၀ | □ | - | - | ၄၇၅၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၄၀၀ | △ | ၂၈၀၀၀ | □ | - | - | ၅၂၀၀၀ | □ |
| မန္တလေး | ၇၀၀၀ | □ | ၂၅၀၀၀ | □ | - | - | ၅၀၀၀၀ | □ |
| မကွေး | ၇၀၀၀ | □ | ၂၄၅၀၀ | □ | - | - | ၅၃၀၀၀ | □ |
| မော်လမြိုင် | ၅၅၀၀ | □ | ၂၂၀၀၀ | □ | ၉၆၆၀ | □ | ၄၀၀၀၀ | □ |
| လွိုင်ကော် | ၈၃၀၀ | ▽ | ၄၃၀၀၀ | □ | - | - | ၆၇၀၀၀ | □ |
| မြိတ် | ၅၆၀၀ | □ | ၂၄၀၀၀ | □ | - | - | ၄၆၀၀၀ | ▽ |
| ဘားအံ | ၆၀၀၀ | △ | ၂၃၅၀၀ | △ | - | - | ၄၈၅၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၁၂-၇-၂၀၁၉ မှ ၁၈-၇-၂၀၁၉ ထိ Online CO Application မှ CO / Proudct Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 421 | 14 | - | - | 1 | 436 |
| | Form AANZ | 8 | 1 | - | - | - | 9 |
| | Form AHK | 1 | - | - | - | - | 1 |
| | Form AI | 58 | 3 | - | - | - | 61 |
| | Form CHINA | - | - | - | - | - | - |
| | Form AJ | 24 | 2 | - | - | - | 26 |
| | Form AK | 166 | 10 | - | - | - | 176 |
| | Form D | 252 | 22 | - | - | - | 274 |
| | Form DFTP | 5 | - | - | - | - | 5 |
| | Form E | 125 | 10 | - | - | - | 135 |
| | Form Korea | 11 | - | - | - | - | 11 |
| 2. | Product Card | - | - | - | - | - | - |
| 3. | Certified Exporter | - | - | - | - | - | - |
| | Total | 1071 | 62 | - | - | 1 | 1134 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၈-၇-၂၀၁၉ — ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၁၂/၇ | ၁၈/၇ | ပြောင်းလဲမှု | ၁၂/၇ | ၁၈/၇ | ပြောင်းလဲမှု | ၁၂/၇ | ၁၈/၇ | ပြောင်းလဲမှု | ၁၂/၇ | ၁၈/၇ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၃၀၈ | ၁၃၅၅ | ▲ | ၁၃၃၃ | ၁၃၀၀ | ▼ | ၁၃၀၀ | ၁၄၀၀ | ▲ | ၁၃၀၀ | ၁၃၀၀ | ■ |
| ပဲစင်းငုံ | ၁၅၄၃ | ၁၅၇၉ | ▲ | ၁၆၃၃ | ၁၆၆၇ | ▲ | ၁၆၂၅ | ၁၆၇၅ | ▲ | ၁၆၄၀ | ၁၆၄၀ | ■ |
| ပဲတီစိမ်း | ၁၇၅၀ | ၁၈၀၀ | ▲ | ၁၈၁၃ | ၁၈၆၇ | ▲ | ၁၇၂၆ | ၁၈၄၂ | ▲ | ၁၇၃၀ | ၁၇၃၀ | ■ |
| ကုလားပဲရိုးရိုး | ၁၈၅၀ | ၁၈၅၀ | ■ | ၁၄၃၅ | ၁၄၃၂ | ▲ | ၁၄၀၅ | ၁၄၂၁ | ▲ | ၁၄၃၀ | ၁၄၃၀ | ■ |
| ပဲလွန်းဖြူ | ၁၁၀၀ | ၁၁၀၀ | ■ | ၁၁၆၇ | ၁၁၆၇ | ■ | ၁၀၀၀ | ၁၀၀၀ | ■ | ၁၁၆၀ | ၁၁၆၀ | ■ |
| ထောပတ်ပဲ | ၁၆၅၀ | ၁၅၆၅ | ▼ | ၁၇၉၆ | ၁၇၉၆ | ■ | ၁၅၂၆ | ၁၅၂၆ | ■ | ၁၅၈၀ | ၁၅၈၀ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁-၁-၁၉) မှ |
| | (၆-၇-၁၉)ထိ | (၁၃-၇-၁၉)ထိ | (၁၃-၇-၁၉) ထိ |
| မတ်ပဲ | ၁၇၁၆၃၅ | ၈၃၇၂ | ၁၈၀၀၀၇ |
| ပဲတီစိမ်း | ၁၅၁၄၁၅ | ၄၇၇၅ | ၁၅၆၁၉၀ |
| ပဲစင်းငုံ | ၄၉၀၉၂ | ၂၇၄၃ | ၅၁၈၃၅ |
| ကုလားပဲ | ၄၆၇၀၅ | ၁၁၅ | ၄၆၈၂၀ |
| ပဲလွန်းဖြူ | ၂၈၈၆၈ | ၉၃၈ | ၂၉၈၀၆ |
| မြေထောက်ပဲ | ၇၄၈၁ | ၄၃၇ | ၇၉၁၈ |

## ပြည်ဈေးကွက်တွင် မြေပဲဆန်ဈေး ဆက်လက်မြင့်တက်လျက်ရှိ

ပဲခူးတိုင်းဒေသကြီး၊ ပြည်ဈေးကွက်တွင် ယခုတစ်ပတ်ဆီဆန်ရောလုံးဆန်ပါ ဈေးမြင့်လာသည်ကို တွေ့ရသည်။ ယခုအချိန်မိုးမြေပဲများ စိုက်ပျိုးချိန်ဖြစ်သည့်အတွက် အဝင်မရှိသော်လည်း လက်ကျန်မြေပဲဆန်များကြောင့် တစ်နေ့လျှင်အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ အရောင်းအဝယ်ဖြစ်သည့် မြေပဲဆန်သည် ဆီကြိတ်မြေပဲဆန်နှင့်လုံးဆန်နီဖြစ်ပြီး ဆီစက်သမားများနှင့် အကြော်ဖိုသမားများက ဝယ်ယူလျက်ရှိသည်။

ယခုတစ်ပတ် မြေပဲဆန်ဈေးများမှာ ဆီဆန်(ဖြူ) တစ်ပိဿာလျှင် ကျပ် ၃၅၀၀ (အနီ)တစ်ပိဿာလျှင် ကျပ် ၃၆၀၀ နှင့်လုံးဆန် (ဖြူ)တစ်ပိဿာလျှင် ကျပ် ၃၇၀၀နှင့် (နီ)တစ်ပိဿာလျှင် ကျပ် ၄၀၀၀ အထိရှိသည်ကိုတွေ့ရသည်။

ဝေဝေမင်း(ပြည်)

## ပြည်ထောပတ်ပဲသီးနှံ အရည်အသွေးလိုက်၍ ဈေးနှုန်း ကွာခြားလျက်ရှိနေ

ပြည်ပဲဈေးကွက်မှာ လက်လီရောင်းဝယ်မှုအဖြစ်များသည့် ပဲသီးနှံထဲတွင် ထောပတ်ပဲသီးနှံလည်း ပါဝင်နေပြီး ပဲအရည်အသွေးလိုက်၍ဈေးကွာခြားမှုရှိခဲ့ကြောင်း သိရသည်။ ပဲဝင်ရောက်မှုမရှိသော်လည်း လှောင်ပဲလက်ကျန်များရှိခဲ့ကြတဲ့အတွက် လက်လီသမားဝယ်ယူလိုသလောက် ရောင်းချနိုင်ခဲ့ကြသည်။ ပဲဈေးမှာ ရိုးရိုးစ တစ်တင်းကျပ် ၂၈၅၀၀ နှင့် ထိပ်စတစ်တင်းကျပ် ၃၂၅၀၀ တို့ဖြင့် အသီးသီးရောင်းချမှုရှိခဲ့ကာ ယခင်တစ်ပတ်ကဈေးထက်ဈေးပိုလာခဲ့ကြောင်းသိရှိရသည်။

ခင်ဆွေဝင်း(ပြည်)

## ပြည်စားတော်ပဲ ဈေးကောင်းရနေ

ပြည်ပဲဈေးကွက်၏ လက်လီပဲဈေးကွက်၌ ဈေးကောင်းရနေတဲ့ပဲသီးနှံသည် စားတော်ပဲသီးနှံဖြစ်ခဲ့ပြီး တစ်တင်းကျပ် သုံးသောင်းနှင့် အထက်ရောင်းဝယ်နေခဲ့ကြသည်။ သို့သော်လည်း လက်လီသာရောင်းဝယ်မှုဖြစ်ခြင်းကြောင့် တစ်ရက်အိတ် ၂၀/၃၀ ကျော်သာ ဒေသတွင်းလက်လီ ဝယ်ယူနေခဲ့ကြသည်။ စားတော်ပဲသီးနှံသည် နှစ်စဉ်လိုလိုဈေးကောင်းရနေသည့် ပဲသီးနှံဖြစ်ခြင်းကြောင့် ယခင်နှစ်ကလည်း ပဲတစ်တင်း ကျပ် ၃၅၀၀၀ အထိရလျက်ရှိခဲ့ကာ ယခုနှစ်မှာလည်း ဈေးကောင်းနေသည်ဆိုသော်လည်း ယခင်နှစ်ဈေးထက်တစ်တင်း ကျပ် ၃၀၀၀ ခန့် လျော့နည်းနေခဲ့ကြောင်းသိရသည်။

ခင်ဆွေဝင်း(ပြည်)

## ဇူလိုင်တတိယပတ်အတွင်း ပဲမျိုးစုံဈေးကွက်နှင့် ဈေးနှုန်းအခြေအနေ



ဇူလိုင်တတိယပတ်အတွင်းဖြစ်ပေါ်ခဲ့သော မုံရွာကုန်စည်ဒိုင်မှာ အရောင်းအဝယ်ဖြစ်ခဲ့သည့် ပဲမျိုးစုံဈေးကွက်နှင့် ဈေးနှုန်းမှာ ကုလားပဲသီးနှံပေါက်ဈေးနှုန်းမှာ ကုလားပဲဖြူလုံးကြီးတစ်တင်း ၂၆၇၀၀ကျပ်၊ ထိုင်ဝမ်တစ်တင်း ၂၇၀၀၀ကျပ်၊ ၉၂၉တစ်တင်း ၂၇၀၀၀ ကျပ်၊ V3V၇ ၂၅၇၀၀ကျပ်နှုန်းပေါက်ပြီး ယခင်တစ်ပတ်ပေါက်ဈေးနှုန်းအတိုင်း ဈေးငြိမ်နေသည်။

ဂျုံဖြူသန့်တစ်တင်းပေါက်ဈေးနှုန်းမှာ ကျပ် ၁၇၀၀၀မှ ၁၇၅၀၀ ကျပ်ရှိပြီး နေ့စဉ်တင်းပေါင်း ၁၅၀ မှ ၂၀၀ ကြား အရောင်း အဝယ်ဖြစ်လျက်ရှိသည်။ ပဲစင်းငုံ၊ မတ်ပဲ၊ ပဲတီစိမ်းသီးနှံများကတော့ ပြည်ပဝယ်လက်ရှိသော်လည်း လက်ကျန်ရှိသော်လည်း လက်ကျန်နည်းနေကြောင်း သိရသည်။

ယခုတစ်ပတ် ပေါက်ဈေးနှုန်းမှာပဲစင်းငုံ(အဟောင်း) တစ်တင်း ကျပ် ၂၉၂၀၀၊ (အသစ်) ကျပ် ၃၂၅၀၀၊ မတ်ပဲသီးနှံ တစ်တင်း ကျပ်၂၄၀၀၀ မှ ၂၆၀၀၀ နှုန်းပေါက်လျက်ရှိပြီး ယခင်အပတ်ပေါက်ဈေးနှုန်းအတိုင်းဈေးငြိမ်လျက်ရှိသည်။ ပဲတီစိမ်းသီးနှံ ယခုတစ်ပတ်ပေါက်ဈေးနှုန်းမှာတစ်တင်း ကျပ် ၂၉၅၀၀ မှ ၃၃၂၀၀ နှုန်းပေါက်လျက်ရှိပြီး နေ့စဉ် တင်း ၈၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ်အတွင်း ပဲကြီးတစ်တင်းပေါက်ဈေးနှုန်းမှာ ကျပ် ၃၂၀၀၀၊ နေ့စဉ်တင်း ၁၅၀ ခန့်၊ ပဲနီလုံးရိုးရိုးတစ်တင်း ကျပ် ၁၉၅၀၀ နှုန်းနှင့် တင်း ၁၀၀ ခန့်၊ ပဲနီလုံးကျားတစ်တင်း ကျပ် ၁၉၃၀၀၊ တင်း ၁၀၀ ခန့်၊ CP ပြောင်းတစ်တင်း ၈၂၀၀ ကျပ်နှုန်းနှင့် တင်း၈၀၀-၁၀၀၀ခန့် အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရသည်။

ကြည်ကြည်နွယ်(ဇေယျာကုန်သွယ်မှုဗဟိုဌာန)

## ပခုက္ကူကုန်စည်ဒိုင်နှင့်မြို့မဈေးအတွင်း ဖြစ်ပေါ်နေသော ကုန်ဈေးနှုန်းများ

ယခုတစ်ပတ်ပခုက္ကူကုန်စည်ဒိုင်တွင် ၂၀၁၇ ခုနှစ်ထွက် ပဲစင်းငုံနီအဟောင်းတစ်တင်းလျှင် ကျပ် ၂၉၃၀၀ ဖြင့် အိတ်၅၀၊ ကုလားဝါလုံးကြီး တစ်တင်းလျှင် ကျပ် ၂၆၆၀၀ အိတ် ၅၀၊ ကုလားပဲဝါ တစ်တင်းလျှင် ကျပ် ၂၆၇၀၀ အိတ် ၅၀၊ ကုလားဖြူလုံးကြီး တစ်တင်းလျှင် ကျပ် ၂၆၇၀၀အိတ် ၅၀၊ ပဲတီစိမ်းကြီးတစ်တင်းလျှင် ကျပ် ၃၁၀၀၀ မှ ၃၃၅၀၀ ထိ အိတ် ၅၀ မှ ၃၀၀၊ ပြောင်းဖူးစေ့ တစ်တင်းလျှင် ကျပ် ၉၀၀၀ ဖြင့် အိတ် ၅၀ မှ ၁၀၀၊ နှမ်းနက်(စမုံ )တစ်တင်းလျှင် ကျပ် ၇၅၀၀၀ မှ ၉၁၀၀၀ ဖြင့်အိတ် ၂၀၀ ထိ ဥပုသ်နေ့မှလွဲ၍ ပုံမှန်အရောင်းအဝယ်ဖြစ်နေသည်။

ပခုက္ကူမြို့မဈေးတွင် အင်းလေးဒေသမှ ဝင်ရောက်လျက်ရှိသော ခရမ်းချဉ်သီးတစ်ပိဿာလျှင် ကျပ် ၁၃၀၀-၁၄၀၀၊ ရှမ်းပြည်နယ်မှ ထွက်ရှိသော အာလူးတစ်ပိဿာလျှင် ကျပ် ၁၁၀၀-၁၂၀၀-၁၃၀၀၊ ဒေသတွင် ထွက်ရှိသောကြက်သွန်ဖြူတစ်ပိဿာလျှင် ကျပ် ၃၅၀၀၊ ယခင်တစ်ပတ်က ဂေါ်ဖီတစ်ထုပ်လျှင် ကျပ် ၁၈၀၀ ရှိခဲ့ပြီး ယခုတစ်ပတ်တွင် ဂေါ်ဖီထုပ်မှာဈေးအနည်းငယ်ကျနေပြီး တစ်ထုပ်လျှင် ကျပ် ၈၀၀ မှ ၁၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်နေသည်။

လှိုင်ဥမ္မာဦး(ပခုက္ကူ)

## ပြည်မတ်ပဲသီးနှံ ဈေးလျော့ခဲ့သည့် ရက်သတ္တပတ်

ယခုတစ်ပတ်ပြည်ဈေးကွက်မှာမတ်ပဲသီးနှံအနေဖြင့် ပဲဝင်ရောက်မှုရှိသော်လည်း ပဲအဝင်ပါးခြင်းကြောင့် အိတ် ၅၀/၁၀၀ ခန့်သာဝင်ရောက်မှုရှိခဲ့သည်။ ဝယ်လက်မှာ ရန်ကုန်ဝယ်လက် ပုံမှန်ဝယ်ယူနေသော်လည်း ပဲဈေးမှာ ယခင်အပတ်ကထက်ဈေးလျော့သွားခြင်းကြောင့်တစ်တင်း ကျပ် ၂၆၂၀၀ ဖြင့်သာ အရောင်းအဝယ်ဖြစ်ခဲ့သည်။

မတ်ပဲသီးနှံသည် ယခုနှစ်အတွင်း ယခင်နှစ်နှင့်ယှဉ်လျှင်ဈေးကောင်းရနေသည်ဆိုသော်လည်း ပဲစင်းငုံသီးနှံထက်ဈေးလျော့ အရောင်း အဝယ်ဖြစ်နေခဲ့သည်။ ယခင်နှစ်ကမတ်ပဲသီးနှံဈေးမှာတစ်တင်း ကျပ် ၁၄၄၀၀ ဖြင့်သာရောင်းဝယ်နေခဲ့သည့်အတွက် ယခုနှစ်မှာတော့ ယခင်နှစ်ဈေးထက်ကျပ်တစ်သောင်းကျော်ထိ ဈေးပိုရလျက်ရှိခဲ့ကြောင်းသိရသည်။

ခင်ဆွေဝင်း(ပြည်)

## ပြည်ပဲစင်းငုံသီးနှံ ယခုနှစ် ဈေးကောင်းရလျက်ရှိ

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်အတွင်း ပဲစင်းငုံသီးနှံအနေဖြင့်မတ်ပဲသီးနှံထက်ဈေးပိုရလျက်ရှိပြီး လက်ကျန်ပဲများရှိသည့်အတွက် ရန်ကုန်ဝယ်လက်ဝယ်ယူသည့်အခါ အရောင်းအဝယ်ဖြစ်နေခဲ့ကြောင်းသိရသည်။ နေ့စဉ် အရောင်းအဝယ်မဖြစ်ဘဲ အရောင်းအဝယ်ဖြစ်သည့်ရက်တွင် အိတ် ၁၀၀/၂၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြသည်။

ပဲစင်းငုံသီးနှံဈေးမှာ တစ်တင်းလျှင် ပဲသစ်ဈေးအနေဖြင့် ကျပ် ၃၂၅၀၀၊ ပဲဟောင်းဈေးအနေဖြင့် ကျပ် ၂၉၅၀၀ ဖြင့် ရောင်းဝယ်လျက်ရှိသည်။ ယခင်နှစ်ကဆိုလျှင် ပဲစင်းငုံသီးနှံဈေးသည် တစ်တင်း ကျပ် ၁၃၀၀၀ ဖြင့် ဈေးကွက်အတွင်း ဈေးအနိမ့်ဖြင့် ရောင်းဝယ်နေခဲ့ပြီး ဈေးကွက်မှာဈေးအနိမ့်ဆုံးသာရရှိနေတဲ့ပဲသီးနှံဖြစ်ခဲ့သည်။

ခင်ဆွေဝင်း(ပြည်)

## မတ်ပဲဈေးနှုန်း အနည်းငယ်ကျဆင်း

ဇူလိုင် ၇ ရက်မှ ၁၃ ရက်အထိ ပင်လယ်ရေကြောင်းမှ မတ်ပဲတင်ပို့မှုမှာ တန်ချိန် ၈၃၇၂ ဒသမ ၃၅၄ တန်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၅၂၁၅၂၅၀ ဒသမ ၁၂ တင်ပို့နိုင်ခဲ့ကြောင်းသိရသည်။ အများဆုံးတင်ပို့ခဲ့သောနိုင်ငံမှာ အိန္ဒိယနိုင်ငံဖြစ်ပြီး တန်ချိန် ၆၇၁၀ တန်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၄၀၇၂၂၀၁ ဒသမ ၈၉ ဖြစ်ကြောင်းသိရသည်။ အနည်းဆုံးတင်ပို့သောနိုင်ငံမှာ အမေရိကန်ပြည်ထောင်စုဖြစ်ပြီး တန်ချိန် ၁၄ တန်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၉၇၀၅ ဖြစ်ကြောင်းသိရသည်။

ယခင်တစ်ပတ် ဇွန် ၃၀ ရက်မှ ဇူလိုင် ၆ ရက်အထိ မတ်ပဲတင်ပို့မှုမှာ တန်ချိန် ၈၂၈၃ ဒသမ ၃၇၇ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၅၁၉၅၈၆၇ ဒသမ ၆၅ ဖြစ်ကြောင်းသိရသည်။ ထို့ကြောင့် ယခုတစ်ပတ် တင်ပို့မှုမှာ ယခင်တစ်ပတ်ထက်တန်ချိန် ၈၈ ဒသမ ၉၈ တန်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၁၉၃၈၂ ဒသမ ၄၇ ပိုမိုတင်ပို့နိုင်ခဲ့ကြောင်းသိရသည်။

မတ်ပဲတစ်တန်၏ ပျမ်းမျှဈေးနှုန်းမှာ ယခင်တစ်ပတ်က အမေရိကန်ဒေါ်လာ ၆၂၇ ဒသမ ၃ ရရှိခဲ့ပြီး ယခုတစ်ပတ်တွင် အမေရိကန်ဒေါ်လာ ၆၂၃ သာရရှိခဲ့သောကြောင့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၃ ခန့်ဈေးနှုန်းကျဆင်းခဲ့ကြောင်းသိရသည်။

စန်းစန်းမော်(မြင့်တင်၊ပြည်တွင်း-ရန်ကုန်)



# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မယ်စဲ့ကုန်သွယ်ရေးစခန်းသို့ လာရောက်စစ်ဆေး

အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ဒုတိယဝန်ကြီးများဖြစ်သော ဗိုလ်ချုပ်မြင့်လွင်၊ ဗိုလ်ချုပ်သန်းထွဋ်နှင့် ဦးတင်မြင့်၊ ကယားပြည်နယ်ဝန်ကြီးချုပ်ဦးအယ်ဖောင်းရှို၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ အရာရှိကြီးများပါဝင်သောအဖွဲ့သည် ဇူလိုင် ၁၃ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မယ်စဲ့ကုန်သွယ်ရေးစခန်းသို့ ရောက်ရှိခဲ့ပြီး ဒေသခံ ပြည်သူများက တိုင်းရင်းသားရိုးရာ အကများဖြင့် ဧည့်ခံကြိုဆိုခဲ့ရာ ဒုတိယသမ္မတက ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့အား ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်သူရက မယ်စဲ့ ကုန်သွယ်ရေးစခန်း၏ သမိုင်းကြောင်းနှင့် ဘဏ္ဍာနှစ်အလိုက် ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်မှုအခြေအနေ၊ဘဏ္ဍာနှစ်အလိုက်အခွန်ငွေရရှိမှုအခြေအနေ၊ ဘဏ္ဍာနှစ်အလိုက် တည်ဆောက်ပြီးစီးခဲ့သည့် တည်ဆောက်ရေးလုပ်ငန်းများနှင့် လက်ရှိပင်မရုံးတည်ဆောက်နေမှုအခြေအနေများကို Power Point ဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဒေသခံပြည်သူများ၊ ယဉ်ကျေးမှုအကအဖွဲ့နှင့် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်၍ မယ်စဲ့ကုန်သွယ်ရေးစခန်းမှ မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် မြန်မာ-ထိုင်းနယ်စပ် BP-13 သို့ထွက်ခွာသွားခဲ့သည်။ ဒုတိယသမ္မတနှင့်အဖွဲ့သည် BP-13 သို့သွားရောက်ကြည့်ရှုစစ်ဆေးပြီးနောက် မယ်စဲ့မြို့ ပြည်သူ့ဆေးရုံတွင် တက်ရောက်၍ ဆေးကုမှုခံယူနေသည့် လူနာများအား ထောက်ပံ့ငွေများပေးအပ်ခဲ့ပြီး မွန်းလွဲ ၂ နာရီခွဲတွင် မယ်စဲ့မြို့မှ လွိုင်ကော်မြို့သို့ ပြန်လည်ထွက်ခွာသွားခဲ့သည်။

**မယ်စဲ့ကုန်သွယ်ရေးစခန်း**

# မုံရွာစီးပွားရေးတက္ကသိုလ် စီးပွားရေးရာစီမံခန့်ခွဲမှု ပညာမဟာဘွဲ့(ဒုတိယနှစ်) သင်တန်းသားများ မြဝတီကုန်သွယ်ရေးဇုန်သို့ လာရောက်လေ့လာ

စစ်ကိုင်းတိုင်း မုံရွာစီးပွားရေးတက္ကသိုလ်၊ စီးပွားရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့(ဒုတိယနှစ်) သင်တန်းသားများဖြစ်သည့် မောင်ထက်သျှံ၊ မောင်သက်နိုင်အေး၊မောင်ဝင်းမင်းသန့်၊ မောင်ခန့်ဖြိုးဝေနှင့်မောင်ခန့်မြတ်ကောင်းတို့သည် ဇူလိုင် ၁၅ရက်တွင် မြဝတီကုန်သွယ်ရေးဇုန်သို့ သုတေသနစာတမ်းပြုစုရန်အတွက် လေ့လာရေးရောက်ရှိလာခဲ့ရာ မြဝတီကုန်သွယ်ရေးဇုန် တာဝန်ခံ ညွှန်ကြားရေးမှူး ဦးသောင်းနိုင်က မြန်မာနိုင်ငံ၏ ကုန်သွယ်မှုဆိုင်ရာစာချုပ်များ၊ မြဝတီနယ်စပ်(မြန်မာ-ထိုင်း)နှစ်နိုင်ငံကုန်သွယ်မှုအခြေအနေများအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များအနေဖြင့် သိရှိလိုသည်များ မေးမြန်းခဲ့မှုအပေါ် မြဝတီကုန်သွယ်ရေးဇုန် တာဝန်ခံ ညွှန်ကြားရေးမှူးက ရှင်းလင်းဖြေကြားခဲ့သည်။ ဆက်လက်၍ လေ့လာရေးအဖွဲ့ဝင်များသည် မြဝတီကုန်သွယ်ရေးဇုန်အတွင်း ပို့ကုန်/သွင်းကုန်လုပ်ငန်းဆောင်ရွက်နေမှု၊ ကုန်ပစ္စည်းများစစ်ဆေးနေမှုအခြေအနေများကို လှည့်လည်လေ့လာကြည့်ရှုခဲ့ကြသည်။

**မြတ်သူရ(မြဝတီကုန်သွယ်ရေးဇုန်)**

# အိတ်ဖွင့် တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနပိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက်မှ မြေ(၁၁၀'၁၀၀')အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် သုံးနှစ်သက်တမ်း တစ်နှစ်တစ်ကြိမ် စာချုပ်ဖြင့်လည်းကောင်း၊ ရွှေဘိုမြို့နယ်မှ အောက်ဖော်ပြပါ သိုလှောင်ရုံခြောက်လုံးအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် သုံးနှစ်သက်တမ်း တစ်နှစ်တစ်ကြိမ်စာချုပ်ဖြင့်လည်းကောင်း ငှားရမ်းသွားမည်ဖြစ်ပါသည်။

| | | | |
|---|---|---|---|
| Lot(1) | (၁)က-၁၉ | (သွပ်၊ ကပ်၊ ပျဉ်) | (၈၀' ၄၀'၁၂') |
| Lot(2) | (၂)က-၂၀ | (သွပ်၊ ကပ်၊ ပျဉ်) | (၈၀'၄၀'၁၂') |
| Lot(3) | (၃)က-၂၁ | (သွပ်၊ ကပ်၊ ပျဉ်) | (၈၀' ၄၀'၁၂') |
| Lot(4) | (၄)က-၂၂ | (သွပ်၊ ကပ်၊ ပျဉ်) | (၈၀' ၄၀'၁၂') |
| Lot(5) | (၅)က-၂၃ | (သွပ်၊ ကပ်၊ ပျဉ်) | (၈၀' ၄၀'၁၂') |
| Lot(6) | (၆)က-၂၄ | (သွပ်၊ ကပ်၊ ပျဉ်) | (၈၀' ၄၀'၁၂') |

၂။ အဆိုပါသိုလှောင်ရုံများနှင့် မြေအား ဇူလိုင် ၂၅ ရက်နောက်ဆုံးထား၍ အဆိုပြုလွှာလွှာဝယ်ယူရမည်ဖြစ်ပါသည်။ အဆိုပြုလွှာနှင့်အတူ မိမိဌာနမှငွေစာရင်း Account ဖွင့်လှစ်ထားသော မြန်မာ့စီးပွားရေးဘဏ်များတွင် Deposit ပေးသွင်းထားသော P.O Cheque ပူးတွဲတင်ပြရပါမည်။ တင်ဒါယှဉ်ပြိုင်ရမည့်နေ့ကို ထပ်မံအကြောင်းကြားမည်ဖြစ်ပါသည်။

၃။ စိတ်ဝင်စားသူများသည် သတ်မှတ်ရက်အတွင်း အဆိုပြုလျှောက်လွှာ ဝယ်ယူနိုင်ပြီး ၎င်းရက်ထက်ကျော်လွန်ပါက လျှောက်လွှာများကို ရောင်းချမည်မဟုတ်ကြောင်း ကြော်ငြာအပ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၇၁-၂၁၀၂၀၊ ၀၇၁-၂၁၁၅၉ နှင့် စားသုံးသူရေးရာဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး၊ မုံရွာမြို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တိုင်းဒေသကြီးဦးစီးမှူး၊ စစ်ကိုင်းတိုင်းဒေသကြီး**
**မုံရွာမြို့၊ စားသုံးသူရေးရာဦးစီးဌာန**

## မြန်မာ့ဆိပ်ကမ်းတွင် ၁၄.၇.၂၀၁၉ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆိပ်ကမ်း(၁) | -UNI AMPLE | TEU ၆၁၅ တင်ဆဲ |
| ထီးတန်းဆိပ်ကမ်း(၂) | -IAL-001 | TEU ၄၄၀ တင် ၄၆၅ ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း(၁) | -CAPE FLORES | TEU ၅၂၂ တင်ဆဲ |
| စက်မှုဆိပ်ကမ်း(၃) | -TOVE MAERSK | TEU ၆၁၆ တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၇) | -THAI BINH-688 | Urea(In Bulk) ၁၂၀၀၀ ချဆဲ |
| သီလဝါဆိပ်ကမ်း(၁) | -KOTA HARTA | TEU ၈၃ တင် ၁၄၀ ချဆဲ |
| သီလဝါဆိပ်ကမ်း(၄) | -HAI PHUONG SUN | Wire Rod Steel ၃၁၀၀ ချဆဲ |
| သီလဝါဆိပ်ကမ်း(၅) | -SEVEN SEA MARINER | PAX 651 Nos |
| WILMAR JETTY | -BANOS-A | Coal(In Bulk) ၃၀၈၀၀ ချဆဲ |
| ELITE JETTY | -MT YU DONG | Mogas (92Ron) ၁၇၀၄၇ ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ


| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| SERENE JESSICA | ဆန် ၁၁၀၀၀ ကုန်တင်ရန် | - | ၁၄.၂.၂၀၁၉ |
| GLOBAL CARRIER | G/C 86 ကုန်ချရန် | RUSSIA | ၁၅.၂၀.၂၀၁၉ |
| SHENG CHENG HAI | Steel Product ၂၆၀၀၀ ကုန်ချရန် | CHINA | ၁၇.၂၀.၂၀၁၉ |
| LEF KONIKO | Steel ၁၄၃၆၀ ကုန်ချရန် | CHINA | ၁၈.၂.၂၀၁၉ |
| WORLD ODYSSEY | Nos Cruise Vessel PAX ၆၉၈ | VIETNAM | ၁၈.၂.၂၀၁၉ |
| VIKING SEA | Unite Vehicle(RO RO ) ၁၀၇ကုန်ချရန် | JAPAN | ၁၉.၂.၂၀၁၉ |
| ELHANA YA | Coal (In Bulk)၃၀၈၀၀ ကုန်ချရန် | SINGAPORE | ၁၉.၂.၂၀၁၉ |
| BORKUN | 5Unit Contr&Steel Bars ၄၇၅၀ ကုန်ချရန် | UAE | ၂၀.၂.၂၀၁၉ |
| JY PROGRESS | Steel ၂၃၀၀၀ ကုန်ချရန် | CHINA | ၂၂.၂.၂၀၁၉ |
| BILLES BORG | Steel Plates&Pilot Boat ၁၆၁၉ ကုန်ချရန် | JAPAN | ၂၄.၂.၂၀၁၉ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| OCEAN PROBE | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၄.၂.၂၀၁၉ |
| NINOS | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၁၇.၂.၂၀၁၉ |
| PACAO | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၇.၂.၂၀၁၉ |
| XETHA BHUM | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၁၇.၂.၂၀၁၉ |
| AS FLONA | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၁၉.၂.၂၀၁၉ |
| MCC SHANG HAI | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၂၀.၂.၂၀၁၉ |
| SINAR BINTAN | SINGAPORE | အေးရှားဝေါလ်/အလုံဆိပ်ကမ်း | ၂၁.၂.၂၀၁၉ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.ORCA PACIFIC | DIESEL OIL | - | ၂၇.၆.၂၀၁၉ |
| MT.FLY GURNARD | Diesel | - | ၁၅.၂.၂၀၁၉ |
| MT.OCEAN GOBY | Diesel | SINGAPORE | ၁၆.၂.၂၀၁၉ |
| MT.OCEAN PORPOISE | Diesel | SINGAPORE | ၁၇.၂.၂၀၁၉ |
| MT.YU HAI | Diesel | SINGAPORE | ၁၈.၂.၂၀၁၉ |
| MT.OCEAN | PROGRESS MOGAS ( 92RON) | SINGAPORE | ၁၉.၂.၂၀၁၉ |
| MT.PHUBAI PATTRA-2 | Diesel | SINGAPORE | ၂၁.၂.၂၀၁၉ |
| MT.PROM ROSE | P.Oil(In Bulk) | INDONESIA | ၂၅.၂.၂၀၁၉ |



# ယခုတစ်ပတ် မန်ကျည်း ၇၈တန်သာတင်ပို့နိုင်

ဇူလိုင် ၇ ရက်မှ ၁၃ ရက် သီတင်းပတ်အတွင်း မန်ကျည်း ၇၈ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှတင်ပို့ခဲ့သည်။ ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၇၅တန်နှင့်ကိုရီးယားနိုင်ငံသို့ သုံးတန်တင်ပို့ခဲ့သည်။ ယခင်သီတင်းပတ်က မန်ကျည်း ၂၄၆ ဒသမ ၃၄ တန်တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် ၁၆၈ ဒသမ ၃၄ တန် တင်ပို့မှုလျော့နည်းခဲ့ကြောင်းသိရသည်။ မန်ကျည်းတစ်တန်ကို ပျမ်းမျှအမေရိကန်ဒေါ်လာ ၁၅၈ဒေါ်လာဝန်းကျင် ရရှိခဲ့ကြောင်းသိရသည်။ မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၂၃၇၅ ဒေါ်လာ ဝင်ငွေရရှိခဲ့သည်။ **သီတာဝင်း(DOT)**

## ကြက်သွန်

# ရေနံချောင်း ကြက်သွန်နီ လက်လီဈေးကွက်၌ ဈေးမြင့်နေ

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်ထွက် ကြက်သွန်နီများမှာ ဈေးမြင့်တက်နေကြောင်း ကြက်သွန်ဈေးကွက်မှ ရောင်းဝယ်သူများနှင့်စားသုံးသူများ ထံမှသိရသည်။ ပြီးခဲ့သည့်တစ်ပတ်က ကြက်သွန်နီကြီးတစ်ပိဿာလျှင် ကျပ် ၈၀၀၊ ကြက်သွန်နီလတ်တစ်ပိဿာလျှင်ကျပ် ၇၀၀၊ အသေးတစ်ပိဿာလျှင်ကျပ် ၆၅၀ ရောင်းချရပြီး ယခုတစ်ပတ်တွင်ကြက်သွန်နီကြီး တစ်ပိဿာလျှင်ကျပ် ၁၀၀၀၊ ကြက်သွန်အလတ်တစ်ပိဿာလျှင်ကျပ် ၇၀၀၊ အခွံချွတ်တစ်ပိဿာလျှင်ကျပ် ၆၀၀ ဈေး ရောင်းနေကြရသည်။

ဈေးကွက်တွင်လက်ကျန်နည်းလာသည့်အပြင် ဝါတွင်းကာလအတွက် ကြိုဝယ်ပြီး သိမ်းထားကြခြင်း၊ နယ်ဝယ်လိုအားများခြင်းကြောင့် ဈေးတက်ခြင်းဖြစ်ကြောင်း ကြက်သွန်ဈေးကွက်မှသိရသည်။

**ရွှေဇင်(ရေနံချောင်း)**

# ပြည်ဈေးကွက်အတွင်း ကြက်သွန်နီများ ဈေးကောင်းရ

ပြည်ကြက်သွန်နီဈေးကွက်သို့ ဝင်ရောက်လာသော ကြက်သွန်နီများအနေဖြင့် အရည်အသွေးကောင်းသော ဆိပ်ဖြူကြက်သွန်နီအစများမှာ ပခုက္ကူ တောင်တွင်း၊ အောင်လံစတဲ့ နယ်ဘက်မှ ကြက်သွန်နီအစများထက် တစ်ပိဿာလျှင် ကျပ် ၂၀၀ ခန့်ဈေးပိုရရှိနေကြောင်း သိရသည်။ ပြည်ဈေးကွက်အတွင်းသို့ ယခုတစ်ပတ်တွင် ပိဿာ ၃၀ ဝင်အိတ် ၄၀၀ ခန့် ဝင်ရောက်မှုရှိကြောင်းသိရပြီး အရည်အသွေးပေါ် မူတည်၍ ဈေးနှုန်းအမျိုးမျိုးဖြင့် ဝယ်ယူတင်သွင်းရောင်းဝယ်နေရကြောင်းသိရသည်။

အရောင်းအဝယ်အနေဖြင့် နယ်အိတ်ဆွဲဝယ်ရောင်းသမားများနှင့် ဧရာဝတီ၊ ရခိုင်တို့ဘက်မှအထားခံ သိုလှောင်၍ရသည့် ဆိပ်ဖြူကြက်သွန်နီများကိုအဆွဲများပြီး စားသုံးသူပြည်သူများနှင့် ဒေသတွင်း ဝယ်လက်သမားများအနေဖြင့် ဈေးနှုန်းချိုသာသည့် ပခုက္ကူ တောင်တွင်း၊ အောင်လံအစများကို ပိုမိုဝယ်ယူမှုရှိကြောင်းသိရသည်။ ဈေးနှုန်းများအနေဖြင့် ဆိပ်ဖြူစမှာ လက်လီ/လက်ကား တစ်ပိဿာကိုကျပ် ၁၀၅၀-၁၁၀၀/၁၂၀၀-၁၃၀၀ နှုန်းရှိပြီး ကျန်အစများမှာ



လက်ကား တစ်ပိဿာကို (ကြီး/လက်/သေး)ကျပ် (၉၀၀/၈၅၀/၈၀၀-၇၅၀) နှင့်လက်လီဈေးအသေးများတွင်(ကြီး/လက်/သေး)ကျပ် (၁၀၀၀/၉၅၀ /၉၀၀)နှုန်းတို့ဖြင့် ရောင်းဝယ်လျက်ရှိကြသည်။

**ဝင်းလဲ့ဝါ(ပြည်)**

# ဝါဝင်အပြီး ပြည်ဈေးကွက်၌ ကြက်သွန်ဖြူ ဈေးအနည်းငယ်ကျ

ပြည်ပွဲရုံများသို့ ယခုတစ်ပတ်ကြက်သွန်ဖြူအိတ်များ အဝင်ရှိလာပြီး အရည်အသွေးလည်း သင့်တင့်ကာ ဈေးအနည်းငယ်စကျလာသည်ကို တွေ့ရသည်။ ယခုတစ်ပတ်ကြက်သွန်ဖြူဈေးသည် ရှမ်းစ(ပွဲရုံ)ဈေး ကျပ် ၂၃၀၀/ ၂၅၀၀ နှင့် (ကြူဂုတ်ဂွ) ကျပ် ၃၇၀၀ / ၃၉၀၀ တို့ဖြင့် ယခင်တစ်ပတ်ကထက်တစ်ပိဿာပေါ်တွင်ကျပ် ၂၀၀ မှ ၃၀၀ ထိ ဈေးကျလာသည်။

မြို့တွင်းဈေး များတွင် (လက်လီ)ဈေးရှမ်းစ ကျပ် ၂၈၀၀ မှ ၃၀၀၀ ဈေးနှင့် (ကြူဂွ)များကိုတော့ ကျပ် ၄၀၀၀ မှ ၄၂၀၀ဈေးတို့ဖြင့်ရောင်းချလျက်ရှိသည်။ လက်လီဈေးကွက်များသို့ ယခုလိုကြက်သွန်ဖြူဈေးကောင်းချိန်တွင်တိုင်းအတွင်း အုတ်ဖိုမြို့နယ်မှ ဝင်ရောက်လာသော ဥတစ်လုံး ကြက်သွန်ဖြူ (လုံးသန့်ချော)များ ဝင်ရောက်နေပြီး လက်လီတစ်ပိဿာ ကျပ် ၄၀၀၀ ဈေးဖြင့် အရောင်းသွက်နေသည်။

**နီနီဝင်း(ပြည်)**

# ပခုက္ကူနှင့် ဆိပ်ဖြူကုန်စည်ဒိုင်များ၌ ကြက်သွန်နီဈေးငြိမ်နေ

ယခုတစ်ပတ်တွင် ပခုက္ကူနှင့် ဆိပ်ဖြူကြက်သွန်နီဈေးမှာ တစ်ပိဿာလျှင် ကျပ် ၇၂၀ ဖြင့် ဈေးငြိမ်နေပြီး ကြက်သွန်နီအဝင်လည်းနည်းနေသည်။ ပခုက္ကူကြက်သွန်နီကုန်ဝယ်ဒိုင်၏ ယခုတစ်ပတ် ကြက်သွန်နီဈေးနှုန်းမှာ ထိပ်စတစ်ပိဿာလျှင် ကျပ် ၇၂၀၊ အလတ်စတစ်ပိဿာလျှင် ကျပ် ၆၀၀၊ အနိမ့်စတစ်ပိဿာလျှင် ကျပ် ၄၅၀-၅၀၀ ဖြင့် ကုန်ချိန် ၁၇၀၀၀ မှ ၂၀၀၀၀ ကြားတွင် အရောင်းအဝယ်ဖြစ်နေသည်။ ဆိပ်ဖြူကုန်စည်ဒိုင်၏ ကြက်သွန်နီဈေးမှာ ထိပ်စတစ်ပိဿာလျှင် ကျပ် ၇၂၀၊ အလတ်စတစ်ပိဿာလျှင် ကျပ် ၆၁၀ ၊အနိမ့်စတစ် ပိဿာလျှင် ကျပ် ၅၀၀ ဈေးဖြင့်ကုန်ချိန် ၂၀၀၀၀ ခန့်နေ့စဉ် အရောင်းအဝယ်ဖြစ်နေသည်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## ငရုတ်

# ငရုတ်ဈေးကွက် ဆက်လက်ကျဆင်းလျက်ရှိနေ

မန္တလေးဈေးကွက်တွင် ငရုတ်သီးကိုတရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ဝယ်လက်တစ်ဦးစနှစ်ဦးစ ပဲအဝယ်ရှိပြီး ငရုတ်ဈေးများ ဆက်လက်ကျဆင်းနေကြောင်း သိရသည်။

ယခင်တစ်ပတ်က ငရုတ်သီးခြောက်တစ်ပိဿာလျှင် လက်ကားဈေး ကျပ် ၄၅၀၀-၅၀၀၀၊ ငရုတ်အစိုတစ်ပိဿာလျှင်ကျပ် ၁၄၀၀-၁၅၀၀ ခန့်ရှိပြီး ယခုတစ်ပတ်တွင် ငရုတ်သီးခြောက် တစ်ပိဿာလျှင် လက်ကားဈေး ကျပ် ၄၄၀၀-၄၅၀၀၊ ငရုတ်အစိုတစ်ပိဿာလျှင် ကျပ် ၁၀၀၀-၁၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း မန္တလေးအောင်မင်္ဂလာစုပွဲရုံမှ သိရသည်။

မန္တလေး- မူဆယ်လမ်းကြောင်းမှ တရုတ်နိုင်ငံသို့ ၁၆ မိုင် ဂိတ်ဖြတ်စာရင်းအရ ငရုတ်ခြောက်တင်ပို့မှု အားယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၂၀၁၈ခုနှစ် ဇွန်လတွင် ၈၄၄ တန်တင်ပို့ခဲ့ပြီး ၂၀၁၉ ခုနှစ် ဇွန်လ၌ ၃၂၉ ဒသမ ၂၅ တန်တင်ပို့မှုရှိနေ၍ တင်ပို့မှုမှာ ၅၁၄ ဒသမ ၇၅ တန်လျော့၍ တင်ပို့ခဲ့ကြောင်းသိရသည်။

**ချောစုဝင်း(ရတနာပုံကုန်သွယ်မှုဗဟိုဌာန)**

## နနွင်း

# နနွင်းတင်ပို့မှုလျော့

ဇူလိုင် ၇ ရက်မှ ၁၃ ရက် သီတင်းပတ်အတွင်း နနွင်း ၂၄၆ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် အိန္ဒိယနိုင်ငံသို့ ၇၅ တန်၊ မလေးရှားနိုင်ငံသို့ ၃၁ တန်၊ စင်ကာပူနိုင်ငံသို့ ၅၆ တန်၊ တူရကီနိုင်ငံသို့ ၂၈တန်နှင့် ဗီယက်နမ်နိုင်ငံသို့ ၅၆ တန် အသီးသီးတင်ပို့ခဲ့ကြောင်းသိရသည်။

ယခုတစ်ပတ် အိန္ဒိယနိုင်ငံသို့ အများဆုံးတင်ပို့ခဲ့သည်။ နနွင်းတစ်တန်ကို ပျမ်းမျှအမေရိကန် ဒေါ်လာ ၆၂၄ဒေါ်လာဝန်းကျင်ရရှိခဲ့ကြောင်းသိရသည်။ယခင်သီတင်းပတ်က နနွင်း ၃၀၆တန် တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်လျှင် တန်ချိန် ၆၀တင်ပို့မှုလျော့နည်းခဲ့ကြောင်းသိရသည်။ ယခုတစ်ပတ် နနွင်းတင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၁၅၃၇၂၅ ဒေါ်လာဝင်ငွေရရှိခဲ့ကြောင်း သိရသည်။

**သီတာဝင်း(DOT)**

## မန်ကျည်း

# ပြည်မန်ကျည်းမှည့် နယ်အဝယ်လိုက်လာ

ယခုတစ်ပတ် ပြည် (ပွဲရုံများ)တွင်မန်ကျည်းမှည့် နယ်အဝယ်လိုက်လာကြောင်း သိရသည်။ မန်ကျည်းမှည့်ပွဲရုံများတွင် မန်ကျည်းရောင်းဝယ်မှုသည် တစ်ပတ်ခြားပိုအရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။ ရန်ကုန်နှင့်ရခိုင်ဘက်သို့အဓိက တင်ပို့နေရပြီး မိုးရာသီတွင်ဒေသတွင်း သုံးစွဲမှုနည်းကာ အချဉ်ဓာတ်ပါသောအသီးအနှံများ ပေါ်တာကြောင့် အရောင်းအဝယ်အေးခြင်းဖြစ်ကြောင်းလည်းသိရသည်။ ယခုတစ်ပတ်မန်ကျည်းမှည့် (ပွဲရုံ) ပေါက်ဈေးတစ်ပိဿာကျပ် ၁၉၅၀ ဖြစ်ပြီး ဒေသတွင်း လက်လီဈေးကျပ် ၂၄၀၀ ရောင်းချလျက်ရှိသည်။

**နီနီဝင်း(ပြည်)**

## ချင်း

# ပြည် (ပွဲရုံများ)တွင် လက်ကျန်ချင်းသာ အရောင်းအဝယ်ဖြစ်

ပြည် (ပွဲရုံများ)တွင် ချင်းဥမပေါ်ခင်စပ်ကြား လက်ကျန်ချင်းတက်များကိုသာ ဆက်လက်ရောင်းဝယ်နေကြောင်း တွေ့ရသည်။ ချင်းများမှာ အထားမခံတော့ဘဲ မိုးဆက်လက်ရွာသွန်းပါက ရာသီဥတုဒဏ်ကြောင့်ချင်းများပုပ်ခြင်း၊ အတက်သေး၍ လှီခြင်းတို့ကြောင့် ဒေသတွင်းသာရောင်းဝယ်ရကြောင်းသိရသည်။

ယခုတစ်ပတ် ချင်းဈေးတစ်ပိဿာ (ပွဲရုံဈေး) ကျပ် ၂၄၀၀၊ ကျပ် ၂၅၀၀ ဈေးတို့ဖြစ်ပြီး ဒေသတွင်းလက်လီဈေးများတွင်ကျပ် ၃၂၀၀ ဖြင့်ရောင်းချလျက်ရှိသည်။ ဓားလှီးချင်းများကို ရန်ကုန်မှ တစ်ဆင့်ဝယ်ယူပြီး တစ်ပိဿာလျှင် ကျပ် ၄၀၀၀ ဈေးဖြင့်ရောင်းချသည်။

**နီနီဝင်း(ပြည်)**

# ယခုတစ်ပတ် ချင်းတန်ချိန် ၄၀၀ကျော် တင်ပို့

ဇူလိုင် ၇ ရက်မှ ၁၃ ရက်သီတင်းပတ်အတွင်း ချင်း ၄၅၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှတင်ပို့ခဲ့သည်။ ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၄၂၈ တန်နှင့် စင်ကာပူနိုင်ငံသို့ ၂၇ တန်တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ်သို့ အများဆုံးတင်ပို့ခဲ့သည်။ ချင်းတစ်တန်ကို ပျမ်းမျှ အမေရိကန်ဒေါ်လာ ၂၁၅ ဝန်းကျင် ရရှိခဲ့ကြောင်းသိရသည်။ယခင်သီတင်းပတ်က ချင်း၃၉ တန်တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်လျှင် ၄၁၆ တန် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်းသိရသည်။ ယခုတစ်ပတ် ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၉၇၈၈၅ ဒေါ်လာဝင်ငွေရရှိခဲ့ကြောင်းသိရသည်။

**သီတာဝင်း(DOT)**









# ကဏန်းပျော့နှင့် နှမ်းနက် ပြည်ပဈေးကွက် ပိုမိုရရှိအောင် ကြိုးပမ်းရမည်

[စိန်သံ]

အဘက်ဘက်က ယိုယွင်းကျဆင်းနေခဲ့ရသည့် မြန်မာ့စီးပွားရေးသည် လက်ရှိ အင်န်အယ်လ်ဒီအစိုးရလက်ထက်တွင် အမြန်ဆုံးပြန်လည်ဦးမော့လာနိုင်စေရန်အတွက် ရေတို၊ ရေရှည်စီမံကိန်းများရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်လာခဲ့သည်။ ထိုသို့ အစိုးရသစ်၏ စီးပွားရေးကဏ္ဍနှင့်ပတ်သက်၍ ကြိုးပမ်း ဆောင်ရွက်လာမှုများမှာ အလုံးစုံ အောင်မြင်မှု ရရှိသည်ဟု မဆိုသာနိုင်သော်လည်း ယခင်ကာလများကထက်စာလျှင် အတော်အသင့် တိုးတက်လာသည်ဟုဆိုရမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံပေါင်းများစွာဖြင့် ကုန်သွယ်မှုပြုလုပ်နေသော်လည်း မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံများမှာ လက်ချိုးရေတွက်၍ပင် ရနိုင်သည်။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ နိုင်ငံများတွင် ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်းအများဆုံး တင်ပို့ရောင်းချနေသည့် နိုင်ငံများထဲတွင် တစ်နိုင်ငံအပါအဝင်ဖြစ်သည်။ ထိုသို့ ပြည်ပနိုင်ငံများသို့ ကုန်ပစ္စည်းများ တင်ပို့နေရာတွင် မြန်မာနိုင်ငံသည် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့အပြင် အာရှဒေသတွင်း နိုင်ငံများနှင့် ဥရောပ၊ အာဖရိကနိုင်ငံများသို့လည်း မြန်မာ့ထွက်ကုန်များ တင်ပို့နေမှုများ ရှိနေသည်။ လက်ရှိအစိုးရအနေဖြင့်လည်း မြန်မာ့ထွက်ကုန်များကို ပြည်ပနိုင်ငံများသို့ ပိုမိုတင်ပို့နိုင်ရန် အစွမ်းကုန် ကြိုးပမ်းလျက်ရှိနေသည်။

ထို့ကြောင့် ၂၀၁၈ ခုနှစ်အတွင်းက လှုပ်လှုပ်ခတ်ခတ်ဖြစ်ခဲ့သော မြန်မာ့စီးပွားရေးမှာ ယခုအချိန်တွင် တဖြည်းဖြည်းနှင့် ပြန်လည်တည်ငြိမ်မှုများ ရရှိလာပြီး တိုးတက်မှုအတွက် အရှိန်ရလာကြောင်း ၂၀၁၉ ခုနှစ် ဇွန် ၁၈ ရက်တွင် ထုတ်ပြန်သည့် ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာသစ်အရ သိရသည်။ ယင်းအစီရင်ခံစာကို ဇွန် ၁၈ ရက်က ရန်ကုန်မြို့ရှိ ဆူးလေရှန်ဂရီလာဟိုတယ်၌ ပြုလုပ်သည့် Myanmar Ecnomic Monitor: Building Reform Momentum အခမ်းအနားတွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ထုတ်ကုန်ကဏ္ဍ တိုးမြှင့်ရေးနှင့် အရည်အသွေးမြင့်မားရေးတို့အတွက် အားလုံး ဝိုင်းဝန်းကြိုးပမ်းနေကြသလို ပို့ကုန်များ အဆင်ပြေချောမွေ့စွာ တင်ပို့နိုင်ရေးကလည်း များစွာအရေးကြီးပါသည်။ မြန်မာနိုင်ငံအနေဖြင့် လယ်ယာထွက်ကုန်များကို အဓိကထား တင်ပို့နေသော်လည်း ယခုနောက်ပိုင်းကာလများတွင် ရေထွက်ကုန်ပစ္စည်းများကိုလည်း ပိုမိုတိုးတက်တင်ပို့နိုင်ရေးကို အလေးထားလာသည်ကို တွေ့ရသည်။

လက်ရှိအချိန်တွင် မြန်မာ့နှမ်းနက်နှင့် မြန်မာ့ရေထွက်ကုန် ကဏန်းတို့ကို တောင်ကိုရီးယားနိုင်ငံသို့ ကျယ်ကျယ်ပြန့်ပြန့် တင်ပို့မှုများရှိလာသည်။ မြန်မာနိုင်ငံအနေဖြင့် တောင်ကိုရီးယားနိုင်ငံသို့ နှမ်းနက်နှင့် ကဏန်းတို့ကို အဓိက တင်ပို့နေသော်လည်း မြန်မာ့ပို့ကုန်ဆန်နှင့် သရက်သီးတို့ကိုလည်း တောင်ကိုရီးယားနိုင်ငံသို့ တင်ပို့နိုင်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် Korea Myanmar Research Association (KOMYRA) တို့ ဆွေးနွေးနေကြောင်း UMFCCI အသင်းချုပ်မှ သိရသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ ၁၂-၇-၂၀၁၉ ရက်အထိ ပြည်ပပို့ကုန် ကဏန်းတင်ပို့မှုအခြေအနေအား အောက်ပါ ဇယားဖြင့် ဖော်ပြအပ်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန ဘဏ္ဍာနှစ်အလိုက် ကဏန်းတင်ပို့မှု(ပင်လယ်ရေကြောင်း+နယ်စပ်)**

တန်ဖိုး - အမေရိကန်ဒေါ်လာသန်း

| စဉ် | ဘဏ္ဍာနှစ် | ရေတွက်ပုံ | ပင်လယ်ရေကြောင်း | | နယ်စပ် | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|---|
| | | | အရေအတွက် | တန်ဖိုး | အရေအတွက် | တန်ဖိုး | အရေအတွက် | တန်ဖိုး |
| ၁ | ၂၀၁၅-၂၀၁၆ | TNE | ၂၉၃၂.၃၀၇ | ၁၃.၉၈၂ | ၁၄၃၅၅.၀၇၇ | ၄၄.၂၇၁ | ၁၇၂၈၇.၃၈၄ | ၅၈.၂၅၃ |
| ၂ | ၂၀၁၆-၂၀၁၇ | TNE | ၂၃၅၇.၀၀၆ | ၁၆.၅၇၃ | ၁၆၄၉၁.၇၄၉ | ၅၁.၉၉၈ | ၁၈၈၄၈.၇၅၅ | ၆၈.၅၇၁ |
| ၃ | ၂၀၁၇-၂၀၁၈ | TNE | ၂၉၆၃.၁၉၇ | ၂၃.၀၇၇ | ၁၆၅၉၃.၃၃၉ | ၅၁.၅၆၀ | ၁၉၅၅၆.၅၃၆ | ၇၄.၆၃၇ |
| ၄ | ၂၀၁၈ (စက်တင်ဘာလထိ) | TNE | ၁၉၈၉.၅၉၅ | ၁၅.၅၄၄ | ၇၈၈၅.၅၂၄ | ၂၂.၃၁၂ | ၉၈၇၅.၁၁၉ | ၃၇.၈၅၆ |
| ၅ | ၂၀၁၈-၂၀၁၉ (၁၂-၇-၂၀၁၉)ယာယီ | CT | ၇၁၂၅.၀၀၀ | ၃၀.၀၉၂ | | ၃၀.၁၂၄ | ၇၁၂၅.၀၀၀ | ၆၀.၂၁၆ |
| | | TNE | ၃၆၁၇.၂၃၃ | | ၉၈၃၀.၈၉၄ | | ၁၃၄၄၈.၁၂၇ | |

မြန်မာနိုင်ငံအနေဖြင့် တောင်ကိုရီးယားနိုင်ငံသို့ အခွံမာ ကဏန်းများကိုသာမကဘဲ ကဏန်းပျော့များကိုလည်း တင်ပို့လျက်ရှိနေသည်။ ထိုကဲ့သို့ တောင်ကိုရီးယားနိုင်ငံတွင် ရရှိနေသည့် ကဏန်းဈေးကွက်ကို ပျောက်ပျက်မသွားရေးအတွက် အရည်အသွေးသတ်မှတ်ချက်နှင့် ကိုက်ညီသည့် ကဏန်းများကို စဉ်ဆက်မပြတ် တင်ပို့နိုင် ရန် ကြိုးပမ်းရမည်ဖြစ်သလို ဈေးကွက်ချဲ့ထွင်နိုင်ရန်လည်း လုံးပန်းရမည်ဖြစ်သည်။ ၁၀၀ ဂရမ်အောက် ကဏန်းများ တောင်ကိုရီးယားအပါအဝင် တခြား ပြည်ပနိုင်ငံများသို့ တင်ပို့နေမှုများကြောင့် ပြည်တွင်း၌ ကုန်ကြမ်းများ ရှားပါးလာကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးဖြစ်သူ ဦးဝင်းကြိုင်က ဇူလိုင် ၉ ရက်တွင် ပြောကြားထားသည်။

ဦးဝင်းကြိုင်က ယခုနောက်ပိုင်းတွင် ကဏန်းပျော့ လုပ်ငန်းများအတွက် ကုန်ရှားလာကြောင်း၊ အခွံမာ ကဏန်းများကို ပြည်ပနိုင်ငံများသို့ တင်ပို့သည့်အခါတွင် ၁၀၀ ဂရမ် အရွယ်အစားရှိ ကဏန်းများကိုပါ တင်ပို့မှုများရှိလာခြင်းကြောင့် ကုန်ရှားလာကြောင်း၊ ငါးဦးစီးအနေနှင့် ယခင်ကလည်း ၁၀၀ ဂရမ်အောက်ဆိုလျှင် မဖမ်းရ၊ မရောင်းရ၊ ပြည်ပမတင်ပို့ရဟုဆိုပြီး သတ်မှတ်ထားသော်လည်း ၂၀၁၀ ပြည့်နှစ်တွင် လုပ်ငန်းများကို ဖွင့်ပေးလိုက်ရာ ဒရဟောထွက်ကုန်သည့်အတွက် ကဏန်းပျော့လုပ်ငန်းများမှာ ကုန်ကြမ်းများ ရှားလာရခြင်း ဖြစ်ကြောင်း ပြောခဲ့သည်။

ကဏန်းပျော့ လုပ်ငန်းမှာ လုပ်သားအင်အား အများအပြား အသုံးပြုရသည့်အတွက် အဆိုပါလုပ်ငန်းများ တွင်ကျယ်ဖွံ့ဖြိုးလာပါက အလုပ်အကိုင်အခွင့်အလမ်း များလည်း များပြားလာမည် ဖြစ်သည်။ ထို့အပြင် ပြည်ပဈေးကွက်တွင် အလားအလာကောင်းသည့် ထုတ်ကုန်ဖြစ်ခြင်းကြောင့် ပို့ကုန်ကဏ္ဍလည်း တိုးမြှင့်လာမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် မွေးမြူ ထုတ်လုပ်နေသည့် ကဏန်းများကို တောင်ကိုရီးယားနိုင်ငံအပြင် တခြား နိုင်ငံအနှံ့အပြားသို့ တင်ပို့နိုင်သည့်အတွက် ဈေးကောင်းရရှိနေပြီး ယခုနှစ်ပိုင်းအတွင်း အရောင်းအမြင့်ဆုံး ထုတ်ကုန်တစ်ခုဖြစ်လာသည်ဟုလည်း သိရပါသည်။ လက်ရှိအချိန်တွင် ပြည်ပ ပညာရှင်များနှင့် ဒေသခံတို့ပူးပေါင်း၍ ဧရာဝတီတိုင်းဒေသကြီးအတွင်း ကဏန်းအမာ သားဖောက်ခြင်းလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိပြီး အောင်မြင်ပါကတစ်ဆင့် ပြန်လည်မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်မည့်အပြင် ဒီရေတောများတွင်လည်း လွှတ်ပေးရန် ပြင်ဆင်ထားကြောင်းသိရသည်။ ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်တွင်လည်း ကဏန်းပျော့ မွေးမြူရေးလုပ်ငန်းများကို အပြိုင်အဆိုင် လုပ်ကိုင်လာကြပြီး ရန်ကုန်တိုင်းဒေသကြီးရှိ ကျောက်တန်းမြို့နယ်တွင်လည်း ကဏန်းပျော့မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသည်။ ကဏန်းမွေးမြူရေးလုပ်ငန်းများကို ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်နှင့် ရခိုင်ပြည်နယ်ရှိ ကျောက်ဖြူမြို့နှင့် သံတွဲမြို့တို့တွင် လုပ်ငန်းများ လုပ်ကိုင်လျက်ရှိ သည်။

ထိုသို့ လုပ်ကိုင်နေရာတွင် အရေအတွက်ထက် အရည်အသွေးကို အဓိကထားရမည်ဆိုသည်ကို ကောင်းကောင်းနားလည်ရန် လိုအပ်ပါသည်။ ထုတ်ကုန်များ အရည်အသွေးကောင်းမှသာ ပြည်ပဈေးကွက်ကို ရေရှည်ရရှိနိုင်မည်ဖြစ်သည်။

## နှမ်းနက်ဈေးကွက်

ထို့ပြင် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းတစ်မျိုးဖြစ်သည့် နှမ်းနက်မှာလည်း ပြည်ပဈေးကွက်တွင် နေရာတစ်နေရာ အခိုင်အမာ ရရှိလာခဲ့ပြီဖြစ်သည်။ နှမ်းနက်ကို တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံများသို့ အဓိကတင်ပို့နေသည်။ အရည်အသွေးကောင်းသည့် နှမ်းနက်စိုက်ပျိုးမှုကို မကွေး၊ မင်းဘူး၊ မင်းလှနှင့် နတ်မောက်မြို့နယ်များတွင် တွေ့ရမည်ဖြစ်သည်။ နှမ်းအရည်အသွေး စစ်ဆေးခြင်းကို ထိုင်းနိုင်ငံရှိ ဓာတ်ခွဲခန်းတွင်ပြုလုပ်ပြီး နှမ်းနက်၏ အရည်အသွေး အောင်မြင်မှုရရှိခြင်းကြောင့် တောင်ကိုရီးယားနိုင်ငံနှင့် ဂျပန်နိုင်ငံတို့က လက်ခံဝယ်ယူလာခဲ့ခြင်းဖြစ်သည်။

ယခင်က မြန်မာ့တောင်သူကြီးများသည် နှမ်းသီးနှံစိုက်ပျိုးရာတွင် နှမ်းကို ရိတ်သိမ်းပြီးနောက် နှမ်းအစည်းများကို မြေပြင်တွင် ထောင်ထားပြီး အခြောက်ခံသည့်စနစ်ကို အသုံးပြုကြသည်။ ထိုသို့ပြုလုပ်မှုမှာ အလေအလွင့်များသည်သာမကဘဲ

**စာမျက်နှာ ၁၆ သို့**

## ယခုတစ်ပတ် ဒီဇယ်ရောဓာတ်ဆီပါ အဝင်လျော့

ဇူလိုင် ၇ ရက်မှ ၁၃ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ၃၆၃၆၈၉၈၆ တန်ဖိုးရှိ ဒီဇယ် ၆၁၇၉၆ ဒသမ ၈၆ တန်နှင့် အမေရိကန်ဒေါ်လာ ၁၇၃၆၀၈၉၄ တန်ဖိုးရှိ ဓာတ်ဆီ ၃၃၄၀၄ ဒသမ ၆၄ တန်၊ စုစုပေါင်း ၉၅၂၀၁ ဒသမ ၅၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခင်သီတင်းပတ်က ဒီဇယ် တန်ချိန် ၆၄၀၄၀ ကျော်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့် နှိုင်းယှဉ်လျှင် တန်ချိန် ၂၂၄၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့ပြီး ယခင်သီတင်းပတ်က တင်သွင်းခဲ့သည့် ဓာတ်ဆီတန်ချိန် ၅၉၀၇၀ ကျော်နှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၂၅၆၆၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ယခုတစ်ပတ် ဒီဇယ်ရောဓာတ်ဆီပါ အဝင်လျော့ခဲ့သည်။

နယ်စပ်စခန်းဖြစ်သည့် တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၀၆၆၁၀ တန်ဖိုးရှိဓာတ်ဆီ ၄၀၇ ဒသမ ၉၁ တန်နှင့် အမေရိကန်ဒေါ်လာ ၂၀၂၂၆၄ တန်ဖိုးရှိ ဒီဇယ်၃၅၇ ဒသမ ၄၄ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

သီတာဝင်း(DOT)

## ကချင်ပြည်နယ်ထွက် နာနတ်သီးများ လှိုင်လှိုင်ပေါ်

ကချင်ပြည်နယ်တွင် နာနတ်သီးကို မြစ်ကြီးနားမြို့နယ်၊ မိုးညှင်းမြို့နယ်နှင့် ဗန်းမော်မြို့နယ်များတွင် အများဆုံးစိုက်ပျိုးကြသည်။ အလုံးလည်း သိပ်မကြီးဘဲ ရနံ့အလွန်မွှေးကာ အရသာအချိုစူးရှသည့် မြစ်ကြီးနားနယ်ထွက် နာနတ်သီးများကို မန်ခိန်ရပ်ကွက်နှင့် ရွှေစက်ရပ်ကွက်တို့တွင် အများဆုံး စိုက်ပျိုးလျက်ရှိသည်။ မိုးတွင်းကာလ ဇွန်လတတိယပတ်မှစ၍ နာနတ်သီးများဈေးကွက်အတွင်းသို့ စတင်ထွက်ပေါ်လာသည့်အချိန်တွင် နာနတ်သီးတစ်လုံးလျှင် ကျပ် ၁၀၀၀ မှ ၁၅၀၀ အထိ ပေါက်ဈေးရှိခဲ့သည်။စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့်လည်း အရွယ်အစားပေါ်မူတည်ကာ တစ်လုံးလျှင် ကျပ် ၆၀၀ မှ ၇၅၀ ဝန်းကျင်ရရှိပြီး ယခု နာနတ်သီးလှိုင်လှိုင်ပေါ်ချိန်တွင်တော့ တစ်လုံးလျှင် ကျပ် ၅၀၀ မှ ၈၀၀ ဝန်းကျင်သာပေါက်ဈေးရှိသည်။

ပြည်တွင်းဈေးကွက်အနေဖြင့် ပြည်နယ်တွင်း မြို့နယ်များနှင့် အခြားတိုင်းဒေသကြီးများဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးများသို့ ရထား၊ ကားများဖြင့် တင်ပို့ရောင်းချကြသည်။ ယခုနှစ်တွင် ပြည်ပဈေးကွက်အနေဖြင့် ကချင်ပြည်နယ်၏အမယ်သစ်ပို့ကုန်ဖြစ်သော နာနတ်သီးများကို လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တရုတ်နိုင်ငံဘက်သို့ တင်ပို့ရောင်းချလျက်ရှိသည်။ ဈေးနှုန်းအနေဖြင့် နာနတ်သီးစတင်ထွက်ပေါ်ချိန်တွင် နာနတ်သီးတစ်လုံးလျှင် တရုတ်ငွေ ၃ ယွမ် မှ ၃ ဒသမ ၅ ယွမ်၊ မြန်မာကျပ်ငွေအနေဖြင့် ၆၅၀ ကျပ်မှ ကျပ် ၇၅၀ ထိဈေးနှုန်းရရှိပြီး ယခု နာနတ်သီးလှိုင်လှိုင်ပေါ်ချိန်တွင် တရုတ်ငွေ ၂ ဒသမ ၅ ယွမ် မှ ၃ ယွမ်၊ မြန်မာကျပ်ငွေ အနေဖြင့် ၅၄၅ ကျပ်မှ ၆၅၄ ကျပ်ထိ ဈေးနှုန်းရရှိနေသည်။

ခွာညို(မနောမြေ)

## Energy NYMEX 18-7-2019

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 56.77 | -0.01 | -0.02 |
| Brent Crude Futr (USD/bbl) | 63.81 | 0.15 | 0.24 |
| Gasoline Rbob Fut (Cent/gal) | 188.13 | 0.26 | 0.14 |
| Natural Gas Futr (USD/MMBtu) | 2.31 | 0.01 | 0.39 |
| Heating Oil Futr (Cent/gal) | 190.04 | 0.78 | 0.41 |

## ပြည်တွင်းငွေလဲနှုန်း ဈေးငြိမ်ခဲ့

ပြည်တွင်းငွေလဲဈေးကွက်သည် ဇူလိုင်တတိယပတ်အတွင်း ဈေးနှုန်းအတက်အကျနည်းခဲ့ပြီး ဈေးငြိမ်ခဲ့ကြောင်း ပြည်တွင်းငွေလဲဈေးကွက်မှ စုံစမ်းသိရှိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ရည်ညွှန်းငွေလဲနှုန်းကို ဇူလိုင်လပထမပတ်က အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၁၀ကျပ်မှ ဇူလိုင်လဒုတိယပတ်တွင် ၁၅၁၃ ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။

ပြည်တွင်းဈေးကွက်၌ အမေရိကန်ဒေါ်လာမှာ ယခုရက်သတ္တပတ်တွင်လည်း အမေရိကန်ဒေါ်လာအရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း၊ ယခုရက်ပိုင်းအတွင်းမှာ မိုးဦးကာလလွန်မြောက်လာပြီဖြစ်သည့်အတွက် အရောင်းအဝယ်ဈေးကွက်အေးနေသည်မှာ ဖြစ်လေ့ရှိသည့် ပုံစံမျိုးသာဖြစ်ကြောင်း၊ နိုင်ငံတကာဈေးကွက်တွင်တော့ ကုန်သွယ်ရေးပဋိပက္ခပြီးဆုံးနိုင်မည့်အလားအလာမရှိသေးခြင်းကြောင့် အမေရိကန်ဒေါ်လာမှာ အနိမ့်တန်းမှာပင်ရှိနေဆဲဖြစ်ကြောင်း၊ ယခုရက်သတ္တပတ်အတွင်းမှာတော့ အမေရိကန်ဒေါ်လာမှာ ဈေးငြိမ်နေခဲ့ကြောင်း ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် ဇူလိုင်၁၅ရက်ကအမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၅၁၁ကျပ်၊ဝယ်ဈေး ၁၅၀၇ ကျပ်မှ ဇူလိုင်၁၇ရက်တွင် အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၅၁၄ကျပ်၊ဝယ်ဈေး ၁၅၁၁ကျပ်သို့ဈေးမြင့်ခဲ့သော်လည်း ဇူလိုင် ၁၈ရက်တွင် အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၅၁၂ကျပ်၊ ဝယ်ဈေး ၁၅၀၈ကျပ်ဖြင့် ဈေးအနည်းငယ်ကျခဲ့ကြောင်း သိရသည်။ **သန်းထိုက်အောင်**

## ပြည်တွင်းရွှေဈေး စံချိန်တင်မြင့်တက်ခဲ့သည့် ရက်သတ္တပတ်

ပြည်တွင်းရွှေဈေးနှင့် နိုင်ငံတကာရွှေဈေးတို့မှာ ယခုရက်သတ္တပတ်တွင် စံချိန်တင်ထပ်မံမြင့်တက်ခဲ့သည်။ ဇူလိုင်လဒုတိယပတ်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၁၃၁၀၀၀ရှိခဲ့ရာမှ ဇူလိုင်လတတိယပတ်အတွင်း ကျပ် ၁၁၄၀၀၀၀သို့ မြင့်တက်ခဲ့ခြင်းဖြစ်သည်။

"ရွှေဈေးက တောက်လျှောက်တက်လာတာ စံချိန်သစ်တင်သွားတယ်။နိုင်ငံတကာမှာလည်း ရွှေကအမြင့်တန်းဈေးနဲ့ပဲ ရှိသေးတော့ ပြည်တွင်းရွှေဈေးကပါ ထိုးတက်သွားတယ်။ ဘေးဥပါဒ်နည်းပြီး အမြတ်အစွန်းပိုရဖို့ စဉ်းစားတဲ့နေရာမှာ ရွှေက ပိုပြီးလုံခြုံမှုရှိတယ်လို့ ရင်းနှီးမြှုပ်နှံသူတွေကခံစားနေရတယ်လို့ အမေရိကန်သူဌေးကြီး ရေးဒယ်လီယိုကလည်း ထုတ်ပြောထားတယ်ဆိုတော့ ရွှေက ဒီလောက်ထိကို မျက်နှာပန်းလှနေတယ်။ ဈေးကွက်ထဲမှာပေ့ါလေ။ ကုန်သွယ်ရေးစစ်ပွဲကလည်း နှစ်ချီကြာလာသလို ပြေလည်မယ့်ပုံစံလည်းမတွေ့ရသေးတော့ ရွှေကအမြင့်တန်းမှာပဲရှိဦးမယ်လို့ မြင်တယ်"ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဇူလိုင် ၁၅ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၁၃၉၀၀၀ရှိခဲ့ရာမှ ဇူလိုင် ၁၇ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်၁၁၃၅၀၀၀ထိကျဆင်းခဲ့သော်လည်း ဇူလိုင် ၁၈ ရက်တွင် ကျပ် ၁၁၄၀၀၀၀ သို့ ပြန်လည်မြင့်တက်ခဲ့ကြောင်းသိရသည်။ ကမ္ဘာ့ရွှေဈေးကွက်မှာလည်း ဇူလိုင်၁၅ ရက်က ရွှေတစ်အောင်စလျှင်အမေရိကန်ဒေါ်လာ ၁၄၁၅ဒေါ်လာရှိခဲ့ရာမှ ဇူလိုင် ၁၇ရက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၄၀၁ဒေါ်လာသို့ပြန်ကျခဲ့သော်လည်း ဇူလိုင်၁၈ရက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၄၂၁ ဒေါ်လာဖြင့် ဈေးပိတ်ခဲ့သည်။ **သန်းထိုက်အောင်**

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 15-July | 15.24 | 2435.20 | 1803.09 | 5954.77 | 836.00 |
| 16-July | - | - | - | - | - |
| 17-July | 15.62 | 2463.63 | 1811.47 | 5981.88 | 808.00 |
| 18-July | 15.68 | 2493.39 | 1815.21 | 5965.13 | 826.00 |
| 19-July | - | - | - | - | - |

## Currency Exchange Rate

July 19, 2019

Base Currency is United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.42 |
| BDT Bangladesh Taka | 84.48 |
| CAD Canada Dollars | 1.31 |
| CNY China Yuan Renminbi | 6.87 |
| EUR Euro | 0.89 |
| H KDHong Kong Dollars | 7.81 |
| I NR India Rupees | 68.88 |
| I DR Indonesia Rupiahs | 13938.25 |
| JPY Japan Yen | 107.67 |
| MYR Malaysia | 4.11 |
| PKR Pakistan Rupees | 159.60 |
| PHP Philippines Pesos | 50.97 |
| RUB Russia Rubles | 62.87 |
| SGD Singapore Dollars | 1.36 |
| KRWSouth Korea Won | 1178.13 |
| LKR Sri Lanka Rupe | 175.74 |
| THB Thailand Baht | 30.85 |
| GBP United Kingdom Pounds | 0.80 |
| VND VietnamDon | 23244.84 |

*Source:xe.com*

## World Gold Price

July- 2019 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 15 | 1416 | 1415 | 1414 |
| 16 | - | - | - |
| 17 | 1408 | 1407 | 1407 |
| 18 | 1425 | 1425 | 1424 |
| 19 | - | - | - |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 15-7- 2019 | 1135.00 | 1135.00 |
| 16-7- 2019 | - | - |
| 17-7- 2019 | 1134.50 | 1135.00 |
| 18-7- 2019 | 1141.50 | 1141.50 |
| 19-7- 2019 | - | - |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇူလိုင်လ ၂၀၁၉ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 15 | 6.87 | 30.89 | 84.42 | 68.53 |
| 16 | 6.87 | 30.91 | 84.45 | 68.68 |
| 17 | 6.88 | 30.91 | 84.46 | 68.80 |
| 18 | 6.88 | 30.85 | 84.48 | 68.88 |
| 19 | - | - | - | - |

## Benefits of the Stock Investment ဟောပြောပွဲပြုလုပ်မည်

Myanmar Securities Exchange Centre ကုမ္ပဏီက စီစဉ်ကျင်းပသော Benefits of the Stock Investment ဟောပြောပွဲကို ဇူလိုင် ၂၇ ရက် နံနက် ၉နာရီတွင် ရန်ကုန်စတော့အိတ်ချိန်း ဆွေးနွေးပွဲခန်းမ၌ ပြုလုပ်မည်ဖြစ်ကြောင်းသိရသည်။ ယခုဟောပြောပွဲတွင် စတော့ရှယ်ယာရင်းနှီးမြှုပ်နှံမှုတွင် မိမိဝယ်ယူမည့် ကုမ္ပဏီကိုရွေးချယ်ရာတွင် သိထားရမည့် အချက်အလက်များ၊ အစုရှယ်ယာဈေးကွက်၏ အကျိုးအမြတ်များနှင့်ပတ်သက်၍ ဟောပြောမှုများပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ယခုဟောပြောပွဲသို့ တက်ရောက်သူများအနေဖြင့် ရင်ခုန်စိတ်လှုပ်ရှားဖွယ် Lucky Drawအစီအစဉ်တွင် ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ဟောပြောပွဲနှင့် ပတ်သတ်၍ ဖုန်း- ၀၁ -၃၇၆၈၂၂ လိုင်းခွဲ(၀)သို့ စုံစမ်းမေးမြန်းနိုင်ပြီး စာရင်းပေးသွင်းလိုပါက https://www.msec-myanmar.com / registration-form တွင် သွားရောက်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ရန်ကုန်စတော့အိတ်ချိန်းတွင် FMI, MTSH, MCB, FPB နှင့် TMH အစုရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်လျက်ရှိပြီး နိုင်ငံခြားသားများကိုလည်း အစုရှယ်ယာရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင် လုပ်ကိုင်ခွင့်ပြုထားသည်။

**သန်းထိုက်အောင်**

## ဘိလပ်မြေ

# ရေလမ်းရောနယ်စပ်လမ်းပါ ဘိလပ်မြေအဝင်လျော့

ဇူလိုင် ၇ ရက်မှ ၁၃ ရက်အထိ အမေရိကန်ဒေါ်လာ ၁၁၀၂၇၀ တန်ဖိုးရှိ ဘိလပ်မြေ ၅၂၅ ဒသမ ၁၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် ထိုင်းနိုင်ငံမှ ၆၁ ဒသမ ၅၀တန်၊ တရုတ်နိုင်ငံမှ ၄၄၈ တန်နှင့် မလေးရှားနိုင်ငံမှ ၂၅ ဒသမ ၆၀ တန် တင်သွင်းခဲ့ကြောင်း သိရသည်။ ယခင်သီတင်းပတ်က ဘိလပ်မြေတန်ချိန် ၅၈၀၀ ကျော်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၅၇၀၀ ကျော် တင်သွင်းမှု လျော့နည်းခဲ့ကြောင်းသိရသည်။

ဇူလိုင် ၆ ရက်မှ ၁၂ ရက်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၆၅၅၀ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ် က ဘိလပ်မြေအဝင်မှာ တန်ချိန် ၉၁၄၀ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်မှာတန်ချိန် ၂၅၉၀ ကျော်အဝင် လျော့ခဲ့သည်။ ထို့ကြောင့် ယခုတစ်ပတ်မှာရေလမ်းမှရောနယ်စပ်လမ်းမှပါ ဘိလပ်မြေအဝင် လျော့ခဲ့သည်။

# ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ

**တောင်ကြီးဘိလပ်မြေဈေးကွက်၌** အရောင်းအဝယ်ပါးကြောင်း သိရသည်။ ယခုတစ်ပတ် စိန်ဘိလပ်မြေက ကျပ် ၁၀၀၊ အပါချီက ကျပ် ၂၀၀၊ ကြံ့ဘိလပ်မြေက ကျပ် ၂၀၀ ဈေးကျလာပြီး ကျန်ဘိလပ်မြေများက ဈေးငြိမ်နေကြောင်း သိရသည်။

ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ စိန်(ထိုင်း) ကျပ် ၈၁၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၅၇၀၀၊ ကမ္ဘောဇ ကျပ် ၆၇၀၀၊ ဆင်(ထိုင်း) ကျပ် ၇၈၀၀၊ ကြံ့ကျပ် ၅၇၀၀၊ ကျားခေါင်း ကျပ် ၆၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရသည်။

**မကွေးဘိလပ်မြေဈေးကွက်၌** အရောင်းအဝယ်ပုံမှန်ဖြစ်ပြီး ဈေးငြိမ်ကြောင်း သိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အပါချီ ကျပ် ၅၉၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀၊ ကြံ့ကျပ် ၅၈၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ ဘလူးဒိုင်းမွန်းကျပ် ၄၃၀၀၊ အယ်လ်ဖာ ကျပ် ၆၂၀၀ နှင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

**မန္တလေးဘိလပ်မြေဈေးကွက်၌** ပုံမှန်အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။ ယခုတစ်ပတ် ခရောင်း(၅၂၅)နှင့်ခရောင်း(၄၂၅)တို့ အရောင်းအဝယ်ကောင်းကြောင်း သိရသည်။ အရောင်းအဝယ်ကောင်းသော်လည်း ဘိလပ်မြေဈေးများ အပြောင်းအလဲမရှိ ငြိမ်နေကြောင်း သိရသည်။

ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အေသုံးလုံး ကျပ် ၅၃၀၀၊ ကြံ့နှစ်ကောင် ကျပ် ၅၄၀၀၊ အယ်လ်ဖာ ကျပ် ၅၁၀၀၊ ခရောင်းကျပ် ၅၆၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**မော်လမြိုင်ဘိလပ်မြေဈေးကွက်၌** အရောင်းအဝယ် တော်တော်အေးနေကြောင်း သိရသည်။ ယခုတစ်ပတ် ဆင်မြန်မာက ကျပ် ၁၅၀၊ ကြံ့နှစ်ကောင်(နီ)က ကျပ် ၂၅၀ ဈေးကျလာပြီး ကျန်ဘိလပ်မြေများက ဈေးငြိမ်နေကြောင်း သိရသည်။

ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ကြံ့တစ်ကောင် (အပြာ) ကျပ် ၅၇၅၀၊ ဆင်မြန်မာ ကျပ် ၆၀၀၀၊ ကြံ့နှစ်ကောင်(နီ)ကျပ် ၅၇၅၀၊ ကြံ့နှစ်ကောင် (စိမ်း)ကျပ် ၆၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း စုံစမ်းသိရှိရသည်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

# ယခုတစ်ပတ် မြေဩဇာတန်ချိန် ၁၅၀၀၀နီးပါးဝင်

ဇူလိုင် ၇ ရက်မှ ၁၃ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ၃၉၀၈၄၇၂ တန်ဖိုးရှိ မြေဩဇာ ၁၄၈၃၈ ဒသမ ၄၀ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် တရုတ်နိုင်ငံမှ ၇၇၁၅ တန်၊ ဂျာမနီနိုင်ငံမှ ၂၆၇၀ ဒသမ ၈၄ တန်၊ ကိုရီးယားနိုင်ငံမှ ၄၆ ဒသမ ၀၈ တန်၊ လာအိုနိုင်ငံမှ တန်ချိန် ၁၀၀၀၊ မလေးရှားမှ တန်ချိန် ၁၁၀၊ ဆော်ဒီအာရေဗျနိုင်ငံ မှ ၃၀၄၉ ဒသမ ၉၈ တန် နှင့် ထိုင်းနိုင်ငံမှ ၂၄၆ ဒသမ ၅၀ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

တင်သွင်းခဲ့သောအမျိုးအစားများမှာ ဖလော်ရာ၊ အမိုးနီးယားဆာလဖိတ်၊ ကွန်ပေါင်း(၁၃း၅း၇)၊ ကွန်ပေါင်း(၁၅း၁၅း၁၅)၊ ကွန်ပေါင်း(၁၃း၁၀း၂၀)၊ ပိုတက်နှင့် ယူရီးယား၄၆%တို့ဖြစ်သည်။ ယခင်သီတင်းပတ်က မြေဩဇာတန်ချိန် ၁၀၉၈၀ ကျော်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၃၈၅၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်းသိရသည်။

# တောင်ကြီးမြေဩဇာဈေးကွက် အရောင်းအေး

ဇူလိုင် ၆ ရက်မှ ၁၂ ရက်အထိ နယ်စပ်လမ်းမှ မြေဩဇာအဝင်မှာ တန် ၁၇၁၂၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာတန်ချိန် ၁၈၃၆၀ ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်မှာတန်ချိန် ၁၂၄၄ ကျော်အဝင်လျော့ကြောင်းသိရသည်။ ပြည်တွင်းဈေးကွက်များဖြစ်သည့်တောင်ကြီး၊ မန္တလေးနှင့်မကွေးမှာ အရောင်းအဝယ်အေးပြီး မော်လမြိုင်မှာအရောင်းအဝယ်ပုံမှန်ရှိကြောင်းသိရ သည်။

**တောင်ကြီးဈေးကွက်၌** အရောင်းအဝယ်အေးကြောင်း သိရသည်။ ယခုတစ်ပတ် တီစူပါ(၁၀း၁၀း၅)က ကျပ် ၂၀၀ ဈေးလျော့ပြီး ပိုတက်က ကျပ် ၅၀၀၊ မြွားကမ္ဘာက ကျပ် ၁၀၀ ဈေးမြင့်ခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၈၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၃၀၀၀၀၊တီစူပါ၂၀% (တရုတ်) ကျပ် ၁၅၆၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၄၀၀၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၈၆၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၇၅၀၀၊ ပိုတက် (တရုတ်) ကျပ် ၃၀၀၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၉၀၀၀၊ မြွားကမ္ဘာကျပ် ၁၉၆၀၀၊ ရွက်ဖျန်းကျပ် ၃၀၀၀၊ ဆိုင်ကလုန်း ကျပ် ၃၀၀၀၊ ဆိုက်ပါကျပ် ၆၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရသည်။

**မော်လမြိုင်ဈေးကွက်၌** အရောင်းအဝယ်ပုံမှန်ရှိကြောင်းသိရသည်။ ယခုတစ်ပတ်မှာကွန်ပေါင်း(၄၆%)(စံပြ)က ကျပ်၇၀၀ဈေးမြင့်ပြီး ကျန်မြေဩဇာအားလုံး ဈေးငြိမ်နေကြောင်း စိုက်ပျိုးရေးအရောင်းဆိုင်က တာဝန်ရှိသူတစ်ဦးပြောကြားချက်အရသိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ပုလဲ-အကြီး (ထိုင်း) မြင်းပျံ ကျပ် ၂၉၀၀၀၊ ပုလဲ-မြန်မာ(အမ်ပီအီး) ကျပ် ၂၈၅၀၀၊ ပုလဲ-မြန်မာ (ရွှေတောင်-တရုတ်) ကျပ်၃၁၀၀၀၊ ကွန်ပေါင်း (အစိမ်း) (၁၅း၁၅း၁၅) ကျပ်၄၈၀၀၀၊ မြန်မာ့ဩဘာ(ရွှေကောမတ်) ကျပ် ၄၀၅၀၀၀၊ ကွန်ပေါင်း (၁၆း၁၆း၈) (မြင်းပျံ-ထိုင်း)ကျပ်၄၇၀၀၀၊ တီစူပါ ၄၆%(သံကွင်း-တရုတ်) ကျပ် ၂၇၀၀၀၊ ပိုတက် (မြန်မာ့ဩဘာ)ကျပ် ၃၅၀၀၀၊ တီစူပါ (၁၂း၁၃) (မြွားကမ္ဘာ) ကျပ်၁၃၅၀၀၊ ပိုတက်(အာမို) ကျပ် ၃၃၀၀၀၊ ကွန်ပေါင်း(၄၆%) (စံပြ) ကျပ် ၄၈၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

**မန္တလေးဈေးကွက်၌** မြေဩဇာအရောင်းအဝယ်ပါးနေကြောင်း သိရသည်။ အရောင်းအဝယ်ပါးနေသောကြောင့် မြေဩဇာဈေးများလည်း ဆက်တိုက်ဆိုသလို ကျဆင်းလာကြောင်းသိရသည်။ ယခုတစ်ပတ် ယူရီးယားက ကျပ် ၅၀၀၊ တီစူပါ (၄၆%)(သံကွင်း)က ကျပ် ၁၀၀၀၊ ပန်းသီးစုံနှင့်မြွားသီးစုံက ကျပ် ၁၀၀နှင့် ပိုတက်က ကျပ် ၆၀၀ ဈေးကျခဲ့ပြီး အာမို (၁၀း၁၀း၅)က ကျပ် ၁၀၀၀ ဈေးမြင့်ကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၇၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၇၀၀၀၊ သံကွင်း(၄၆%-တရုတ်) ကျပ် ၂၃၅၀၀၊ မြွားသီးစုံ ကျပ် ၁၇၅၀၀၊ ပန်းသီးစုံ ကျပ် ၁၇၅၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၂၀၀၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၉၈၀၀၊ ပိုတက်ကျပ် ၂၇၉၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

## နို့ဆီ/နို့မှုန့်

# ယခုတစ်ပတ် နို့ဆီအဝင်လျော့ပြီး နို့မှုန့်အဝင်ပို

ဇူလိုင် ၇ ရက်မှ ၁၃ ရက်အတွင်း အမေရိကန်ဒေါ်လာ ၃၆၁၉၂၀ တန်ဖိုးရှိနို့ဆီ၃၀၆ဒသမ ၄၃၂တန်ကိုပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် မာရီဂိုးတံဆိပ် နို့ဆီ ၄၃ ဒသမ ၇၇၆တန်၊ အိုကေတံဆိပ်နို့ဆီ ၂၁၈ ဒသမ ၈၈ တန်နှင့် ဒွန်းနို့ဆီ ၄၃ ဒသမ ၇၇၆ တန် တင်သွင်းခဲ့သည်။ ယခင်သီတင်းပတ်က နို့ဆီ ၄၅၈ ဒသမ ၇၂ တန် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် ၁၅၂ ဒသမ ၃၄၈ တန် တင်သွင်းမှု လျော့နည်းခဲ့ကြောင်း သိရသည်။

အမေရိကန်ဒေါ်လာ ၇၇၈၂၅၀ တန်ဖိုးရှိနို့မှုန့် ၂၇၈ တန်ကို တင်သွင်းခဲ့သည်။ ယခုတစ်ပတ် နယူးဇီလန်နိုင်ငံမှ တန်ချိန် ၁၄၀ နှင့် ပိုလန်နိုင်ငံမှ ၁၃၈ တန် တင်သွင်းခဲ့ကြောင်း သိရသည်။ ယခင်သီတင်းပတ်က နို့မှုန့် ၂၁၄ တန် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် နို့မှုန့် ၆၄ တန် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ယခုတစ်ပတ် နို့ဆီအဝင် လျော့ပြီး နို့မှုန့်အဝင် ပိုခဲ့ကြောင်း သိရသည်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၆/၇ မှ ၁၂/၇ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၉/၆ မှ ၅/၇ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၃၀·၇၅ | ၉၃·၇၅ | (-) ၆၃·၀၀ |
| ၂။ | လွယ်ဂျယ် | - | - | - |
| ၃။ | ချင်းရွှေဟော် | - | - | - |
| ၄။ | ကန်ပိုက်တီး | ၂၀·၀၀ | - | (+) ၂၀·၀၀ |
| ၅။ | တာချီလိတ် | ၅၀၀၀·၀၀ | ၆၃၀၀·၀၀ | (-) ၁၃၀၀·၀၀ |
| ၆။ | မြဝတီ | - | - | - |
| ၇။ | ကော့သောင်း | - | ၅၀·၀၀ | (-) ၅၀·၀၀ |
| ၈။ | မြိတ် | ၁၅၀၀·၀၀ | ၂၇၀၀·၀၀ | (-) ၁၂၀၀·၀၀ |
| | စုစုပေါင်း | ၆၅၀၀·၇၅ | ၉၁၄၃·၇၅ | (-) ၂၅၉၃·၀၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၆/၇ မှ ၁၂/၇ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၉/၆ မှ ၅/၇ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၆၄၆၁·၉၂ | ၄၉၄၀·၇၅ | (+) ၁၅၂၁·၁၇ |
| ၂။ | လွယ်ဂျယ် | ၁၀၃၂·၅၀ | ၁၃၃၄·၀၀ | (-) ၃၀၁·၅၀ |
| ၃။ | ချင်းရွှေဟော် | ၇၉၁၀·၁၅ | ၁၀၉၉၄·၂၁ | (-) ၃၀၈၄·၀၆ |
| ၄။ | ကန်ပိုက်တီ | ၁၂၀·၀၀ | - | (+) ၁၂၀·၀၀ |
| ၅။ | မြဝတီ | - | - | - |
| ၆။ | ကော့သောင်း | - | ၄၀၀·၀၀ | (-) ၄၀၀·၀၀ |
| ၇။ | မြိတ် | - | - | - |
| ၈။ | ရိဒ် | ၁၆၀၀·၀၀ | ၇၀၀·၀၀ | (+) ၉၀၀·၀၀ |
| ၉။ | တမူး | - | - | - |
| | စုစုပေါင်း | ၁၇၁၂၄·၅၇ | ၁၈၃၆၈·၉၆ | (-) ၁၂၄၄·၃၉ |

ခင်မိုးသူ

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

# ရန်ကုန်မြို့ရှိ ဈေး ၁၀ ခုကို ဂျန်းရှင်းစီးတီးကဲ့သို့ ပြန်လည်အဆင့်မြှင့်တင်ရန် လုပ်ဆောင်နေ

ရန်ကုန်မြို့ရှိ ဈေးပေါင်း ၁၀ ခုကို စီမံခန့်ခွဲမှု ကောင်းမွန်စွာဖြင့် စနစ်တကျဖြစ်စေရန် ဂျန်းရှင်းစီတီး (Junction City) ကဲ့သို့ ပြန်လည်အဆင့်မြှင့်တင်ရန် လုပ်ဆောင်နေကြောင်း ရန်ကုန်စည်ပင်သာယာရေးကော်မတီမှ တွဲဖက်အတွင်းရေးမှူး ဦးသန်းက ပြောသည်။

ရန်ကုန်မြို့တော်ခန်းမ အစည်းအဝေးခန်းမ(၄)တွင် ဇူလိုင် ၁၅ ရက်က ပြုလုပ်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မီဒီယာများ တွေ့ဆုံပွဲတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

“အဆင့်မြှင့်တင်တဲ့နေရာမှာ နိုင်ငံတော်ဘတ်ဂျက် မပါရအောင် PPP နဲ့လည်း သွားဖို့လည်းရှိပါတယ်။ ပြီးရင်ဈေးတွေကို စီမံခန့်ခွဲတဲ့အခါမှာ ပိုပြီးစနစ်ကျဖို့အတွက် Operator System နဲ့လည်း သွားဖို့ စီစဉ်ထားပါတယ်။ ဒါကြောင့် လာမယ့်နှစ်ကစပြီး ဈေးပေါင်း ၂၁ ဈေးကို PPP စနစ်နဲ့ ဆောင်ရွက်ပါမယ်။ ဈေးပေါင်း ၁၀ ဈေးကိုတော့ Market Operator System နဲ့ စီမံဆောင်ရွက်ဖို့ စီစဉ်ထားပါတယ်”ဟု ဦးသန်းက ပြောသည်။

ယင်းသို့ အဆင့်မြှင့်တင်ရန်အတွက် ပုဂ္ဂလိကများကို Operator စနစ်ဖြင့် လုပ်ကိုင်ခွင့်ပေးသွားမည်ဖြစ်သည်ဟု ဆိုသည်။ YCDC ပိုင် ဈေးများကို က အဆင့်၊ ခ အဆင့်၊ ဂ အဆင့်၊ ဃ အဆင့်ဟူ၍ အဆင့်(၄)ဆင့် ခွဲထားပြီး ပစ္စည်းအမျိုးအစားအလိုက်၊ ရောင်းကုန်အမျိုးအစားအလိုက် စနစ်တကျရောင်းချနိုင်ရန်၊ လမ်းဘေးဈေးများလည်း ပပျောက်သွားစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဈေးများအား ပြန်လည်အဆင့်မြှင့်တင်တည်ဆောက်ခဲ့ကြောင်း သိရသည်။

သို့သော် ရန်ကုန်မြို့တွင် တည်ဆောက်ထားသည့် ဈေးများမှာ နှစ်ထပ်ဈေးများဖြစ်နေ၍ အဆင်မပြေမှုအချို့ရှိကာ ဈေးဝယ်သူများလည်း နည်းပါးခြင်းကြောင့် ဈေးသည်များသည် လမ်းဘေးဈေးသည်အဖြစ် ရောက်ရှိသွားသည့်အပြင် အချို့ဈေးများမှာလည်း အဆင့်မမီ၊ ရောင်းကုန်ပစ္စည်းများ ရောထွေးနေသည့်အတွက် တည်ဆောက်မှုပုံစံကို ယခုကဲ့သို့ ပြောင်းလဲရခြင်းဖြစ်ကြောင်း ဦးသန်းက ပြောသည်။

၎င်းက“Operator စနစ်ဆိုတာက ဂျန်းရှင်းစီးတီးလို၊ ဂျန်းရှင်းစီးတီးသည် Operator စနစ်နဲ့ ပုဂ္ဂလိကက စီမံခန့်ခွဲနေတာ။ အဲဒီပုံစံနဲ့သွားမှာ။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနအနေနဲ့ သူ့ကို သီးသန့်ကြီးကြပ်ကွပ်ကဲမှု စီမံကွပ်ကဲမှု မလုပ်တော့ဘူး။ ပုဂ္ဂလိကကို Operator အပ်လိုက်မှာ။ ကုမ္ပဏီတစ်ခုကို Operator အပ်လိုက်မှာ၊ ဒါမှမဟုတ် အဖွဲ့အစည်းတစ်ခုကို Operator အပ်လိုက်ပြီးတော့ သူကနေ စနစ်တကျ စီမံခန့်ခွဲသွားမှာ။ အဲဒီအပေါ်မှာ Operator က ရရှိလာတဲ့ အကျိုးအမြတ်တစ်ခုကိုလည်း ပြန်ပြီးရမယ်။ သူ့တို့လည်းရမယ်။ အဲဒီအခါကျရင် စီမံခန့်ခွဲမှုကောင်းလာပြီးတော့ ဈေးတွေလည်း စနစ်ကျသွားမယ်”ဟု ၎င်းက ပြောသည်။

လက်ရှိ ရန်ကုန်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ၁၇၆ ဈေး ရှိသည့်အနက် ယခင် လေဟာပြင်ဈေးနေရာတွင် Junction City ကို အကောင်အထည်ဖော်ရန် Shwe Taung Group(ရွှေတောင်အုပ်စု) ကို Market Operator စနစ်ဖြင့်လုပ်ကိုင်ခွင့်ပြုခဲ့ပြီး YCDC မှ ၅၁ ဒသမ ၆၃ ရာခိုင်နှုန်း၊ရွှေတောင်အုပ်စုမှ ၄၈ ဒသမ ၃၇ ရာခိုင်နှုန်း အကျိုးတူ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထို့ပြင် Yangon Project Bank တွင်လည်း ရန်ကုန်တိုင်းအတွင်းရှိ ဈေးပေါင်း ၂၀ ကျော် အဆင့်မြှင့်တင်ရန် ထည့်သွင်းထားပြီး ယင်းဈေးများတွင် ဘိုကလေးဈေး၊ လှိုင်ဈေးကြီး၊ လှည်းတန်းဈေး၊ အင်းစိန်မြို့သစ်ဈေး၊ ပုဇွန်တောင်ဈေး၊ သိမ်ဖြူဈေး၊ သိမ်ကြီးဈေး စီရုံ/အီးရုံ၊ သုဝဏ္ဏဈေး၊ ရတနာသိင်္ဂီဈေး၊ ရန်ကင်းမြို့မဈေး၊ သီရိမင်္ဂလာ ဈေးဟောင်းတို့ပါဝင်နေကြောင်း သိရသည်။

သို့ရာတွင် လက်ရှိ၌ မင်္ဂလာဈေး၊ တာမွေဈေးတို့မှာ ကုမ္ပဏီများရွေးချယ်၍ အကောင်အထည်ဖော်ရန် စတင်နေပြီဖြစ်ပြီး စံပြည၈ေးနှင့် ငွေယမုံဈေးများ အဆင့်မြှင့်ရန်အတွက်လည်း တင်ဒါခေါ်ယူနိုင်ရေး စီစဉ်နေကြောင်း သိရသည်။ **ပန်းဆု**

# မြန်မာ့နာနတ်သီးများ တရုတ်သို့ အမြန်ဆုံး ပြန်လည်တင်ပို့နိုင်ရေး ညှိနှိုင်းနေ

၂၀၁၉ ခုနှစ်၊ ဇွန် ၁၅ ရက်မှ စတင်ကာ တရုတ်နိုင်ငံအတွင်းသို့ တင်ပို့ခွင့်မရတော့သည့် မြန်မာ့နာနတ်သီးများအား အမြန်ဆုံး ပြန်လည်တင်ပို့နိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိကြောင်းသိရသည်။

သရက်သီးရာသီကုန်ဆုံးချိန်တွင် ရာသီပေါ် သီးနှံတစ်ခုဖြစ်လာသော နာနတ်သီးများ ပြည်တွင်းမှ တရားဝင်တင်ပို့ခွင့်ရရှိစေရန် နှစ်ဖက်အစိုးရချင်း ညှိနှိုင်းနေခြင်းဖြစ်ကြောင်း ယင်းဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ဇူလိုင် ပထမပတ်တွင် ပြောသည်။

“သီးနှံတွေကို အမျိုးအစားအလိုက် တရားဝင် တင်ပို့နိုင်ဖို့လုပ်နေရာမှ အခုတစ်သျှူးငှက်ပျောတွေကို သူတို့ဘက်က တရားဝင် တင်သွင်းခွင့်ပေးဖို့ စစ်နေတယ်။ ဒီဟာနဲ့အတူ နာနတ်သီးကိုပါ တစ်ခါတည်း ခွင့်ပြုနိုင်ဖို့ ညှိနေပါတယ်”ဟု ၎င်းက ပြောသည်။

အဆိုပါ တရုတ်နိုင်ငံအနေဖြင့် ပြည်တွင်းသို့ တင်သွင်းလာမည့် လယ်ယာထွက်ကုန်နှင့် သီးနှံအမျိုးမျိုးတို့ကို ဓာတုဒြပ်ကြွင်းမပါစေရန် AQSIQ စစ်ဆေးမှုများ ပြုလုပ်နေပြီး သတ်မှတ်ချက်များနှင့် ပြည့်မီပါက တရားဝင်တင်သွင်းခွင့်ပေးနေခြင်းဖြစ်ကာ လက်ရှိတွင် တစ်သျှူးငှက်ပျောကို တရားဝင်တင်သွင်းခွင့်ပေးရန် စစ်ဆေးလျက်ရှိပြီး တင်ပို့ခွင့်ရရှိပါက နာနတ်သီးကိုပါ တစ်ပါတည်း တင်ပို့နိုင်ရန် ညှိနှိုင်းလျက်ရှိကြောင်း ၎င်းက ပြောသည်။

AQSIQ စစ်ဆေးမှုများ ပြုလုပ်ရန် လက်ရှိ၌ တစ်သျှူးငှက်ပျော၊ သံပရာသီး၊ နာနတ်သီး၊ ထောပတ်သီး၊ ကျွဲကောသီးများနှင့်ပတ်သက်သည့်အချက်အလက်များကို စိုက်ပျိုး



ရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက စာရင်းပြုစုကာ တရုတ်နိုင်ငံ အစိုးရဘက်သို့ ပေးပို့ထားခြင်း ဖြစ်ကြောင်း သိရသည်။

မူဆယ်နယ်စပ်မှ တင်ပို့နေသည့် စိုက်ပျိုးရေးထွက်ကုန်များသည် လက်ရှိတွင် တရုတ်အစိုးရ၏ အဂတိတိုက်ဖျက်ရေးအပါအဝင် ကုန်သွယ်ရေးမူဝါဒ အပြောင်းအလဲများကြောင့် ဖမ်းဆီးအရေးယူမှုများရှိနေသည့်အပြင် အခြားအရေးပါသည့် ကုန်စည်များကိုလည်း တရုတ်က ကန့်သတ်မှုများ ရှိနေကြောင်း သိရသည်။ လက်ရှိတွင် နှစ်နိုင်ငံအစိုးရချင်းနားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုး၍ ခွဲတမ်းဖြင့် တင်ပို့ခြင်း မဟုတ်သည့် ကုန်စည်မှန်သမျှကို တရုတ်အစိုးရက အခွန် ၅၀ ရာခိုင်နှုန်း ကောက်ယူလျက်ရှိရာ ယင်းအခွန်သည် တရုတ်၊ မြန်မာကုန်သည်များအားလုံးပေးဆောင်ရန် မတတ်နိုင်သည့် အခွန်နှုန်းထားဖြစ်ကြောင်း သိရသည်။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအတွင်းရှိ သစ်သီးဈေးကွက်မှ အများဆုံး ဝယ်ယူပေးနေသည့် ကုန်သွယ်ဖက်နိုင်ငံတစ်ခုဖြစ်ပြီး တရားမဝင် လမ်းကြောင်းများအစား ၂၀၁၇ ခုနှစ်မှ စတင်ကာ တရားဝင် ကုန်သွယ်နိုင်စေရန် ဆောင်ရွက်နေခြင်းဖြစ်သည်။ **ပန်းဆု**

## ပြည်တွင်းဆီဈေးနှုန်းများ (၁၈-၇-၂၀၁၉) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၆၂၀၀ | ၆၂၀၀ | □ | ၆၆၀၀ | ၆၆၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| ရန်ကုန် | ၇၀၀၀ | ၇၀၀၀ | □ | ၇၅၀၀ | ၇၅၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| မန္တလေး | ၆၆၀၀ | ၇၀၀၀ | △ | ၇၂၀၀ | ၇၂၀၀ | □ | ၁၇၀၀ | ၁၆၀၀ | ▽ |
| ပဲခူး | ၆၄၀၀ | ၆၄၀၀ | □ | ၆၄၀၀ | ၆၄၀၀ | □ | ၁၇၅၀ | ၁၇၅၀ | □ |
| မကွေး | ၇၀၀၀ | ၇၀၀၀ | □ | ၇၅၀၀ | ၇၅၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မုံရွာ | ၆၈၀၀ | ၆၈၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၆၀၀ | ၁၆၀၀ | □ |
| စစ်တွေ | ၇၀၀၀ | ၇၀၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၈-၇-၂၀၁၉ **US$/Ton**

| အမျိုးအစား | ဇူလိုင်ပထမပတ် | ဇူလိုင်ဒုတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| **RBD P.Oil** | ၄၈၀.၅၀ | ၄၈၅.၅၀ | △ |
| **RBD P.Olein** | ၄၈၉.၅၀ | ၄၈၃.၀၀ | ▽ |
| **RBD P.Stearin** | ၄၆၅.၀၀ | ၄၆၅.၅၀ | △ |

***Source: bepi.mpob***

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၈-၇-၂၀၁၉) ရက်

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၃၁၉.၄၄ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၃၀ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၆၀ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၀၈ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၅.၄၅ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၀.၄၈ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇ .၄၁ |
| ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | | ၁၄၅၅.၅၆၁ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၁၈-၇-၂၀၁၉ နေ့ (CIF ဈေး Cloud Point 8 ˚C Max 533 ဒေါ်လာနှင့် USD ဈေး ၁၅၁၅ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၁၈-၇-၂၀၁၉ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၅၁၅ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်နယ်စပ်တင်ပို့ လယ်ယာထွက်ကုန်

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်နိုင်ငံသို့ ဆန်၊ ဆန်ကွဲ၊ ပြောင်းဖူးစေ့နှင့် ပဲမျိုးစုံတို့အပြင် ဆီထွက်သီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံ၊ စားဖိုဆောင်သီးနှံနှင့် သစ်သီးဝလံမျိုးစုံတို့ တင်ပို့လျက်ရှိသည်။

ဇူလိုင် ၁ ရက်မှ ၈ ရက်အတွင်း ဆန်တင်ပို့မှုအနေဖြင့် ၅၈၆၆ ဒသမ ၄၅ တန်၊ ဆန်ကွဲ ၁၇၂ ဒသမ ၇၅ တန်၊ ပြောင်းဖူးစေ့ ၃၇၄ ဒသမ ၇၅တန် တင်ပို့ခဲ့ပြီး ဆန်ဈေးမှာ ၅% ဆန် 50kg တစ်အိတ်လျှင် ကျပ်၂၃၂၀၀၊ ၁၀%ဆန် ကျပ် ၂၀၄၀၀၊ ၂၅%ဆန် (ဆန်စုံ) 50kg တစ်အိတ် ကျပ် ၁၉၃၀၀ ဈေးရှိပြီး ဆန်ကွဲ 50kg တစ်အိတ်လျှင်(2,3,4) ကျပ် ၁၅၀၀၀၊ (1,2) တစ်အိတ်လျှင် ကျပ် ၁၆၃၀၀၊ (1. Extra) တစ်အိတ်လျှင် ကျပ် ၁၇၆၀၀ ဈေးပေါက်ခဲ့သည်။

ပဲမျိုးစုံအနေဖြင့် ပဲယင်း၊ ပဲကြီး၊ ပဲလွန်းဖြူ ပဲပုပ်၊ နိုင်လွန်ပဲ၊ ထောပတ်ပဲ၊ ပဲနီကျား၊ ပဲတီစိမ်း၊ စွန်တာနီ၊ ပြာ၊ ပဲစင်းငုံတို့ တင်ပို့ခဲ့ပြီး ပဲယင်း ၈၇ ဒသမ ၇၅ တန်၊ ပဲကြီး ၁၀၇ ဒသမ ၂၅ တန်၊ ထောပတ်ပဲ ၁၀၆ တန်၊ ပဲနီကျား ၁၇၉ တန်၊ ပဲတီစိမ်း ၂၃၉၉ တန်တင်ပို့ခဲ့သဖြင့် ပဲတီစိမ်းမှာအများဆုံးတင်ပို့ကုန်ဖြစ်သည်။

ဈေးနှုန်းအနေဖြင့်ပဲကြီး တစ်တန်လျှင်ယွမ် ၄၈၀၀-၆၈၀၀၊ ပဲယင်း ယွမ် ၃၈၀၀-၄၀၀၀၊ ကျပ် ၈၂၀၀၀၀-၈၆၀၀၀၀၊ ထောပတ်ပဲတစ်တန်လျှင် ယွမ် ၅၂၀၀-၅၃၀၀၊ ကျပ်၁၁၁၈၀၀၀-၁၁၃၉၅၀၀၊ ပဲတီစိမ်း တစ်တန်လျှင် ယွမ် ၅၀၀၀-၆၈၀၀၊ ကျပ် ၁၁၃၈၈၀၀-၁၁၄၉၆၀၀၊ ပဲနီကြား တစ်တန်လျှင် ယွမ် ၃၄၁၀-၃၅၃၀၊ ကျပ် ၇၃၃၂၀၀-၇၅၉၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

စားဖိုဆောင်သီးနှံအနေဖြင့် ကြက်သွန်နီ၊ နနွင်းတက်နှင့် ငရုတ်သီးခြောက်တို့ တင်ပို့ခဲ့ပြီး ဇူလိုင် ၁ ရက်မှ ၁၁ ရက်အထိ ကြက်သွန်နီ ၁၁၂၅ တန်၊ နနွင်းတက် ၃၉၄ ဒသမ ၆ တန်၊ ငရုတ်သီးခြောက် ၃၆ တန် တင်ပို့ခဲ့သည်။ သီးနှံရောင်းဈေးအနေဖြင့် ကြက်သွန်နီတစ်ပိဿာလျှင် ၈၃၅ ကျပ်ဝန်းကျင်ဖြင့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း ပဲ၊ပြောင်း၊ နှမ်း ကုန်စည်ဒိုင်မှသိရသည်။

**ထွန်းမင်းထွန်း**
**(မောဝ်ရွှေလီကုန်သွယ်မှုဗဟိုဌာန)**

# ချဉ်ပေါင်ဖာလာဈေးကွက်ရရှိရေး တွေ့ဆုံဆွေးနွေးပွဲကျင်းပ

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် အမျိုးသားလွှတ်တော်အမတ် ဒေါ်နော်ခရစ်ထွန်း ဦးဆောင်သောအဖွဲ့သည် ချဉ်ပေါင်ဖာလာ စိုက်ပျိုးထုတ်လုပ်သူများနှင့် ဈေးကွက်ရရှိရေး ဆွေးနွေးပွဲကို ဇူလိုင် ၄ ရက်က သံတောင်မြို့တွင် ကျင်းပပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် အမျိုးသားလွှတ်တော်အမတ် ဒေါ်နော်ခရစ်ထွန်းကချဉ်ပေါင်ဖာလာစိုက်စရိတ် အခက်အခဲ၊ ချေးငွေကိစ္စ၊ စိုက်ပျိုးမြေနှင့် ပတ်သတ်ပြီး အခက်အခဲများ၊ ဇာလာကိုအော်ဂဲနစ်အဖြစ်စိုက်ပျိုးနေကြောင်း၊စိုက်ပျိုးရေးဌာနမှ GAP မရရှိသေကြောင်း၊ ချဉ်ပေါင်ဖာလာသီးနှံကို မှန်မှန်ကန်ကန် ကုမ္ပဏီများနှင့် ချိတ်ဆက်ပြီး ဝယ်ယူလိုကြောင်း၊ ကောင်းမွန်သည့်ဈေးကွက်ရရှိရန် အရေးကြီးအကြောင်း ပြောကြားပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ပြည်တွင်းကုန်သွယ်မှုဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမျိုးသူက ကရင်ပြည်နယ်သံ တောင်ကြီးမြို့မှာ ချဉ်ပေါင်ဖာလာသီးနှံ အများဆုံးထွက်ရှိသည်ကို သိရှိရကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့် အခက်အခဲများကို စပြီးလေ့လာလိုကြောင်း၊ အခက်အခဲများကို စုဆောင်းပြီး အဖြေရှာဖြေရှင်းမည်ဖြစ်ကြောင်း၊ ဖာလာသီးနှံဈေးကောင်းရရှိရေး လိုအပ်ကြောင်း၊ ဖာလာသီးနှံပြည်ပကို ကျယ်ကျယ်ပြန့်ပြန့် ရောင်းရအောင် ပြည်ပတွင်ရှိသည့် စီးပွားရေးသံမှူးများနှင့် ချိတ်ဆက်ပေးမည်ဖြစ်ပါကြောင်း Marketing အပိုင်းကို အစိုးရအနေဖြင့် လုပ်နေကြောင်း၊ ယခုအခါ တရုတ်က အဓိကဈေးကွက်ဖြစ်နေကြောင်း၊ နယ်နိမိတ်ချင်း ထိစပ်နေသဖြင့် ရောင်းရဝယ်ရလွယ်ကူနိုင်ကြောင်း၊ တရုတ်ဈေးကွက်က အရည်အသွေးပိုင်းကို အဓိကထားပြီး ဝယ်ယူလာခြင်းကြောင့် ဖာလာကိုအခြောက်ခံသည့်နည်းလမ်းကိုရှာရန် လိုအပ်ကြောင်း၊ တရုတ်ဈေးကွက်အပြင် အခြားနိုင်ငံများကို ဈေးကွက်ရှာရန်လိုအပ်ကြောင်း၊ ပထမဦးဆုံးမူဆယ်ဈေးကွက်မှ တရုတ်နယ်စပ် ကုန်သည်များနှင့် တွေ့ဆုံဆွေးနွေးနိုင်ရန် စီစဉ်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းခဲ့ရာ သံတောင်ကြီးမြို့နယ် အမျိုးသားလွှတ်တော်အမတ် ဒေါ်နောခရစ်ထွန်းနှင့် ညွှန်ကြားရေးမှူး ဦးမျိုးသူတို့က ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲသို့ ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် အမျိုးသားလွှတ်တော်အမတ် ဒေါ်နော်ခရစ်ထွန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးသူနှင့် တာဝန်ရှိသူများ၊ ချဉ်ပေါင်ဖာလာ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးမောင်အန်းနှင့် အဖွဲ့ဝင်များ၊ ဒေသခံဖာလာ စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခင်မောင်မောင်အုန်း (ဖွဲ့ကပင်ကုန်သွယ်မှုဗဟိုဌာန)**

# မြန်မာ့သစ်သီးဝလံများ မူဆယ်မှ တရုတ်သို့တင်ပို့

မူဆယ်မှတရုတ်နယ်စပ်သို့ ဖရဲ၊ သခွား၊ ဖရုံ၊ သရက်၊ နာနတ်သီးစသော သစ်သီးဝလံများ တင်ပို့လျက်ရှိပြီး ဖရဲ၊ သခွားတို့မှာ ရာသီကုန်ပြီဖြစ်၍တင်ပို့ခြင်းမရှိတော့ဘဲ သရက်တစ်မျိုးသာတင်ပို့မှုရှိပြီး တင်ပို့သရက်သီးမှာလည်း တဖြည်းဖြည်းလျော့နည်းလာခဲ့သည်။

သရက်ရာသီတစ်ခုလုံး ဖြစ်ပေါ်ခဲ့သော သရက်သီးဈေးမှာ သရက်သီးတစ်တန်လျှင် ယွမ် ၁၂၀၀-၉၅၀၀ ဖြင့် ဧပြီလပထမပတ်မှစ၍ ဇူလိုင်လတတိယပတ်အထိ အရောင်းအဝယ် ရပ်ခဲ့သဖြင့် သုံးလကျော်ခန့် အရောင်းအဝယ်ဖြစ်ခဲ့ ပြီး သရက်ရောင်းဝယ်မှုတွင် ရောင်းသူဝယ်သူ စိတ်ချမ်းသာခဲ့သည်။

ဖရဲသီးမှာ ဒီဇင်ဘာလမှမေလအထိ အရောင်းအဝယ်ဖြစ်ခဲ့သဖြင့် နှစ်ဝက်နီးပါးအရောင်းအဝယ်ဖြစ်ခဲ့သော သီးနှံဖြစ်သည်။ အရောင်းအဝယ်ဖြစ်ခဲ့သော ဖရဲသီးအမျိုးအစားများမှာ ဖရဲကျားသီး၊ ဖရဲဖြူသီး၊ ဖရဲအဝိုင်းကျားသီး နှင့်အစေ့မဲ့ဖရဲတို့ဖြစ်သည်။

ဖရဲသီး၊ သရက်သီးတို့အပြင် အခြားတင်ပို့ရောင်းချခဲ့သည့် သစ်သီးဝလံများမှာ ရွှေသခွား၊ သခွားမွှေး၊ ပိုက်ကွက်သခွားဝူခုံး၊ ဖရုံသီး၊ ကန်စွန်းဥ၊ နာနတ်သီး တို့ဖြစ်ပြီးရွှေသခွား၊ သခွားမွှေး၊ ပိုက်ကွက်သခွားဝူခုံးတို့မှာ ဈေးကောင်းရခဲ့သည်။

ရွှေသခွားမှာ တစ်တန်လျှင် ယွမ် ၃၀၀၀-၇၆၀၀ ကြား မြန်မာကျပ်ငွေ ၆၄၅၀၀၀-၁၆၃၄၀၀၀၊ ပိုက်ကွက်သခွား ဝူခုံးမှာ ယွမ် ၃၀၀၀-၆၅၀၀ ကြား မြန်မာကျပ်ငွေ ၆၄၅၀၀၀-၁၃၉၇၅၀၀ ကြားရရှိခဲ့ပြီး သခွားနှင့် ဖရုံတို့မှာ ဇန်နဝါရီလမှ ဧပြီလထိလေးလသာ တင်ပို့ရောင်းချခဲ့သည်။

ယခုလအတွင်း ဇူလိုင် ၁ ရက်မှ ၁၄ ရက်အထိ တရုတ်နိုင်ငံသို့ သရက်သီးတင်ပို့ တန်ချိန်မှာ ၉၅၁၃ ဒသမ ၈ တန်၊ တစ်တန်လျှင် သရက်သီးဈေးနှုန်းမှာ ဇူလိုင် ၁ ရက်မှ ၈ ရက်အထိ ယွမ် ၃၀၀-၉၅၀၀ ဖြစ်ပြီး မြန်မာကျပ်ငွေအနေဖြင့် ၂၇၉၅၀၀-၂၀၄၂၅၀၀ ဖြစ်သည်။

ဇူလိုင်၉ ရက်မှ ၁၄ ရက်ထိတစ်တန်လျှင် ယွမ်၁၀၀၀-၈၀၀၀ ဈေးမှ သရက်သီးအမျိုးအစားနှင့် အရည်အသွေးကိုလိုက်၍ ယွမ်၁၀၀၀-၃၂၀၀၊ မြန်မာကျပ်ငွေအနေဖြင့် ၂၁၅၀၀၀-၆၈၈၀၀၀ ဈေးဖြစ်ခဲ့သည်။

သရက်သီး တင်ပို့မှုမှာ ဇူလိုင် ၁၁ ရက်နောက်ပိုင်း အလွန်နည်းလာပြီး သရက်သီးရာသီကုန်တော့မည်ဖြစ်၍ နောက်ရက်များတွင်သရက်သီးတင်ပို့မှုမရှိသလောက် နည်းမည်ဖြစ်ကြောင်း သစ်သီးဝလံ တင်ပို့ရောင်းချသူများထံမှ သိရသည်။ **စုစုသာ (မောဝ်ရွှေလီကုန်သွယ်မှုဗဟိုဌာန)**

# စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်သို့ ကုန်ပစ္စည်းတင်ပို့

၂၀၁၉ ခုနှစ် ဇူလိုင် ၆ရက်မှ ၁၂ ရက်အထိ ရခိုင်ပြည်နယ် စစ်တွေမြို့ ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မန်ကျည်းစေ့ အရေအတွက် ၁၆၁၀၀၀ KG တင်ပို့ခဲ့ပြီး ကျပ် ၁၃၄၄၂၉၅၂တန်ဖိုးတင်ပို့ခဲ့သည်။ ယခင်တစ်ပတ် ဇွန် ၂၉ရက်မှ ဇူလိုင် ၅ရက်အထိ မန်ကျည်းစေ့အရေအတွက် ၁၄၀ KG တင်ပို့ခဲ့ပြီး ကျပ် ၃၉၄၉၈၈၀ တန်ဖိုး တင်ပို့ခဲ့သည်ဟု သိရသည်။

ယခင်တစ်ပတ်ထက် ယခုတစ်ပတ်တွင် မန်ကျည်းစေ့ အရေအတွက် ၁၆၀၈၆၀ KG ထိ ပိုတင်ပို့ခဲ့ပြီး ကျပ် ၉၄၉၃၀၇၂ တန်ဖိုးထိ တင်ပို့နိုင်ခဲ့သည်ဟု သိရှိရသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တီရှပ် အရေအတွက် ၁၀၀၀၀ U တင်သွင်းခဲ့ပြီး ကျပ် ၁၃၆၆၃၀၈ (ကျပ်ထောင်ပေါင်း)တန်ဖိုးအထိ တင်သွင်းခဲ့သည်။

ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဇူလိုင် ၁၅ရက်မှ ၁၇ ရက်အထိ အမှန်တင်ပို့ ကုန်ပစ္စည်းများအနေဖြင့် ဆီးသီးခြောက်၊ ချင်း(အစို)၊ ဇီးဖတ်၊ မန်ကျည်းစေ့၊ ဆီးယိုထုပ်နှင့် ငါးမြစ်ချင်းတို့တင်ပို့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၉၀၇၅၇ ဒေါ်လာ တင်ပို့ခဲ့ပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်ပစ္စည်းများအနေဖြင့် တီရှပ်တင်သွင်းခဲ့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၉၀၀ တင်သွင်းနိုင်ခဲ့သည်။

ရခိုင်ပြည်နယ်၊ ကျောက်တော်သီးနှံကုန်စည်ဒိုင်တွင် ဇူလိုင် ၈ ရက်မှ ၁၂ရက်အထိ သီရိဒုံစပါး၊ ရွှေဝါထွန်းစပါး၊ မနောသုခစပါး၊ ငစိန်စပါး၊ ပေါ်ဆန်းမွှေးစပါး စသည်တို့ကို ကျပ် ၁၇၇၆၅ (ကျပ်ထောင်ပေါင်း) တန်ဖိုး အရောင်းအဝယ်ပြုလုပ်ခဲ့သည်။

ရခိုင်ပြည်နယ် မင်းပြားသီးနှံကုန်စည်ဒိုင်တွင် ဇူလိုင် ၈ရက်မှ ၁၂ ရက်အထိ သီရိဒုံစပါး၊ ရွှေဝါထွန်းစပါး၊ ဆင်းသွယ်လတ်စပါး၊ ငစိန်စပါး၊ မြီးဒုံးစပါး၊ ပေါ်ဆန်းမွှေးစပါး စသည်တို့ကို အရောင်းအဝယ်ပြုလုပ်ခဲ့သည်။

**သဇင်မြေ**

# ပဲတီစိမ်းဈေးကွက် ယခင်လထက် ပိုကောင်း



မန္တလေးတိုင်းဒေသကြီးတွင် ပဲတီစိမ်းကို မိုးကြို၊ မိုးနှင့် ဆောင်းသီးနှံအဖြစ် စိုက်ပျိုးပြီး မတ်လနှင့် ဧပြီလတို့တွင် စိုက်ပျိုးခဲ့ရာ ဇွန်လတွင် ဈေးကွက်သို့ ဝင်ရောက်ခဲ့ကာ လတ်တလောတွင် ဈေးကွက်မြင့်လာခြင်းမှာ ဈေးကွက်လက်ကျန်နည်းခြင်း၊ ရေလမ်းကြောင်းမှ တင်ပို့မှုများရှိနေ၍ ယခင်လထက် ဈေးမြင့်တက်လာခဲ့ကြောင်း သိရသည်။

မန္တလေးကုန်စည်ဒိုင် ဈေးကွက်တွင် ယခုတစ်ပတ် ပဲတီစိမ်းတစ်တင်း ပေါက်ဈေးနှုန်းများမှာ ပဲတီစိမ်းရွှေဝါ ကျပ် ၃၅၀၀၀၊ ပဲတီစိမ်းအညာ ကျပ် ၃၂၀၀၀ မှ ကျပ် ၃၄၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်လကာလတူ ပေါက်ဈေးနှုန်းမှာ ပဲတီရွှေဝါ ကျပ် ၃၃၀၀၀ မှ ကျပ် ၃၅၀၀၀၊ ပဲတီစိမ်းအညာ ကျပ် ၂၈၀၀၀ မှ ၃၁၀၀၀ ယခင်လကာလတူ ပေါက်ဈေးနှုန်းထက် ပျမ်းမျှအားဖြင့် တစ်တင်းလျှင် ကျပ် ၃၀၀၀ ခန့် ဈေးမြင့်တက်လာသည်။ **မြင့်မြင့်လှိုင်(ရတနာပုံကုန်သွယ်မှုဗဟိုဌာန)**

## မုံရွာ ကြက်သွန်နီ၊ ကြက်သွန်ဖြူစျေးကွက် အရောင်းအဝယ်အေးပြီး စျေးငြိမ်လျက်ရှိ

မုံရွာတွင်ယခုတစ်ပတ်ကြက်သွန်နီစျေးကွက်မှာ အရောင်းအဝယ် အေးနေကြောင်း သိရသည်။ ကြက်သွန်နီများပွဲရုံသို့ နေ့စဉ်ဝင်ရောက်မှုမှာ ပိဿာ ၁၀၀၀၀ ခန့်အဝင်ရှိပြီး မုံရွာပွဲရုံများမှရန်ကုန်နှင့် မန္တလေးမြို့များသို့ တင်ပို့ရောင်းဝယ်လျက်ရှိပြီး ဒေသတွင်းအနေဖြင့် အရောင်းအဝယ်အေးနေကြောင် းသိရသည်။

ယခုတစ်ပတ်ပွဲရုံများတွင်ကြက်သွန်နီတစ်ပိဿာ လက်ကားပေါက်စျေးနှုန်းမှာ (ကြီး) ကျပ်၇၀၀၊ (လတ်) ကျပ် ၆၅၀၊ (သေး) ကျပ် ၆၀၀ နှုန်းပေါက်လျက်ရှိပြီး လက်လီတစ်ပိဿာ ပေါက်စျေးနှုန်းမှာ (ကြီး) ကျပ် ၉၀၀၊ (လတ်) ကျပ် ၈၀၀၊ (သေး) ကျပ် ၆၀၀ နှုန်းဖြင့် စျေးငြိမ်နေသည်။

မုံရွာကြက်သွန်ဖြူစျေးကွက်မှာ နေ့စဉ်ပွဲရုံသို့ ကြက်သွန်ဖြူများ ပိဿာ ၁၀၀၀၊ ၁၅၀၀ခန့်အဝင်ရှိပြီး ယခုတစ်ပတ် ကြက်သွန်ဖြူတစ်ပိဿာ ပွဲရုံပေါက်စျေးနှုန်းမှာ (ဗမာ) ကျပ် ၂၀၀၀၊ (ရှမ်း) ကျပ် ၂၅၀၀၊(ကြူကုတ်) ကျပ် ၂၀၀၀နှုန်းဖြစ်ပြီး လက်လီပေါက်စျးနှုန်းမှာ (ဗမာ) ကျပ် ၂၅၀၀၊ (ရှမ်း) ကျပ်၃၀၀၀၊ (ကြူကုတ်) ကျပ် ၂၅၀၀ နှုန်းပေါက်လျက်ရှိပြီး အတက်အကျမရှိ စျေးငြိမ်နေသည်။

**ကြည်ကြည်နွယ် (ဖေယျာကုန်သွယ်မှုဗဟိုဌာန)**

## မန္တလေး ကြက်သွန်နီ အဝင်လျော့ပြီး စျေးအေးနေ

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ကျောက်ဆည်ခရိုင်နှင့် မြင်းခြံခရိုင်တို့တွင် တစ်ပတ်အတွင်း ကြက်သွန်နီစျေးကွက်အခြေအနေမှာ စျေးငြိမ်နေပြီး အဝင်အနည်းငယ်လျော့၍ အရောင်းအဝယ် ပုံမှန်ရှိကြောင်း သိရသည်။

မန္တလေးစျေးကွက်တွင် ယခုတစ်ပတ် ကြက်သွန်နီ တစ်ပိဿာ လက်ကားစျေးနှုန်းများမှာ ထိပ်စ ကျပ် ၁၀၀၀၊ အလတ်စ ကျပ် ၉၀၀၊ အနိမ့်စ ကျပ် ၈၅၀၊ လက်လီစျေးနှုန်းများမှာထိပ်စ ကျပ် ၁၄၀၀၊ အလတ်စ ကျပ် ၁၂၀၀၊ အနိမ့်စ ကျပ် ၁၀၀၀ ဖြင့် နေ့စဉ် ကုန်ချိန်ပိဿာ ၃၀၀၀၀ မှ ၄၅၀၀၀ ကြားတွင် ဝင်ရောက် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း အရည်အသွေးကောင်းသော ကြက်သွန်နီထွက်ရှိသည့် ကျောက်ဆည်စျေးကွက်တွင် လက်ကားစျေးမှာ တစ်ပိဿာလျှင် အမြင့်စ ကျပ် ၉၀၀၊ အလတ်စ ကျပ် ၇၀၀၊ အနိမ့်စ ကျပ် ၅၀၀၊ လက်လီစျေးနှုန်း တစ်ပိဿာလျှင် ထိပ်စ ကျပ် ၁၀၀၀၊ အလတ်စ ကျပ် ၈၀၀၊ အနိမ့်စ ကျပ် ၆၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

မြင်းခြံကုန်စည်ဒိုင်စျေးကွက်သို့ မြင်းခြံ၊ တောင်သာနှင့် အနီးတစ်ဝိုက်မှ ကြက်သွန်နီ အများအပြား စိုက်ပျိုးသည့် ရွာများမှ နေ့စဉ် ကုန်ချိန်ပိဿာ ၂၅၀၀၀ မှ ၅၅၀၀၀ ထိ ဝင်ရောက်မှုရှိကြောင်း၊ လက်ကားစျေး တစ်ပိဿာလျှင် ကျပ် ၅၅၀ မှ ကျပ် ၇၅၀ ပေါက်စျေးဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရ သည်။ ကြက်သွန်နီစျေးနှုန်းမှာ ယခင်တစ်ပတ်နှင့် စျေးကွာခြားမှုမရှိဘဲ အဝင်အနည်းငယ်လျော့သွားကြောင်း သိရသည်။

**ချောစုဝင်း (ရတနာပုံကုန်သွယ်မှုဗဟိုဌာန)**

## ကရင်ဒေသထွက် တောင်ပို့မှို စျေးကောင်းရ

ကရင်ပြည်နယ်အတွင်းရှိ သာမည၊ ထီလုံ၊ ဝါးဘိုးတောနှင့် ရွှေဂွန်းစသော ကျေးရွာများမှ ထွက်ရှိသော တောင်ပို့မှို(သဘာဝမှို) များမှာ ယခုနှစ်တွင် အထွက်နည်းသဖြင့် စျေးကောင်းရနေကြောင်း သိရသည်။

ယခင်နှစ်ကဘားအံစျေးကွက်တွင် သဘာဝမှို တစ်ပိဿာကို ကျပ် ၈၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀ စျေးရခဲ့ပြီး ဒီနှစ်မှာတော့ တစ်ပိဿာကို ကျပ် ၁၀၀၀၀ မှ ကျပ် ၁၅၀၀၀ အတွင်းရှိကြောင်း နေ့စဉ် အရောင်းအဝယ်ဖြစ်နေကြောင်း စျေးကွက်အတွင်းမှ သိရသည်။

**ခင်မောင်မောင်အုန်း(ဖွဲ့ကပင်ကုန်သွယ်မှုဗဟိုဌာန)**

## လျှော်ဖြူကို နည်းလမ်းကောင်းများနှင့် ရွေးချယ်စိုက်ပျိုးသင့်

ဇူလိုင်ဒုတိယပတ်အတွင်း လျှော်ဖြူ တစ်ပိဿာ ကျပ် ၂၈၀၀၀ မှ ၃၅၀၀၀ ထိရှိပြီး အရည်အသွေး ကောင်းမွန်ပါက ကျပ် ၄၀၀၀၀ ထိ စျေးရကြသည်။ ထို့ကြောင့် တောင်သူများအနေဖြင့် နှစ်ရှည်သီးနှံ လျှော်ဖြူကို စိုက်ပျိုးသင့်သည်။ မျိုးသန့် တစ်ပြည်လျှင် ကျပ် ၁၅၀၀၀၊ ရှယ် ကျပ် ၂၀၀၀၀၊ ပျိုးပင် ခုနစ်လသား ကျပ် ၂၀၀၊ (၁၀)လ သား ကျပ် ၃၀၀၊ တစ်နှစ်သား ကျပ် ၅၀၀ ရှိသည်။

တစ်ဧကအပြတ် ကျပ် ၁၅၀၀၀၀ ဖြင့်လည်း အပြတ်စိုက်ပျိုးပေးခြင်းများလည်းရှိသည်။ တောင်သူများအနေဖြင့် မိမိတို့ဒေသ၊ မိမိတို့မြေနှင့် ကိုက်ညီသော နည်းလမ်းကောင်းများနှင့် ရွေးချယ်စိုက်ပျိုးသင့်ပါသည်။

**နေမျိုးဝေ**
**(ပြည်ကုန်သွယ်မှုဗဟိုဌာန)**



## ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှု

ဇူလိုင် ၁၇ ရက်တွင် ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမှဝင်ရောက်လာသော ကြက်သွန်နီရှယ်စ ကျပ် ၈၅၀၊ လတ်ကြီး ၇၇၅ ကျပ်၊ လတ်သန့် ကျပ် ၇၀၀၊ လတ်ချော ကျပ် ၆၀၀၊ မုံရွာမှဝင်ရောက်လာသော ကြက်သွန်နီရှယ်စ ၈၇၅ ကျပ်၊ လတ်ကြီး ကျပ် ၈၀၀၊ လတ်သန့် ၇၂၅ ကျပ်၊ လတ်ချော ၆၂၅ ကျပ်၊ ပခုက္ကူ မှဝင်ရောက်လာသော ကြက်သွန်နီရှယ်စ ကျပ် ၈၇၅၊ လတ်ကြီး ကျပ် ၈၀၀၊ လတ်သန့် ကျပ် ၇၂၅၊ လတ်ချော ၆၂၅ ကျပ်သီးသီးဖြစ်ပြီး ရန်ကုန်မြို့ဒေသအတွင်း လက်လီပြန်လည်ရောင်းချသူများမှ ဝယ်ယူခဲ့ကြောင်း သိရသည်။

ကုန်စည်ဒိုင်သို့ ဇူလိုင် ၁၇ ရက်တွင် ကြက်သွန်ကား အစီးရေ ၂၂ စီး၊ စုစုပေါင်း ပိဿာချိန် ၁၃၂၀၀၀ ပိဿာဝင်ရောက်ခဲ့ကြောင်း ကုန်စည်ဒိုင်စျေးကွက်မှ သိရှိရသည်။

**ရွှေဝါထွန်း(မြင့်တင်ပြည်တွင်း-ရန်ကုန်)**

## ငါးပိနှင့် ငံပြာရည်များ စျေးမတက်နိုင်သော်လည်း ငါးခြောက်စျေး မြင့်တက်နိုင်ခြေရှိ

မြန်မာနိုင်ငံသားများ၏ နေ့စဉ်စားသုံးမှုတွင်ပါဝင်လျက်ရှိသည့် ငါးပိနှင့် ငံပြာရည်စျေးနှုန်းများ မြင့်တက်မှု မရှိနိုင်သော်လည်း ငါးခြောက်စျေးနှုန်းများ မြင့်တက်မှုဖြစ်ပေါ် လာနိုင်ကြောင်း သိရသည်။

ယခင်နှစ်က ထွက်ရှိခဲ့သော ရေချို-ရေငန်ငါးများကို ငါးပိနှင့် ငံပြာရည် ကုန်ကြမ်းများအဖြစ် လုံလောက်စွာ သိုလှောင်ထားပြီးဖြစ်သည့်အတွက် ၂၀၁၉ ခုနှစ် မိုးရာသီ ပင်လယ်ငါးမဖမ်းရရာသီ တားမြစ်ပိတ်ပင်မှုများနှင့် အင်းအိုင်များတွင် ငါးရစ်၊ ငါးသန် တားမြစ်ချက်များရှိသော်လည်း ငါးပိနှင့် ငံပြာရည်စျေးနှုန်းများ မြင့်တက်လာရန်မရှိကြောင်း သိရသည်။

ငါးခြောက်လုပ်ငန်း၏ အဓိကကုန်ကြမ်းဖြစ်သော ငါးအမျိုးအစားမှာ မွေးမြူရေးငါးတန်ဖြစ်သည့်အတွက် ၂၀၁၉ ခုနှစ်တွင် မွေးမြူရေးငါးစျေးနှုန်းများ ယခင်နှစ်တွင် ဖြစ်ပေါ် ခဲ့သည့် စျေးနှုန်းများထက် ၅၀ ရာခိုင်နှုန်း မှ ၆၀ ရာခိုင်နှုန်းအထိ မြင့်တက်မှုများ ဖြစ်ပေါ် နေသည့်အတွက် ငါးခြောက်စျေးနှုန်းများမှာ ကုန်ကြမ်းစျေးကြီးမြင့်မှုကြောင့် မြင့်တက်လာနိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ငါးပိ၊ ငါးခြောက်၊ ငံပြာရည် ထုတ်လုပ်ရောင်းဝယ်သူများ အသင်းမှ သိရသည်။

**သဥ္ဇာ၊မြင့်တင်-ပြည်တွင်း(ရန်ကုန်)**

## နှမ်းနက် စျေးကောင်းရလျက်ရှိ

မကွေးတိုင်းဒေသကြီးအတွင်း ကုန်စည်ဒိုင်စျေးနှုန်းများတွင် ဒေသထွက်သီးနှံများ အရောင်းအဝယ်ဖြစ်လျက်ရှိရာ ယခုအပတ်တွင်နှမ်းနက်(စမုံ)၊ နှမ်းနက်(ဂွ)ရိုးရိုးတို့စျေးကောင်းရလျက်ရှိသည်။ ဇူလိုင် ၁၀ရက်တွင် နှမ်းနက်စမုံ(အလတ်စ) ၄၅ ပိဿာ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၂၅၈၀၀၀၊ နှမ်းနက်(ဂွ)ရိုးရိုး(အလတ်စ) ၄၅ ပိဿာ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၉၀၀၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်နေရာမှ ယခုတစ်ပတ် ဇူလိုင် ၁၅ ရက်တွင် နှမ်းနက်စမုံ(အလတ်စ) ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၂၆၅၀၀၀ ဖြစ်၍ နှမ်းနက်(စမုံ)အလတ်စ ၁၅ ပိဿာ တစ်တင်းလျှင် ကျပ် ၂၃၀၀၀န်းကျင် စျေးမြင့်တက် အရောင်းအဝယ်ဖြစ်ခဲ့သည်။

နှမ်းနက်(ဂွ)ရိုးရိုး (အလတ်စ)ဆိုလျှင်လည်း ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၂၀၀၀၀၀ ဖြစ်၍ နှမ်းနက်(ဂွ) ရိုးရိုးအလတ်စ ၁၅ ပိဿာ တစ်တင်းလျှင် ကျပ် ၃၃၀၀ ဝန်းကျင် စျေးမြင့်တက်အရောင်း အဝယ်ဖြစ်လျက်ရှိသည်။

နှမ်းနက်များ လက်ကျန်နည်းပါးချိန် အဝယ်လိုက်၍ ယခုကဲ့သို့စျေးနှုန်းမြင့်တက် အရောင်းအဝယ် ရှိလျက်ကြောင်း ကုန်သည်များထံမှ သိရှိရသည်။ ယခုနှစ် နှမ်းစိုက်တောင်သူများအနေဖြင့် ရာသီဥတုကောင်းမွန်သဖြင့် နှမ်းထွက်နှုန်းများ ယခင်နှစ်ကထက် ပိုမိုထွက်ရှိမည်ဟု တောင်သူများထံမှ သိရှိရသည်။

**လှမိုးခိုင်(ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန)**

## မုံရွာကုန်စည်ဒိုင်တွင် နှမ်းသီးနှံများ အရောင်းအဝယ်သွက်

မုံရွာကုန်စည်ဒိုင်သို့ ဝင်ရောက်လာသည့် နှမ်းသီးနှံစျေးကွက်မှာ တရုတ်ဝယ်လက်ရှိ၍ အရောင်းအဝယ် သွက်လျက်ရှိကြောင်းသိရသည်။

ကုန်စည်ဒိုင်သို့ နေ့စဉ်ဝင်ရောက်မှုမှာ နှမ်းမျိုးစုံ တင်း ၁၀၀၀/၁၅၀၀ ခန့်ရှိပြီး အဝင်ရှိသလောက် တရုတ်သို့တင်ပို့သည့် ကုန်သည်များမှ ဝယ်ယူလျက်ရှိကြောင်း သိရသည်။

ယခုတစ်ပတ်အတွင်း နှမ်းသီးနှံပေါက်စျေးနှုန်းများမှာ နှမ်းဖြူတစ်တင်း ကျပ် ၅၁၀၀၀မှ၅၄၀၀၀၊ နှမ်းညို ကျပ်၅၁၀၀၀၊ နှမ်းနက် ကျပ် ၇၅၀၀၀ မှ ၈၅၀၀၀၊ နှမ်းဝါ ကျပ် ၄၉၀၀၀၊ ဆီနှမ်း ကျပ်၄၉၀၀၀ နှုန်း အသီးသီးပေါက်စျေးရှိကြောင်း သိရသည်။ ယခင်နှစ်ကာလတူအချိန် ပေါက်စျေးနှုန်းမှာ နှမ်းဖြူတစ်တင်း ကျပ်၄၆၀၀၀၊ နှမ်းညို ကျပ်၄၁၀၀၀၊ နှမ်းနက် ကျပ် ၄၃၀၀၀ မှ ၄၅၀၀၀ နှုန်းပေါက်လျှက်ရှိပြီး တစ်တင်းကိုနှမ်းဖြူကျပ် ၅၀၀၀ခန့်၊ နှမ်းညို ကျပ် ၁၀၀၀၀ခန့်၊ နှမ်းနက်ပေါက်စျေးနှုန်းမှာ ထက်ဝက်နီးပါးခန့် စျေးမြင့်လျက်ရှိကြောင်း သိရသည်။

ယခုတစ်ပတ် မုံရွာကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသည့် နှမ်းဆီတစ်ပိဿာ ပေါက်စျေးနှုန်းမှာ ကျပ် ၆၅၀၀နှုန်းပေါက်လျက်ရှိကြောင်း သိရသည်။

**ကြည်ကြည်နွယ် (ဖေယျာကုန်သွယ်မှုဗဟိုဌာန)**

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၁၉ခုနှစ် ဇူလိုင် ၁၅ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၃၃ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် Jamaica နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ခုနစ်ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ နီပေါ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ ဒိန်းမတ်၊ အီဂျစ်၊ ဂျာမနီ၊ ဂျော်ဒန်၊ ကူဝိတ်၊ နယ်သာလန်၊ နော်ဝေ၊ ကာတာနှင့်တောင်အာဖရိကစသည့် နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၇၀ နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် အင်ဒိုနီးရှား၊ ဂျပန်၊ ရုရှား၊ တောင်ကိုရီးယား၊ ဘရာဇီး၊ ဆွီဒင်နှင့် ယူကရိန်း စသည့် နိုင်ငံပေါင်း ကိုးနိုင်ငံသာရှိ၍ ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၁ ဒသမ ၆၀ ရာခိုင်နှုန်းထိကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ထိုင်းနိုင်ငံတွင် ၁ ဒသမ ၈၀ ရာခိုင်နှုန်းနှင့် စင်ကာပူနိုင်ငံတွင် ၁ ဒသမ ၃၀ ရာခိုင်နှုန်းဖြင့်ဈေးနှုန်းများမြင့်တက်ခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံတွင် ၁ ဒသမ ၅၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၂၂ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် India နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းထက် ၃ ဒသမ ၆၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ နီပေါ၊ ပါကစ္စတန်၊ ရုရှား၊ သီရိလင်္ကာ၊ ဘာဘေဒို၊ ဒိန်းမတ်၊ အီဂျစ်၊ ဂျာမနီ၊ ဂျော်ဒန်၊ ကူဝိတ်၊ နယ်သာလန်၊ နယူးဇီလန်နှင့် နော်ဝေ စသည့်နိုင်ငံများ အပါအဝင် ၇၅ နိုင်ငံတွင် ယခင်တစ်ပတ်များအတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် တောင်ကိုရီယား၊ ဂျပန်၊ ပြင်သစ်၊ ကနေဒါ၊ ဆွီဒင်၊ ကင်ညာနှင့် ယူကရိန်း စသည့် နိုင်ငံ ၁၅ နိုင်ငံသာရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၁ ဒသမ ၉၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ထိုင်းနိုင်ငံတွင် သုံးရာခိုင်နှုန်းနှင့် စင်ကာပူနိုင်ငံတွင် ၁ ဒသမ ၆၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများမြင့်တက်ခဲ့ပြီး ကျန်ရှိသောအာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ်တစ်လီတာဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၅၈ | ၀.၆၀ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၃ | ၀.၈၉ |
| ၃ | ထိုင်း | လီတာ | ၁.၁၇ | ၀.၈၈ |

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း



ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၉ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် International Rice Market Website ၌ ဖော်ပြချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ညှော့မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၈ ဖြင့် လည်းကောင်း၊ ညှော့မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၇ ဖြင့် လည်းကောင်း၊ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ % ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ၃၉၅ ဖြင့်လည်းကောင်း၊ ညှော့မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၅ ဖြင့် လည်းကောင်း၊ ညှော့မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၈၀ ဖြင့် လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၄၁၉ ဒေါ်လာဖြင့်လည်းကောင်း ရှိခဲ့သည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ညှော့မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၀ ဖြင့် လည်းကောင်း၊ ညှော့မထ ၂၅ မှတ် ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၁၅ ဖြင့် လည်းကောင်း၊ အိန္ဒိယနိုင်ငံတွင် ညှော့မထ ၂၅ မှတ် ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၅ ဖြင့်လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၈ ဖြင့်လည်းကောင်း အသီးသီးရှိသည်ကိုလေ့လာ တွေ့ရှိ ရသည်။ ယခင်တစ်ပတ် ဈေးနှုန်းများနှင့်နှိုင်းယှဉ်ပါက ထိုင်းနိုင်ငံတွင် ဆန်ဈေးနှုန်းများ အနည်းငယ်ကျဆင်းခဲ့ပြီး ဗီယက်နမ်၊ ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့တွင် ဆန်ဈေးနှုန်းများ အနည်းငယ် ဈေးမြင့်တက်ခဲ့ကြောင်း လေ့လာသိရှိရသည်။

ဆန်ဈေးကွက်နှင့်စပ်လျဉ်းသည့် ပြည်ပသတင်းများအနေဖြင့် ထိုင်းနိုင်ငံတွင် ဘတ်ငွေတန်ဖိုး မြင့်တက်မှုကြောင့် ၂၀၁၉ ခုနှစ် ပထမနှစ်ဝက်အတွင်း ထိုင်းဆန်တင်ပို့မှု ၁၂ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ယခုနှစ်၏ ပို့ကုန်မျှော်မှန်းချက် တန်ချိန် ၉ ဒသမ ၅ သန်းကို ပြည့်မီဖွယ်မရှိကြောင်း ပို့ကုန်လုပ်ငန်းရှင် အဖွဲ့တစ်ဖွဲ့က ပြောကြားခဲ့သည်ကို သိရှိရသည်။ ထိုင်းဘတ်ငွေသည် အာရှတိုက်၏ တန်ဖိုးမြင့်တက်မှု အားအကောင်းဆုံး ငွေကြေးတစ်ခုဖြစ်နေပြီး ယခုနှစ်တွင် အမေရိကန်ဒေါ်လာနှင့် နှိုင်းယှဉ်ချက်အရ ခြောက်နှစ်ကျော်နီးပါးအတွင်း အမြင့်ဆုံးအထိ အားကောင်းလျက်ရှိသဖြင့် ထိုင်းနိုင်ငံတွင် ဆန်တင်ပို့ရာ၌ အခက်တွေ့နေကြောင်း၊ ကမ္ဘာ့ဆန်တင်ပို့မှု ဒုတိယအများဆုံးအဖြစ် ရပ်တည်နေသော ထိုင်းနိုင်ငံသည် ယခုနှစ် ဇန်နဝါရီမှ ဇွန်လအတွင်း ဆန်တန်ချိန် ၄ ဒသမ ၂ သန်းတင်ပို့ခဲ့ပြီး နောက်ဆုံး နှစ်လ၏တင်ပို့မှုမှာ တစ်လလျှင် တန်ချိန် ခြောက်သိန်းသို့ နိမ့်ကျလာခဲ့ကြောင်း သိရှိရသည်။

၎င်းမှာ လစဉ်တင်ပို့မှုမျှော်မှန်းပမာဏ တန်ချိန်ရှစ်သိန်း အောက် လျော့နည်းခဲ့ခြင်းဖြစ်ပြီး ငွေလဲနှုန်းအရ ထိုင်းဆန်ဈေးသည် အလွန်ကြီးမြင့်နေခြင်းဖြစ်ကြောင်း ထိုင်းဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်း၏ ဂုဏ်ထူးဆောင်ဥက္ကဌ Chookiat Ophaswongse က ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်ကို သိရှိရသည်။ ထိုင်းငါးမှတ်ဆန်ဈေးသည် ပြီးခဲ့သည့် ကြာသပတေးနေ့တွင် တစ်တန်လျှင် ၄၀၂ ဒေါ်လာ၌ ရပ်တည်နေရာ ၃၃၂-၃၇၂ ဒေါ်လာအသီးသီးရှိသော ပြိုင်ဘက် အိန္ဒိယနှင့် ဗီယက်နမ် နိုင်ငံတို့၏ ဆန်ဈေးနှုန်းများထက် သိသိသာသာ မြင့်မားနေခဲ့ပါသည်။ ထိုင်းဆန်ပို့ကုန်လုပ်ငန်းရှင်များ အသင်းသည် ယခုနှစ်ဦးပိုင်းက လက်ရှိနှစ်တွင် ဆန်တန်ချိန် ၉ ဒသမ ၅ သန်း တင်ပို့မည်ဟု မျှော်မှန်းထားခဲ့ရာ ယခုအခါ ဆန်တန်ချိန် ကိုးသန်းအထိ တင်ပို့နိုင်ရန်ပင် ခက်ခဲကြောင်း Chookiat ကပြောကြားခဲ့သည်ကို သိရှိရသည်။

ထိုင်းနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဆန်ဈေးကွက်ယှဉ်ပြိုင်မှုနှင့်လည်း ကြုံတွေ့နေရပြီး ကမ္ဘာ့ဆန်တင် သွင်းမှုအများဆုံးနှင့် ထိုင်း၏ တတိယအကြီးဆုံး ဆန်ဝယ်လက် ဖြစ်သည့် တရုတ်နိုင်ငံသည် ယမန်နှစ်တွင် နိုင်ငံ၏အရန်ဆန်များကို ပြန်လည်ရောင်းချခဲ့သည်။ တရုတ်နိုင်ငံသည် နိုင်ငံ၏အရန်ဆန် ပမာဏများနေခြင်းကြောင့် အကြီးဆုံး ဆန်ကုန်သွယ်ဖက်နိုင်ငံများဖြစ်သော ဗီယက်နမ်၊ ထိုင်းတို့နှင့် ကုန်သွယ်မှုလျှော့ချခဲ့ပြီး နိုင်ငံပိုင်ဆန်ဟောင်းများကို ယခင်က ထိုင်းနိုင်ငံ၏ ဈေးကွက်ဖြစ်သည့် အာဖရိကဈေးကွက်များတွင် ရောင်းချခဲ့သည်ဟု Chookiat က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံသည် ဇန်နဝါရီလမှ မေလအတွင်း တရုတ်နိုင်ငံသို့ ဆန် ဘတ်ငွေ ၃ ဒသမ ၇ ဘီလျံ (အမေရိကန် ဒေါ်လာ ၁၂၀ ဒသမ ၁ သန်း) ရောင်းချခဲ့ရာ ယခင်နှစ် အလားတူ ကာလထက် ၄၅ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ထိုင်းကုန်သွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သော စာရင်းများအရ သိရှိရသည်။ တရုတ်နိုင်ငံတွင် ဆန်ပိုလျှံနေခြင်းကြောင့် ထိုင်းအစိုးရနှင့် တရုတ်အစိုးရပိုင် COFCO ကုန်သွယ်ရေးလုပ်ငန်းတို့၏ အစိုးရချင်းသဘော တူညီသော ဆန်အရောင်းအဝယ်မှာလည်း တုံ့ဆိုင်းလျက်ရှိကြောင်း သိရှိရသည်။

ပြည်တွင်းဆန်စပါး သတင်းများအနေဖြင့် တရုတ်နိုင်ငံမှ မြန်မာ့ဆန်ကို စက်မှုကုန်ကြမ်းသုံးနှင့် အစားအသောက်လုပ်ငန်းများတွင် အသုံးပြုရန်အတွက် အရည်အသွေးစစ်ဆေး၍ အနည်းငယ် ပြန်လည်ဝယ်ယူမှုကြောင့် မူဆယ်နယ်စပ်မှ တစ်နေ့လျှင် တန်ချိန် ၁၅၀၀ ကျော် တင်ပို့နေရကြောင်း ဆန်စပါးကုန်သည်များထံမှ သိရှိရသည်။ တရုတ်နိုင်ငံဘက်မှ ဆန်ဝယ်ယူရာတွင် ဝယ်ယူသူများ၏ လိုအပ်ချက်များအရ အရောင်းအဝယ်ပြုလုပ်ရာတွင် ပွင့်လင်းမြင်သာမှုရှိပြီး အရည်အသွေးပေါ် မူတည်၍ ကြိုက်ရောင်းကြိုက်ဝယ်စနစ်ဖြင့် အရောင်းအဝယ် ပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။

တရုတ်ကုန်သည်များအနေဖြင့် မြန်မာနိုင်ငံက ဝယ်ယူသည့် ငစိန်ဆန်၊ ညှော့မထဆန်များကို စက်မှုကုန်ကြမ်းလုပ်ငန်းများ၊ ဆန်ခေါက်ဆွဲ၊ ဆန်ကြာဆံ၊ မုန့်မျိုးစုံနှင့် အရက်ချက်လုပ်ရာတွင်လည်းကောင်း၊ အရည်အသွေးညံ့ဆန်များနှင့် ဆန်ကွဲတို့ကို တိရစ္ဆာန်အစာအတွက်လည်းကောင်း အသုံးပြုလျက်ရှိကြောင်း၊ မူဆယ်နယ်စပ်မှ တရုတ်နိုင်ငံသို့တင်ပို့သည့် ညှော့မထဆန် အမျိုးအစားများသည် ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ တင်ပို့နေခြင်းဖြစ်ကြောင်း သိရှိရသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၁၉ ခုနှစ် ဇူလိုင် ၁၇ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း တစ်ယွမ်လျှင် ၂၂၀ ကျပ်နှုန်းရှိပြီး ညှော့မထဆန် ၂၅ မှတ်ဆန် တစ်အိတ်လျှင် ကျပ် ၂၀၂၄၀ မှ ကျပ် ၂၀၄၆၀ အထိ ပေါက်ဈေးရှိကြောင်း သိရှိရသည်။

**စာမျက်နှာ ၁၇ သို့**

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

| | | | | |
|---|---|---|---|---|
| ၄ | ဗီယက်နမ် | လီတာ | ၀.၈၈ | ၀.၇၂ |
| ၅ | စင်္ကာပူ | လီတာ | ၁.၆၀ | ၁.၃၂ |
| ၆ | မလေးရှား | လီတာ | ၀.၅၁ | ၀.၅၃ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၀.၉၉ | ၀.၈၀ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၀.၉၅ | ၀.၈၄ |
| ၉ | လာအို | လီတာ | ၁.၂၄ | ၁.၀၀ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၁၉ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီတစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၂ နှင့် ဒီဇယ်ဆီတစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၂ ရှိပြီး စက်သုံးဆီဈေးနှုန်း နိုင်ငံအလိုက်နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၅၈ ဒေါ်လာနှုန်းဖြင့် ၂၂ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၆၀ ဒေါ်လာနှုန်းဖြင့် ၂၅ နိုင်ငံမြောက်တွင် ရှိနေကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး/အများဆုံး နိုင်ငံများစာရင်းကို တစ်လီတာဈေးနှုန်းများဖြင့် တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | Cuba | လီတာ | ၀.၀၉ | ဟောင်ကောင် | လီတာ | ၂.၂၂ |
| ၂ | ဆူဒန် | လီတာ | ၀.၁၄ | နော်ဝေ | လီတာ | ၁.၉၇ |
| ၃ | အီရန် | လီတာ | ၀.၂၉ | Monaco | လီတာ | ၁.၉၄ |
| ၄ | ကူဝိတ် | လီတာ | ၀.၃၄ | ဘာဘေဒို | လီတာ | ၁.၉၁ |
| ၅ | အယ်ဂျီရီးယား | လီတာ | ၀.၃၅ | Iceland | လီတာ | ၁.၉၁ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၀၇ | Monaco | လီတာ | ၁.၈၅ |
| ၂ | Cuba | လီတာ | ၀.၀၈ | ဟောင်ကောင် | လီတာ | ၁.၈၅ |
| ၃ | ဆူဒန် | လီတာ | ၀.၀၉ | Iceland | လီတာ | ၁.၈၂ |
| ၄ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၃ | နော်ဝေ | လီတာ | ၁.၈၁ |
| ၅ | အယ်ဂျီးရီးယား | လီတာ | ၀.၁၉ | ဆွစ်ဇာလန် | လီတာ | ၁.၇၂ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်သော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၀၅ | ၀.၉၃ |
| ၂ | ဂျပန် | လီတာ | ၁.၃၁ | ၁.၁၃ |
| ၃ | အိန္ဒိယ | လီတာ | ၁.၁၁ | ၁.၀၀ |

Oil-Price.Net Website ၌ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ် ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်

## ကေသွယ်(တန့်ဆည်မြေ)


ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၁၂.၇.၂၀၁၉ | စည် | ၆၀.၂၀ |
| ၂ | ၁၅.၇.၂၀၁၉ | စည် | ၅၉.၅၈ |
| ၃ | ၁၇.၇.၂၀၁၉ | စည် | ၅၇.၆၂ |

source : http://www.oil-price.net/

၂၀၁၉ ခုနှစ် မေ ၂၀ ရက်မှ ဇူလိုင် ၁၅ ရက်အထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်း ပြောင်းလဲမှုများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-




စာမျက်နှာ ၁၆ သို့

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ဆက်တိုက်မြင့်တက်လာသော ကမ္ဘာ့ရွှေဈေးသည် ဇူလိုင် ၁၁ ရက်တွင် ရွှေတစ်အောင်စလျှင် ၁၄၂၂ ဒေါ်လာဖြစ်ပေါ်ခဲ့ရာမှ ဇူလိုင် ၁၇ ရက် တွင် ၁၄၀၁ ဒေါ်လာသို့ ပြန်လည်ကျဆင်းခဲ့သော်လည်း ဇူလိုင် ၁၈ရက်တွင် ၁၄၂၂ ဒေါ်လာသို့ ပြန်လည် မြင့်တက်ခဲ့သည်ကို တွေ့ ရှိရသည်။ ပြည်တွင်းဈေးကွက်တွင်လည်း ဇူလိုင် ၁၁ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၁၃၃၅၀၀ကျပ်မှ အတက်အကျ အပြောင်းအလဲများဖြစ်ပေါ်လျက်ရှိပြီး ဇူလိုင် ၁၈ ရက် မနက်ပိုင်းဈေးကွက်အဖွင့်ဈေးကျပ် ၁၁၄၃၅၀၀ သို့ မြင့်တက်လာခဲ့သည်ကို ရွှေဘုံသာရွှေဈေးကွက်အတွင်းမှ သိရှိရ သည်။

၂၀၁၉ ခုနှစ် ဇူလိုင် ၂ ရက်မှ ၁၈ ရက်အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေးအခြေအနေတို့ကို အောက်ပါအတိုင်း တွေ့ရှိရသည်-

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | အခေါက်ရွှေ ၁ ကျပ်သားဈေးနှုန်း | (ဒေါ်လာ/ အောင်စ) |
| ၁ | ၂.၇.၂၀၁၉ | ၁၁၀၅၀၀၀ | ၁၃၉၃ |
| ၂ | ၃.၇.၂၀၁၉ | ၁၁၂၀၅၀၀ | ၁၄၂၅ |
| ၃ | ၄.၇.၂၀၁၉ | ၁၁၁၉၅၀၀ | ၁၄၁၅ |
| ၄ | ၅.၇.၂၀၁၉ | ၁၁၂၃၅၀၀ | ၁၄၁၄ |
| ၅ | ၆.၇.၂၀၁၉ | ၁၁၁၈၀၀၀ | ၁၃၉၉ |
| ၆ | ၇.၇.၂၀၁၉ | ၁၁၁၆၅၀၀ | ၁၃၉၉ |
| ၇ | ၈.၇.၂၀၁၉ | ၁၁၂၃၀၀၀ | ၁၄၀၅ |
| ၈ | ၁၀.၇.၂၀၁၉ | ၁၁၂၄၅၀၀ | ၁၃၉၆ |
| ၉ | ၁၁.၇.၂၀၁၉ | ၁၁၃၃၅၀၀ | ၁၄၂၂ |
| ၁၀ | ၁၂.၇.၂၀၁၉ | ၁၁၃၀၀၀၀ | ၁၄၀၆ |
| ၁၁ | ၁၃.၇.၂၀၁၉ | ၁၁၃၅၀၀၀ | ၁၄၁၆ |
| ၁၂ | ၁၄.၇.၂၀၁၉ | ၁၁၃၅၀၀၀ | ၁၄၁၆ |
| ၁၃ | ၁၅.၇.၂၀၁၉ | ၁၁၃၉၅၀၀ | ၁၄၁၅ |
| ၁၄ | ၁၇.၇.၂၀၁၉ | ၁၁၃၅၅၀၀ | ၁၄၀၁ |
| ၁၅ | ၁၈.၇.၂၀၁၉ | ၁၁၄၃၅၀၀ | ၁၄၂၂ |

Source: estimate of world's exchange rate and gold price page

စာမျက်နှာ ၁၇ သို့

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရသည်။ အဆိုပါ website တွင် ဖော်ပြချက်များအရ သကြားဖြူ (White Sugar) တစ်တန်လျှင် ၁-၇-၂၀၁၉ ရက်တွင် အမေရိကန်ဒေါ်လာ ၃၂၉ ဒသမ ၃၀ ဒေါ်လာပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး ၁၆-၇-၂၀၁၉ ရက်တွင် သကြားဖြူ (White Sugar) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၁၉ ဒသမ ၆၀ ဖြစ်ပေါ်ခဲ့သည်ကို အောက်ပါအတိုင်း တွေ့ရှိရသည်-

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 16-Jul-19 | 12.73 cts/lb | 13.01 cts/lb | 319.60 $/T | 14.50 cts/lb |
| 15-Jul-19 | 12.80 cts/lb | 13.02 cts/lb | 305.00 $/T | 13.83 cts/lb |
| 12-Jul-19 | 13.00 cts/lb | 13.01 cts/lb | 315.00 $/T | 14.29 cts/lb |
| 11-Jul-19 | 13.08 cts/lb | 12.99 cts/lb | 321.35 $/T | 14.58 cts/lb |
| 10-Jul-19 | 13.17 cts/lb | 12.98 cts/lb | 324.25 $/T | 14.71 cts/lb |
| 9-Jul-19 | 13.04 cts/lb | 12.97 cts/lb | 322.35 $/T | 14.62 cts/lb |
| 8-Jul-19 | 13.11 cts/lb | 12.97 cts/lb | 324.35 $/T | 14.71 cts/lb |
| 5-Jul-19 | 13.02 cts/lb | 12.97 cts/lb | 323.05 $/T | 14.65 cts/lb |
| 4-Jul-19 | 13.09 cts/lb | 12.97 cts/lb | 323.50 $/T | 14.67 cts/lb |
| 3-Jul-19 | 13.16 cts/lb | 12.98 cts/lb | 324.45 $/T | 14.72 cts/lb |
| 2-Jul-19 | 13.00 cts/lb | 12.97 cts/lb | 322.70 $/T | 14.64 cts/lb |
| 1-Jul-19 | 13.20 cts/lb | 12.97 cts/lb | 329.30 $/T | 14.94 cts/lb |

Source: www.isosugar.org

သကြားဈေးကွက်နှင့်ပတ်သက်သည့် ပြည်ပသတင်းများအနေဖြင့် ထိုင်းနိုင်ငံသည် လာမည့်သီးနှံရာသီတွင် သကြားတန်ချိန် ၁၃ သန်းဝန်းကျင် ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ယခင်နှစ် သကြားထုတ်လုပ်မှုထက် ခုနစ်ရာခိုင်နှုန်း လျော့နည်းမည်ဟု နိုင်ငံ၏ ကြံနှင့်သကြားလုပ်ငန်းအဖွဲ့က အင်္ဂါနေ့တွင် ပြောကြားခဲ့သည်ကို သိရှိရသည်။ ကမ္ဘာပေါ်တွင် သကြားတင်ပို့မှု ဒုတိယအများဆုံး ဖြစ်သည့် ထိုင်းနိုင်ငံတွင် မိုးနည်းခြင်း၊ ကြံစိုက်ဧက ကျဆင်းခြင်းတို့ကြောင့် နိုဝင်ဘာလတွင် စတင်မည့် ၂၀၁၉-၂၀၂၀အတွင်း ကြံထုတ်လုပ်မှုမှာ နှစ်အလိုက် ရှစ်ရာခိုင်နှုန်းကျဆင်း၍ တန်ချိန် သန်း ၁၂၀ခန့်ရှိမည်ဟု ကြံနှင့်သကြား ဘုတ်အဖွဲ့ရုံး၏ အထွေထွေအတွင်းရေးမှူး Warawan Chitroon က ပြောကြားခဲ့သည်။

မိုးခေါင်မှုကြောင့် ကြံနှင့်သကြားထုတ်လုပ်မှုသည် ယခင်နှစ်ကထက် လျော့နည်းလာခဲ့သော်လည်း မိုးရေချိန်ကောင်းစွာရရှိပါက အထွက်နှုန်းကိန်းဂဏန်း တိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ လက်ရှိတွင် ကြံစိုက်ဧက ကျဆင်းလာခဲ့ပြီး ဈေးကောင်းမရရှိခြင်းကြောင့် တောင်သူများက ကြံအစား တခြားသီးနှံများကို အစားထိုးစိုက်ပျိုးလာကြကြောင်း သိရှိရသည်။

စာမျက်နှာ ၁၆ သို့

**စာမျက်နှာ (၈) ကဏန်းပျော့နှင့် နှမ်းနက် . . . မှအဆက်**

အရည်အသွေးပါ ကျဆင်းသည်။ ယခုတွင် ထိုကဲ့သို့ မဟုတ်တော့ဘဲ ရိတ်သိမ်းပြီး နှမ်းအစည်းများကို အမိုးအကာအောက်တွင် တန်းထိုး၍ ချိတ်ဆွဲနေလှန်းလာသည့်အတွက် ခေတ်ကြွင်းအာနိသင်နည်းကာ အရည်အသွေးကောင်း၊ အရောင်အဆင်းကောင်းသည့် နှမ်းများကို ရရှိစေခဲ့သည်။

ထိုကဲ့သို့ အရည်အသွေးကောင်းသည့် ကဏန်းပျော့နှင့် နှမ်းနက်များကို ပြည်ပနိုင်ငံများသို့ ရေရှည်တင်ပို့နိုင်မည် ဆိုပါက မြန်မာနိုင်ငံတွင် အလုပ်အကိုင် အခွင့်အလမ်းများ တိုးပွားလာမည်ဖြစ်သလို နိုင်ငံ့စီးပွားရေးကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူ ပြုလာနိုင်မည်လည်းဖြစ်သည်။ UMFCCI အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်စိုးက တောင်ကိုရီးယားနိုင်ငံကို နှမ်းနက်နှင့် ကဏန်းပျော့တို့ကို တင်ပို့လျက်ရှိကြောင်း၊ ယင်းအပြင် ပို့ကုန်အမယ်သစ်များကိုလည်း တင်ပို့နိုင်ရန်ကြိုးပမ်းနေကြောင်း၊ တောင်ကိုရီးယားလူမျိုးက အရသာအချိုကို ကြိုက်ကြောင်း၊ ဒါကြောင့် သရက်သီးလို အသီးအနှံမျိုးအပြင် တခြားထွက်ကုန်များလည်း တင်ပို့နိုင်ရန်လေ့လာသွားမည်ဖြစ်ကြောင်းနှင့် ပို့ကုန်အမယ်သစ် အနည်းဆုံး ၁၀ မျိုးခန့် ပို့နိုင်အောင် ကြိုးပမ်းနေကြောင်း ပြောသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ ၁၂-၇-၂၀၁၉ အထိ ပြည်ပသို့ နှမ်းတင်ပို့မှု အခြေအနေအား အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန ဘဏ္ဍာနှစ်အလိုက်နှမ်းတင်ပို့မှု(ပင်လယ်ရေကြောင်း+နယ်စပ်)**

တန်ဖိုး- ကန်ဒေါ်လာသန်း

| စဉ် | ဘဏ္ဍာနှစ် | ရေတွက်ပုံ | ပင်လယ်ရေကြောင်း | | နယ်စပ် | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|---|
| | | | အရေအတွက် | တန်ဖိုး | အရေအတွက် | တန်ဖိုး | အရေအတွက် | တန်ဖိုး |
| ၂ | ၂၀၁၅-၂၀၁၆ | တန် | ၁၄၄၁၂.၂၅၉ | ၂၄.၈၈၁ | ၈၂၂၀၈.၇၉၇ | ၁၀၆.၀၂၀ | ၉၆၆၂၁.၀၅၆ | ၁၃၀.၉၀၁ |
| ၃ | ၂၀၁၆-၂၀၁၇ | တန် | ၁၉၅၁၇.၁၃၅ | ၃၀.၁၆၀ | ၈၈၂၉၁.၂၁၇ | ၁၁၅.၅၃၆ | ၁၀၇၈၀၈.၃၅၂ | ၁၄၅.၆၉၆ |
| ၄ | ၂၀၁၇-၂၀၁၈ | တန် | ၂၂၅၅၁.၆၀၆ | ၃၁.၆၈၃ | ၉၈၃၉၉.၇၆၄ | ၁၁၅.၃၈၀ | ၁၂၀၉၅၁.၃၇၀ | ၁၄၇.၀၆၃ |
| ၅ | ၂၀၁၈(စက်တင်ဘာလ)ထိ | တန် | ၆၅၈၇.၇၅၄ | ၈.၅၇၀ | ၂၂၆၄၅.၅၅၀ | ၂၇.၈၇၀ | ၂၉၂၃၃.၃၀၄ | ၃၆.၄၄၀ |
| ၅ | ၂၀၁၈-၂၀၁၉ (၁၂-၇-၂၀၁၉)ယာယီ | တန် | ၁၂၉၈၉.၈၆၉ | ၂၂.၂၆၇ | ၇၇၂၅၄.၆၇၅ | ၁၂၅.၀၆၇ | ၉၀၂၄၄.၅၄၄ | ၁၄၇.၃၃၄ |

မြန်မာ့ထွက်ကုန်များအနေဖြင့် Made in Myanmar ဖြစ်ရေးအတွက် အရည်အသွေးကို အဓိကထားရမည်ဖြစ်ပြီး အစားအစာများဆိုလျှင် ဘေးကင်းရန် လိုအပ်သည်။ ထို့ပြင် ထုပ်ပိုးမှုနှင့် ပို့ဆောင်မှုများတွင်လည်း နည်းစနစ်ကျရန် များစွာလိုအပ်ပါသည်။ ကုန်ပစ္စည်းများကို တင်ပို့မှုအလားအလာ၊ အရည်အသွေးနှင့် တင်ပို့နိုင်မှုအပေါ် ချိတ်ဆက် ဆောင်ရွက်နေပြီး လက်ရှိကိုရီးယားနိုင်ငံတွင်လည်း Myanmar Trade Centre တစ်ခုကို ဖွင့်လှစ်၍ မြန်မာ့ထုတ်ကုန်များကို ကြော်ငြာ ရောင်းချခြင်းများကိုလည်း လုပ်ဆောင်လျက်ရှိနေပြီဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံနှင့် ဂျပန်နိုင်ငံတို့တွင် ကဏန်းပျော့နှင့် နှမ်းနက်များမှာ ဈေးကွက်ခိုင်မာမှု ရရှိနေပြီဖြစ်သော်လည်း ရရှိထားသည့် ဈေးကွက်ကို ပိုမိုခိုင်မာရန်နှင့် ပိုမိုချဲ့ထွင်နိုင်ရန်လိုအပ်သကဲ့သို့ လက်ရှိအရည်အသွေးထက် သာလွန်ကောင်းမွန်သည့် ကုန်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်ရန် နည်းပညာသစ်များဖြင့်လည်း ပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်သည်။

ကုန်ကြမ်းအဖြစ်မှသည် ကုန်ချောအဆင့်သို့ ပြောင်းလဲထုတ်လုပ် တင်ပို့နိုင်ရန်လည်း ကြိုးပမ်းရမည်ဖြစ်သည်။ ကဏန်းပျော့နှင့် နှမ်းနက်များကို တောင်ကိုရီးယားနိုင်ငံနှင့် ဂျပန်နိုင်ငံတို့သို့ တင်ပို့နေနိုင်သည်ကိုသာ ကျေနပ်မနေဘဲ တခြား ပြည်ပဈေးကွက်များ ပိုမိုရရှိအောင်လည်း စဉ်ဆက်မပြတ် ကြိုးပမ်းသွားရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# စစ်ကိုင်းပညာရေးကောလိပ်၌ စားသုံးသူ ကာကွယ်ရေး အသိပညာပေး ဟောပြော

စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးကောလိပ်၊ မြရောခန်းမ၌ ဇူလိုင် ၁၂ ရက်တွင် စားသုံးသူ ကာကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပခဲ့ရာ စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းနှင့် စစ်ကိုင်းခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ ကျောင်းဆရာ/ဆရာမ၊ ကျောင်းသား/ကျောင်းသူ ၆၅၅ဦး တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပညာရေးကောလိပ်မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မေမြတ်ခိုင်က အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းက စားသုံးသူရေးရာဦးစီးဌာနကို ၂၀၁၆ ခုနှစ်၊ ဧပြီလမှစ၍ ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း၊ စားသုံးသူရဲ့ အခွင့်အရေးသိရှိနိုင်ရန်၊ ကုန်စည်နှင့်ဝန်ဆောင်မှုကို သုံးစွဲရာမှ ရွေးချယ်တတ်စေရန်၊ စီးပွားရေးလုပ်ငန်းရှင်ရဲ့ တာဝန်များကိုသိရှိပြီး လိုက်နာဆောင်ရွက်သွားရန်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များကိုလည်း တိုင်းဒေသကြီးနှင့် ခရိုင်ရုံးများတွင် CICC ရုံးဖွဲ့စည်းထားရှိပြီး စားသုံးသူများ တိုင်ကြားနိုင်ရန်အတွက် ဖွင့်လှစ်ထားရှိကြောင်း၊ စားသုံးသူ ကာကွယ်ရေးဥပဒေကို ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်မှာ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၉)နှင့် ပြင်ဆင်ပြဋ္ဌာန်းခဲ့ကြောင်း၊ စားသုံးသူ ကာကွယ်ရေးအသိပညာပေးရေးလုပ်ငန်းများကိုလည်း မြို့နယ်၊ ခရိုင်၊ တိုင်းများတွင် ဟောပြောဆောင်ရွက်လျက်ရှိကြောင်းနှင့် တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပါဝင်ဆောင်ရွက်ရန် ပြောကြားခဲ့သည်။

ခရိုင်ဥပဒေအရာရှိ ဦးအောင်မြင့်က စားသုံးသူကာကွယ်ရေးဥပဒေသစ်အကြောင်း အသေးစိတ်အကျယ်တဝင့် ဆွေးနွေးခဲ့ခြင်း၊ ခရိုင်ကျန်းမာရေးဦးစီးဌာန ဒေါက်တာသော်တာထက်က စားသုံးသူများမှာ Supply Chain Safety ဆိုတဲ့ စိုက်ပျိုးသည်မှ ပန်းကန်ထဲရောက်သည်အထိ အရေးကြီးကြောင်း၊ အမျိုးသား အစားအသောက်ကာကွယ်ရေးဥပဒေပြဋ္ဌာန်းထားကြောင်း၊ ရုပ်ပိုင်းဆိုင်ရာအန္တရာယ်၊ ဇီဝအန္တရာယ်၊ ဓာတုအန္တရာယ်များအကြောင်းနှင့် ဘေးကင်းစိတ်ချလုံခြုံတဲ့ အစားအသောက်များ စစ်ဆေးစားသောက်ကြရန်နှင့် ယခုကောလိပ်တက်ရောက်နေသည့်ဆရာ/မများအနေဖြင့်ကျောင်းတွေမှာ တာဝန်ကျ၍ ဆောင်ရွက်ရတဲ့အခါ အစားအသောက်အန္တရာယ်ကို ဦးစားပေးဆောင်ရွက်ရန် မေတ္တာရပ်ခံပြောကြားခဲ့သည်။ ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဦးတင်အောင်ကျော်က စားသုံးသူရေးရာဦးစီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်၊ စီးပွားရေးလုပ်ငန်းရှင်တာဝန်၊ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူမှု၊ ကုန်စည်နှင့် စပ်လျဉ်း၍အာမခံချက်ပေးခြင်း၊ စီးပွားရေးလုပ်ငန်းရှင်၏ တားမြစ်ချက်များ၊ ကုန်အညွှန်း အမှတ်အသား ဖော်ပြခြင်း၊ စားသုံးသူနစ်နာဆုံးရှုံးမှုရှိပါက CICC ရုံးသို့ တိုင်ကြားနိုင်ကြောင်း ပြောကြားခဲ့သည်။

**သင်းယုန္တယ် (DOCA ) စစ်ကိုင်း**

**စာမျက်နှာ (၁၅) သကြား ပြည်တွင်းဈေးနှုန်း. . . မှအဆက်**

ထိုင်းနိုင်ငံသည် ၂၀၁၈-၂၀၁၉ ရာသီတွင် ကြံတန်ချိန် ၁၃၀ ဒသမ ၉၀ သန်းခန့်၊ သကြားတန်ချိန် ၁၄သန်းခန့်ထုတ်လုပ်ခဲ့ပြီး စက်ရုံသို့ တောင်သူများ ကြံရောင်းချရာတွင်ရရှိမည့် ကနဦးကြံဈေးမှာ ဆယ်စုနှစ်ကျော်အတွင်း အနိမ့်ဆုံးအဖြစ် တစ်တန်လျှင် ဘတ် ၇၀၀ အောက်သို့ကျရောက်မည်ဟု ခန့်မှန်းထားပြီး ကြံမှာ တောင်သူများကို ဆွဲဆောင်မှုနည်းသော သီးနှံဖြစ်လာနိုင်ကြောင်း၊ ကနဦးကြံဈေးကို ပို့ကုန်မှရရှိမည့် ခန့်မှန်းဝင်ငွေအပေါ် အခြေခံတွက်ချက်ပြီး နိုဝင်ဘာလ သီးနှံရာသီသစ် စခါနီးအချိန်တွင် တရားဝင် ထုတ်ပြန်ပေးလေ့ရှိကြောင်း သိရှိရသည်။

ယခုနှစ်တွင် ထိုင်းဘတ်ငွေသည် အာရှ၏ အားအကောင်းဆုံး ငွေကြေးတစ်မျိုးဖြစ်နေပြီး အမေရိကန်ဒေါ်လာနှင့် နှိုင်းယှဉ်ချက်အရ တန်းဖိုးမှာ ခြောက်နှစ်ကျော်အတွင်း အမြင့်ဆုံးသို့ ရောက်ရှိနေကြောင်း သိရှိရသည်။ ပြည်တွင်းငွေတန်ဖိုးမြင့်တက်ခြင်းသည် ပို့ကုန်များ၏ ဝင်ငွေကို ထိခိုက်စေပြီး တောင်သူများသည် ကြံအစား တခြားသီးနှံများကို အစားထိုးစိုက်ပျိုးလာနိုင်ကြောင်း သိရှိရသည်။ ကြံနှင့်သကြားဘုတ်အဖွဲ့၏ ခန့်မှန်းချက်များသည် ထိုင်းကြံနှင့် သကြားအထွက်ကျဆင်းနိုင်မည်ဟူသော အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာန၏ ဧပြီလထုတ် အစီရင်ခံစာပါ ခန့်မှန်းချက်များနှင့် ကိုက်ညီနေသည်ကို တွေ့ရှိရသည်။ ထိုင်းနိုင်ငံသည် နိုင်ငံတွင်းထုတ်လုပ်သော သကြားတန်ချိန် ၂ ဒသမ ၅ သန်းကို အသုံးပြုပြီး လက်ကျန်သကြားများကို ပြည်ပသို့တင်ပို့လျက်ရှိကြောင်း သိရှိရသည်။

၂၀၁၉ ခုနှစ် ဇူလိုင်လတတိယပတ်အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၇၇၄ ဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှဒေါ်လာ ၂၅၀၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၁၈-၄၃၀၊ အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၄၇၀-၅၉၈ ဖြစ်ပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက တရုတ် နှင့် အမေရိကန်နိုင်ငံတွင် သကြားဈေးနှုန်းများမှာ တည်ငြိမ်လျက်ရှိပြီး ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတွင် ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း သိရှိရသည်။ မြန်မာ-တရုတ် နယ်စပ်ရှိ တစ်ဖက်နိုင်ငံ ဒေသပေါက်ဈေးမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၆၅၂ ဖြစ်ကြောင်း လေ့လာသိရှိရသည်။

၂၀၁၉ ခုနှစ် ဇူလိုင်တတိယပတ်အတွင်း မြန်မာ-တရုတ်နယ်စပ် မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၆၅၁ ရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၇၇၄ ပေါက်ဈေးရှိသောကြောင့် တစ်တန် ပေါ်တွင် အမေရိကန်ဒေါ်လာ ၁၂၃ ဒေါ်လာ ဈေးနှုန်းကွာဟချက်ရှိသည်။ မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၁ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၂၆ ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရသည်။

ထို့ပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြား တစ်ပိဿာလျှင် ကျပ် ၁၉၀၀ နှင့် ရန်ကုန်မြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး တောင်ကြီး၊ မော်လမြိုင်၊ ပျဉ်းမနားနှင့် ဘားအံမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၂၀၀ ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ၂၀၁၉ ခုနှစ် ဇူလိုင် ၁၇ ရက်တွင် ကမ္ဘာ့သကြားဈေးနှုန်းသည် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ၅ ဒသမ ၆၈ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းသွားကြောင်း လေ့လာတွေ့ရှိရသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၉ ခုနှစ် ဇူလိုင်လတတိယပတ်အတွင်း ပြည်တွင်းသကြားဈေးနှုန်းမှာ တည်ငြိမ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရသည်။

**စာမျက်နှာ (၁၅) စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်). . . မှအဆက်**

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား လေ့လာရာတွင် ကျိုင်းတုံမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၄၉၅၀၊ ဒီဇယ်တစ်ဂါလန်လျှင် ၅၁၇၅ ကျပ်၊ ဟားခါးမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၄၅၈၀ နှင့် ဒီဇယ်တစ်ဂါလန်လျှင်ကျပ် ၄၅၁၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ပုသိမ်မြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၃၆၀၀၊ ဒီဇယ် တစ်ဂါလန်လျှင် ကျပ် ၄၃၅၀၊ ပဲခူးမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၃၇၅၀၊ ဒီဇယ်တစ်ဂါလန်လျှင် ကျပ် ၄၁၄၅ နှင့် ရန်ကုန်မြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၄၀၅၀၊ ဒီဇယ်တစ်ဂါလန်လျှင် ၄၀၉၁ ကျပ်ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။

၂၀၁၉ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် Yangon Denko စက်သုံးဆီ ဆိုင်၏ ရောင်းဈေးများအရ ဒီဇယ်တစ်လီတာလျှင်ကျပ် ၉၃၀၊ ပရီမီယမ်ဒီဇယ်တစ်လီတာလျှင်ကျပ် ၉၄၀၊ အောက်တိန်း-92 တစ်လီတာလျှင် ကျပ် ၈၂၀၊ အောက်တိန်း-95 တစ်လီတာလျှင် ကျပ် ၉၁၀ ရှိခဲ့ကြောင်း လေ့လာသိရှိရသည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းအတက်အကျ အနည်းငယ်ဖြစ်ပေါ်နေကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

## စာမျက်နှာ (၁၄) ဆန်ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ် သော မြဝတီမြို့တွင် ဇူလိုင် ၁၇ ရက်တွင်ဖြစ်ပေါ် နေသော ဈေးနှုန်း များအရ ပြင်ပငွေ လဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၄၉ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရှိရသည်။

ဘုရင့်နောင် ကုန်စည်ဒိုင်မှရရှိသော အချက်အလက်များအရ ဆန်ဈေးနှုန်းများကို လေ့လာရ တွင် ဇူလိုင် ၁၂ ရက်မှ ၁၈ ရက်အတွင်း ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား တစ်ဖက်ပါ အတိုင်း ဖော်ပြအပ်ပါသည်-

တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ် နေသော ဧည့်မထဆန်ဈေး နှုန်းများကို လေ့လာကြည့်ပါက မုံရွာမြို့ နှင့် ဟားခါးမြို့တို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၂၁၀၀ ဖြင့် အမြင့်ဆုံး ဈေးနှုန်းများဖြစ်ပေါ် ခဲ့ပြီး မော်လမြိုင်မြို့တို့တွင် ဧည့်မထ ဆန် တစ်ပြည်လျှင် ကျပ် ၁၀၀၀ ဖြင့် အနိမ့်ဆုံး ဈေးနှုန်းများဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။

Trading Economics Website ၌ ဖော်ပြချက်အရ ယခု တစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက သုည ဒသမ ၈၁ ရာခိုင်နှုန်း ဈေးမြင့်တက်ခဲ့ကြောင်း သိရှိရသည်။ ၂၀၁၉ ခုနှစ် ဇူလိုင်လတတိယပတ်အတွင်း နိုင်ငံတကာ ဆန်ဈေးနှုန်းများတွင် အတက်အကျပြောင်း လဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်အကျ ပြောင်းလဲမှုများဖြစ်ပေါ် နေသည်ကို လေ့လာသုံးသပ်တင်ပြအပ်သည်။

| စဉ် | အမျိုးအစား | ရာခိုင်နှုန်း | ဈေးနှုန်း | | | |
|---|---|---|---|---|---|---|
| | | | ၁၂.၇.၂၀၁၉ | ၁၅.၇.၂၀၁၉ | ၁၇.၇.၂၀၁၉ | ၁၈.၇.၂၀၁၉ |
| ၁ | ရက်(၉၀) | 90(Raw) | ၂၁၂၀၀ | ၂၁၂၀၀ | ၂၁၂၀၀ | ၂၁၅၀၀ |
| ၂ | ရက်(၉၀) | 80(Raw) | ၁၉၇၀၀ | ၁၉၇၀၀ | ၁၉၇၀၀ | ၂၀၀၀၀ |
| ၃ | သီးထပ် | 90(Raw) | ၂၀၅၀၀ | ၂၀၅၀၀ | ၂၀၅၀၀ | ၂၀၆၀၀ |
| ၄ | သီးထပ် | 80(Raw) | ၁၉၅၀၀ | ၁၉၅၀၀ | ၁၉၅၀၀ | ၁၉၇၀၀ |
| ၅ | ဧည့်မထ | 70(Raw) | ၁၈၆၀၀ | ၁၈၆၀၀ | ၁၈၇၀၀ | ၁၈၉၀၀ |
| ၆ | ဧည့်မထ | 65(Raw) | ၁၈၅၀၀ | ၁၈၅၀၀ | ၁၈၆၀၀ | ၁၈၇၀၀ |
| ၇ | ကရင်မ | 90(Raw) | ၂၁၃၀၀ | ၂၁၀၀၀ | ၂၁၀၀၀ | ၂၁၀၀၀ |
| ၈ | ကရင်မ | 80(Raw) | ၂၀၅၀၀ | ၂၀၅၀၀ | ၂၀၅၀၀ | ၂၀၅၀၀ |

## စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာ . . . မှအဆက်

အမေရိကန်ဒေါ်လာသည် အခြားငွေကြေးများနှင့်ယှဉ်လျှင် တန်ဖိုး အလွန်ကြီးမြင့်နေကြောင်း နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့မှ သုံးသပ်ပြောကြားပြီးနောက် အမေရိကန်ဒေါ်လာတန်ဖိုး အနည်းငယ် ကျဆင်းလာခဲ့သည်။ အမေရိကန်ဒေါ် လာ အညွှန်းကိန်းသည် ပြိုင်ဘက် အခြားငွေကြေးများနှင့်ယှဉ်လျှင် သုည ဒသမ ၂ ရာခိုင်နှုန်းသာ ကျဆင်းခဲ့ပြီး အမေရိကန်ဒေါ်လာတန်ဖိုး ကျဆင်းခဲ့သော်လည်း တစ်ပတ်အတွင်း အမြင့်ဆုံးဈေး၌သာ တည်ရှိနေကြောင်း သိရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက်များအရ GDP Growth ၆ ဒသမ ၈၀ ရာခိုင်နှုန်း၊ Annual Rate of Inflation ၇ ဒသမ ၈၂ ရာခိုင်နှုန်း၊ Year on Year Inflation ၉ ဒသမ ၅၇ ရာခိုင်နှုန်းရှိသည်ကို လေ့လာသိရှိရသည်။

၂၀၁၉ ခုနှစ် ဇူလိုင် ၁၂ ရက်မှ ၁၇ ရက်အထိ ရက်အလိုက်ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်တစ်ဒေါ်လာနှင့်ညီမျှသော နိုင်ငံတကာငွေလဲလှယ်နှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-


တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာ နှင့်ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၁၂-၇-၁၉ | ၁၅-၇-၁၉ | ၁၇-၇-၁၉ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၁၅၁၀.၇ | ၁၅၁၀.၅ | ၁၅၁၄.၅ | ၀.၂၅ | ↑ |
| ၂ | Thai Baht | THB | ၃၀.၈၇၀ | ၃၀.၈၆၅ | ၃၀.၉၁၅ | ၀.၁၅ | ↑ |
| ၃ | Singapore Dollar | SGD | ၁.၃၅၈ | ၁.၃၅၇ | ၁.၃၆၁ | ၀.၂၂ | ↑ |
| ၄ | Malaysian Ringgit | MYR | ၄.၁၁၂ | ၄.၁၁၁ | ၄.၁၁၅ | ၀.၀၇ | ↑ |
| ၅ | Indonesian Rupian | IDR | ၁၄၀၀၇ | ၁၃၉၁၉ | ၁၃၉၈၀ | -၀.၁၉ | ↓ |
| ၆ | Chinese Yuan | CNY | ၆.၈၇၈ | ၆.၈၇၅ | ၆.၈၇၈ | ၀.၀၀ | |
| ၇ | Indian Rupee | INR | ၆၈.၅၄၄ | ၆၈.၅၆၉ | ၆၈.၇၉၇ | ၀.၃၇ | ↑ |
| ၈ | Japanese Yen | JPY | ၁၀၈.၃၄၈ | ၁၀၇.၈၉၃ | ၁၀၈.၂၅၆ | -၀.၀၈ | ↓ |
| ၉ | Australian Dollar | AUD | ၁.၄၂၉ | ၁.၄၂၃ | ၁.၄၂၇ | -၀.၁၄ | ↓ |
| ၁၀ | Euro | EUR | ၀.၈၈၈ | ၀.၈၈၇ | ၀.၈၉၂ | ၀.၄၅ | ↑ |
| ၁၁ | Pound Sterling | GBP | ၀.၇၉၇ | ၀.၇၉၇ | ၀.၈၀၆ | ၁.၁၃ | ↑ |

Source- Central Bank of Myanmar

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ဇူလိုင် ၁၂ ရက်တွင် တစ်ဒေါ်လာ လျှင် ၁၅၁၀ ဒသမ ၇၀ ကျပ်ရှိခဲ့ရာမှ ဇူလိုင် ၁၇ ရက်တွင် ၁၅၁၄ ဒသမ ၅၀ ကျပ် ဖြစ်ပေါ်ခဲ့ပြီး တစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ငွေ လဲလှယ်နှုန်း သုည ဒသမ ၂၅ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်ကို တွေ့ရှိရသည်။


မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ၂၀၁၉ ခုနှစ်၊ ဇူလိုင် ၁ ရက်မှ ဇူလိုင် ၁၇ ရက်အထိ နေ့အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေလဲလှယ်နှုန်း တန်ဖိုးများအား အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-




ပြင်ပဒေါ်လာငွေကြေးဈေးကွက်တွင်လည်း အရောင်းအဝယ်မှာ အတက်အကျ အပြောင်းအလဲများ ဖြစ်ပေါ်နေပြီး ဇူလိုင် ၁၂ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၁၃ ကျပ်၊ ဇူလိုင် ၁၅ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၁၁ ကျပ်၊ ဇူလိုင် ၁၇ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၁၅ ကျပ်၊ ဇူလိုင် ၁၈ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၁၃ ကျပ် စသည်ဖြင့် အသီးသီး ပေါက်ဈေးများ ဖြစ်ပေါ်ခဲ့ကြောင်း လေ့လာသိရှိရသည်။

# မွန်ပြည်နယ်၏ ရော်ဘာထုတ်ကုန်များနှင့် ဈေးနှုန်း အနိမ့်အမြင့်

မွန်ပြည်နယ်သည် တစ်နိုင်ငံလုံးတွင် ရွှေဖြူ ဟုခေါ်သော ရော်ဘာကို အများဆုံးစိုက်ပျိုးပြီး ရော်ဘာထွက်ကုန် အမြောက်အမြား ထုတ်လုပ်သော ပြည်နယ်တစ်ခု ဖြစ်သည်။ ရေခံမြေခံကောင်းခြင်း မိုးရေချိန်(၁၈၀လက်မ)နှင့်အထက်ရွာသွန်းပြီး ခြောက်သွေ့သော ဒေသဖြစ်သည့် မွန်ပြည်နယ်သည် ယခင်က ဒူးရင်း၊ မင်းကွတ်၊ ကြက်မောက်၊ အုန်းသီး၊ ကွမ်းသီးနှင့် သီဟိုဠ်ပင် စသဖြင့် သီးနှံမျိုးစုံ စိုက်ပျိုးခဲ့ကြသော်လည်း ယခုအခါ စပါးသီးနှံပြီးလျှင် ဒုတိယအများဆုံး စိုက်ပျိုးသောသီးနှံမှာ ရော်ဘာဖြစ်သည်။



ရော်ဘာသည်လည်း ရွှေဖြူဟုတင်စားခေါ်ရလောက်အောင် ဝင်ငွေကောင်းခဲ့သည်မှာလည်း အမှန်တရားတစ်ခုဖြစ်ခဲ့သည်။ ရော်ဘာထုတ်ကုန်ဖြစ်သော TSR၊ RSS(1,3,5)၊ ရော်ဘာနေလှန်းပြား၊ ရော်ဘာအစေးရည်၊ ရော်ဘာချေး၊ ခွက်ကပ်ဆွဲဖတ်ကအစ စွန့်ပစ်စရာမလိုဘဲ ဝင်ငွေရရှိနိုင်သည့်အပြင် ရော်ဘာပင်မှထွက်ရှိသော ရော်ဘာသစ်များကိုလည်း ထင်းအဖြစ်သုံးစွဲခဲ့ရာမှ ယခုအခါ ရော်ဘာသစ်စက်ရုံများနှင့် သစ်ပါးလွှာစက်ရုံများလည်း ဆောင်ရွက်နေပြီဖြစ်ပါသည်။ ရော်ဘာပေါင်းသား (ပရိဘောဂ) အရွယ်အစားမျိုးစုံကို ပြည်ပဈေးကွက်အထိ ဖြန့်ချိနေသည့် ဂျပန်နှင့်ဖက်စပ်ထုတ်လုပ်သော (MOS) ကုမ္ပဏီမှာလည်း မော်လမြိုင်မြို့နယ် ရိုးဂိုးကျေးရွာတွင် အောင်မြင်စွာ လုပ်ငန်းဆောင်ရွက်နေပြီ ဖြစ်သည်။

မွန်ပြည်နယ်၏ ရော်ဘာစိုက်ပျိုးမှုဧကများမှာ နှစ်စဉ်တိုးတက်လာကြောင်း တွေ့ရှိရသော်လည်း ရောင်းလိုအားနှင့် ဝယ်လိုအားပေါ်မူတည်၍ ဖြစ်ပေါ်သော ရော်ဘာဈေးနှုန်းကို လေ့လာရာတွင် အားရစရာ မရှိသည်ကို တွေ့ရှိရသည်။ ၂၀၁၁ ခုနှစ်အတွင်း RSS-3 တစ်ပေါင်လျှင် ကျပ် ၁၈၀၀ ဖြင့် ဈေးနှုန်းအမြင့်ဆုံးဖြစ်ပေါ်ခဲ့ပြီး အနိမ့်ဆုံးဈေးနှုန်းမှာ ၂၀၁၆ ခုနှစ်အတွင်း RSS-3 တစ်ပေါင်လျှင် ကျပ် ၅၀၀ ထိကျဆင်းခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ ၂၀၁၉ ခုနှစ်အတွင်း RSS-3 တစ်ပေါင်လျှင် ဖြစ်ပေါ်ခဲ့သော အနိမ့်ဆုံးဈေးနှုန်းမှာ ကျပ် ၇၀၀ နှင့် အမြင့်ဆုံးဈေးနှုန်းမှာ ကျပ် ၉၅၀ခန့် ဖြစ်ကြောင်း တွေ့ရှိရသည်။ မိုးလှိုင်လှိုင် ရွာသွန်းသည့် မွန်ပြည်နယ်တွင် ဇွန်လမှစတင်ကာ ရော်ဘာစေးလှီးခြင်းလုပ်ငန်းများကို ရပ်နားထားပြီဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**Win Myat**

# အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေနှင့် စားသုံးသူကာကွယ်ရေးဥပဒေဆွေးနွေး





တောင်ကြီးမြို့ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေနှင့်စပ်လျဉ်း၍ လိုအပ်သော လုပ်ထုံးလုပ်နည်းများ ရေးဆွဲနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင် ၇ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲ၌ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဒေါက်တာမြင့်နိုင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဆွေးနွေးပွဲသို့ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ခရိုင်နှင့်မြို့နယ်ဦးစီးမှူးများ၊ မွေးမြူရေးလုပ်ငန်းရှင်များ၊ ကျွဲနွားကုန်သည်များ၊ လိုင်စင်စီများ၊ ကုမ္ပဏီများ ၁၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူး ဦးစောမောင်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်နေသော ကဏ္ဍကြီးခြောက်ရပ်နှင့် စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉) အား အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခြင်း၊ အခန်း (၁၈)ပါ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းကို ၂၀၂၀ ခုနှစ် မတ် ၁၅ ရက်တွင် အာဏာတည်မည်ဖြစ်သည့်အတွက် တက်ရောက်လာကြသူများ အနေဖြင့် ကြိုတင်သိရှိနိုင်ရေးနှင့် စားသုံးသူနှင့် ကုန်စည်ထုတ်လုပ်သူများအား တစ်ဆင့်ပြန်လည်မျှဝေပေးကြပါရန် ပြောကြားခဲ့သည်။

ထို့ပြင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး ပြည်နယ်အကောက်ခွန်ဦးစီးဌာနမှ အကောက်ခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဆွေးနွေးသည်။

ဆက်လက်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက တက်ရောက်လာသူများမှ သိရှိလို၍ မေးမြန်းသည်များကို ပြန်လည်ရှင်းလင်းခြင်း၊ မွေးမြူရေးလုပ်ငန်းရှင်များ၊ ကျွဲ၊ နွားကုန်သည်များ၊ လိုင်စင်စီများ၊ ကုမ္ပဏီများက ကျွဲ၊ နွားများ သယ်ဆောင်ရာတွင် သက်ဆိုင်ရာဒေသအာဏာပိုင်နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ထောက်ခံချက်များဖြစ်သော ကျွဲ၊ နွားများသယ်ဆောင်ခွင့်ပြုနိုင်ရေးကိစ္စများကို ဖြေလျှော့ပေးရန် တောင်းဆိုခဲ့ကြသည်။

**စောမောင်(တောင်ကြီး)**



# GMI Global Metal Industries Ltd.




Head Office : No.312, R/8 Street, Yangon Industrial Zone, Mingalardon Garden City, Yangon.
PH : 01637301, 01637454, 09263467577, 09263467588, 0931383830.
Fax : 01637454, Email : kyawzinmingmi@gmail.com
Sales Centre (1) : No.A(8/3) Thandar8th Street Sawbwargyigone, Insein Tsp.
PH : 013644351, 09765016317, 09964016317, 09421016317
Sales Centre (2) : No.A-12 Yadanar Theingi Street, Industrial Zone (3),South Dagon Tsp.,Yangon.
Ph :01 8100767,01 8100768,01 8100693




## BX Marketing Services Co., Ltd




## Our Services

- Events
- Brand/Product Activation
- On-ground Promotions (roadshows)
- Merchandising
- Production



We have satellite offices across Myanmar, thus:

- Implementation is faster
- Quality control is guaranteed
- Economical spends

No.1103(A), Thu Ma Na 1st Street, 16/4 Quarter, Thingangyun Township, Yangon, Myanmar.
Tel : 09 45 1000 237 , 09 45 1000 155

## December Snow Co.,Ltd.
Travels & Tours



Add : No.44, Bogalayzay Street,First Floor, Botahtaung Township, Yangon, Myanmar.
Ph : 09260540336
Email : decembersnow.travel@gmail.com

# စွန့်ပစ်အမှိုက်များလျှော့ချဖို့ ကိုယ်စီအသိစိတ်ဓာတ်ဖြင့်

## Bu/cpm;Muygpb/

နိုင်ဦး (DOCA)

ကျွန်တော်သည် နေပြည်တော်ရှိ ဝန်ထမ်းအိမ်ရာတွင် နေသည်။ နေ့စဉ်တိုက်ရှေ့လမ်းထဲသို့ဆိုင်ကယ်နောက်တွင် ဝါးခြင်းနှစ်ခြင်းချိတ်ဆွဲ၍ အမှိုက်ကောက်သော လင်မယားနှစ်ဦးနှင့် မကြာမကြာဆုံခဲ့၍ ခင်မင်ခဲ့ကြသည်။ ကျွန်တော်က စာအုပ်ဟောင်း တွေ၊ ပုလင်းခွံတွေ၊ ပလတ်စတစ်အိတ်တွေ၊ ပလတ်စတစ်ဘူးခွံတွေကို သီးခြား အိတ်ဖြင့်ထည့်ကာ ကြုံတိုင်းပေးဖြစ်သည်။ နောက်တော့ သူတို့အိမ်ကို လာလည်ရန်ဖိတ်၍သွားဖြစ်သည်။ သူတို့အိမ်ကို ရောက်တော့ ကျွန်တော်အံ့ဩရသည်။ ကိုယ်ပိုင်မြေ၊ ကိုယ်ပိုင်တိုက်အိမ်နှင့်ဖြစ်ရုံသာမက သားသမီးများ၏ ဘွဲ့ဝတ်စုံဖြင့် ဓာတ်ပုံများကို တွေ့ရ၍ မေးကြည့်ရာ သူတို့သည် အညာဒေသကဖြစ်ကြောင်း၊ ကြီးပွားတိုးတက်ချင်၍ နေပြည်တော်သို့တက်လာခဲ့ကြောင်း၊ ပညာအရည်အချင်းမရှိ၍ အလုပ်ကောင်းမရကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုတွင် ဝင်လုပ်ရာ ခဏသာ အဆင်ပြေသော်လည်း ကုမ္ပဏီပြန်သွား၍ အခက်အခဲဖြစ်ရကြောင်း၊ ရွာသို့လည်း မပြန်ချင်၊ အရင်းအနှီးလည်းမရှိ၍ အမှိုက်ကောက်သည့်အလုပ်ကို လင်မယားနှစ်ဦး စက်ဘီးလေးတစ်စီးဖြင့်စလုပ်ခဲ့ကြောင်း၊ ရရှိသည့်စက္ကူပေါင်းစုံ၊ ပုလင်းခွံ ပေါင်းစုံ၊ အခြားပစ္စည်းစုံတွေကို ကောက်ယူရောင်းချရာမှ နေ့စဉ်ဝင်ငွေနှစ်သောင်းနှင့်အထက်ရရှိကြောင်း၊အမှိုက်ကောက်၍ ရောင်းချရာမှရရှိသည့် ငွေဖြင့်ရှစ်နှစ်အတွင်း ဒီအိမ်နှင့်ဒီခြံကိုဝယ်နိုင်ခဲ့သည့်အပြင် သားသမီးသုံးဦးကိုလည်း ဘွဲ့ရ၊ အလုပ်အကိုင်ရအောင် ထောက်ပံ့ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း ပြောပြသည်။ စွန့်ပစ်အမှိုက်များလျော့နည်းစေ၊ မိမိဘဝလည်းတိုးတက်စေ၊ မိဘတာဝန်ဝတ္တရားများလည်း ကျေစေ၊ ရိုးသားကကြိုးစားကာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်ပေးနေသော လင်မယားနှစ်ဦးကို ကျွန်တော် ချီးကျူးမိသည်။

လွန်ခဲ့သော ၁၉၈၃-၈၄ခုနှစ်လောက်က ဖြစ်မည်ထင်သည်။ ရန်ကုန်တွင်နေထိုင်သော ဦးလေးနှင့် အဒေါ်အိမ်သို့ကျွန်တော် အလည်သွားဖြစ်သည်။ အဒေါ်သည် စည်းကမ်းကြီးသည်။ အိမ်ကို သန့်ရှင်းနေအောင် နေ့စဉ်လိုလို တံမြက်စည်းလှည်းသည်။ အဝတ်အစားများကိုလည်း ဟောင်းဟောင်းသစ်သစ် သေသေချာချာမီးပူတိုက်ကာစနစ်တကျ သိမ်းဆည်းထားသည်။ စွန့်ပစ်ပစ္စည်းများဖြစ်သည့် ဖန်ပုလင်းခွံများကို ဆီပုလင်း၊ ငံပြာရည်ပုလင်းစသည်ဖြင့် ပြန်လည်အသုံးပြုသည်။ ပိုလျှံသည့် ပုလင်းများကိုလည်းဆေးပုလင်း၊ ဆားပုလင်းစသည်ဖြင့် ပြန်လည်သုံး၍ ပိုလျှံသည်များကို သီးခြား ဂုန်နီအိတ်တွင်ထည့်၍ သိမ်းသည်။ စာအုပ်အဟောင်းများ၊ စက္ကူစုတ်များ၊ ပလတ်စတစ်အိတ်များကိုလည်း အလားတူပင် သီးခြားဂုန်နီအိတ်ဖြင့်ထည့်ကာ သိမ်းထားသည်။ တစ်လကျော် လောက်ရှိသော အခါ နံနက်၇ နာရီခန့်တွင်အိမ်ရှေ့မှဒန်တွေဝယ်တယ်၊ ကြေးတွေဝယ်တယ်၊ စာအုပ်ဟောင်းတွေဝယ်တယ်၊ ပုလင်းခွံဟောင်းတွေဝယ်တယ် ဟူသော အသံကြောင့် အဒေါ်သည် ပြုံးရွှင်ဝမ်းသာစွာဖြင့် စုဆောင်းထားသည့် စွန့်ပစ်ပစ္စည်းအိတ်များကို အောက်သို့ချကာ ရောင်းချရာမှ ငွေကျပ် ၅၀ ကျော်ကိုရရှိခဲ့သည်။ ထိုစဉ်က ဝန်ထမ်းတစ်ဦး၏ လစာမှာကျပ် ၁၀၀ ကျော်သာရ၍ စွန့်ပစ်ပစ္စည်း ရောင်းရငွေကျပ် ၅၀ သည်မနည်းပေ။ အမှိုက်ကို စနစ်တကျ သိမ်းဆည်း၍ အိမ်လည်းရှင်းစေ၊ အမှိုက်ကလည်းငွေဖြစ်စေ၊ တစ်ဖက်တစ်လမ်းကလည်း ဝင်ငွေရရှိစေရန် စည်းကမ်းတကျဆောင်ရွက်သော အဒေါ်ဖြစ်သူကို ကျွန်တော်လေးစားခဲ့သည်။

ယနေ့ ၂၁ ရာစုခေတ်တွင်မူနယ်ပယ်အသီးသီးက ပညာရှင်တွေ အထူးသဖြင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့တွေက ကမ္ဘာမြေကြီးသည် အမှိုက်ပုံကြီးတစ်ခုဖြစ်လာနေကြောင်းရင်နာနာဖြင့် ကမ္ဘာသူ/ ကမ္ဘာသားများ ဆင်ခြင်နိုင်ရန်ပြောကြား ပညာပေးလျက်ရှိနေသည်။ ပြီးတော့ ကျွန်တော်တို့နေထိုင်ရာ သက်ရှိကမ္ဘာကြီး သက်ရှည်ကျန်းမာပြီး စိမ်းလန်းစိုပြည်မှသာ လူသက်ရှိများအပါအဝင် အခြားသက်ရှိများအားလုံး သက်ရှည်ကျန်းမာစွာဖြင့် သက်တမ်း စေ့ နေထိုင်နိုင်မည်ဖြစ်၍ ကမ္ဘာသူ၊ ကမ္ဘာသားအားလုံးတွင် တာဝန်ရှိကြောင်း၊ တစ်ဦးချင်းမှစတင်ကာ လိုက်နာဆောင်ရွက်ကြရန် လိုကြောင်း ပြောကြသည်။

လွန်ခဲ့သောနှစ်များစွာက ကမ္ဘာပေါ်တွင် အမှိုက်ပြဿနာသည် မရှိသလောက်ရှားပါးသည်။ အလွယ်တကူပျက်စီး၍ မြေကြီးထဲတွင် ပျော်ဝင်နိုင်သည်။ သဘာဝပစ္စည်းများကိုသာ ထုတ်လုပ်သုံးစွဲကြ၍ စွန့်ပစ်ပစ္စည်းများကို အလွယ်တကူပင် မြေကျင်းတူး၍ မြှုပ်နှံခြင်း၊ မြေကျင်းထဲတွင် စုပုံထားခြင်းဖြင့် ဆွေးမြေ့စေသည့်နည်းလမ်းများဖြင့် ဖြေရှင်းခဲ့ကြသည်။ ယနေ့အချိန်အခါတွင်မူ ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှလူသားတို့၏ အလွယ်ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရေးအတွက် ငွေများစွာအကုန်အကျခံကာ တီထွင်ထုတ်လုပ်သော ပလတ်စတစ်ပစ္စည်းတွေ၊ ဖိုင်ဘာပစ္စည်းတွေ၊ သတ္တုပစ္စည်းတွေ၊ ဓာတုပစ္စည်းတွေ၊ စက်မှုသုံးပစ္စည်းတွေကြောင့် ကမ္ဘာကြီးဟာ အရုပ်ဆိုးအကျည်းတန်နေပါပြီ။ အသက်ရှူရန် အခက်အခဲဖြစ်၍ ဖုတ်လိုက်၊ ဖုတ်လိုက်ဖြစ်နေပါပြီ။ နိုင်ငံတိုင်းတွင် အလွယ်တကူ ဆွေးမြေ့ပျက်စီးရန် မလွယ်ကူသည့် ပစ္စည်းများသည် ဗရပွဖြစ်နေပေပြီ။ မြေထုထဲတွင်၊ ရေထုထဲတွင်၊ လေထုထဲတွင် ဘယ်လောက်များပျံ့နှံ့နေရာယူနေပြီလဲမသိနိုင်ပေ။ သို့သော် သေချာသောအချက်တော့ရှိသည်။ လူသားတွေ သန့်စင်သောလေကို ရှူရှိုက်ရန် အခွင့်အရေးနည်းပါးလာတော့မည်။ အေးမြကြည်လင်သန့်ရှင်းသောရေကို သောက်သုံးခွင့် ဆုံးရှုံးရတော့မည်။ မြေကြီးမှထွက်ရှိသော သဘာဝအသီးအနှံများကို စားသုံးခွင့်လက်လွှတ်ရတော့မည်မှာ မလွဲကေန်ဖြစ်ပေသည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင်အမှိုက်ပြဿနာသည် ပြည်တွင်း၌ ကြုံတွေ့နေရသည့် အခက်အခဲမဟုတ်၊ နိုင်ငံအချင်းချင်းပါထိလွယ်ရှလွယ်သော အနေအထားဖြစ်လာနေကြောင်း သတိပြုမိလာသည်။ မကြာမီကကနေဒါနိုင်ငံက စွန့်ပစ်အမှိုက်တွေကို ပြန်လည်သန့်ရှင်းအသုံးပြုဖို့အတွက် ဖိလစ်ပိုင်နိုင်ငံဆီ ပေးပို့လျက်ရှိနေတာကို မကျေနပ်လို့ဖိလစ်ပိုင်နိုင်ငံက ကနေဒါနိုင်ငံကို ဖိလစ်ပိုင်မှာရှိတဲ့ ကနေဒါနိုင်ငံကပေးပို့ထားတဲ့ စွန့်ပစ်အမှိုက်ကွန်တိန်နာတွေကို လာပြန်သယ်ဖို့ပြောတယ်။ ဒါကိုကနေဒါနိုင်ငံက လျစ်လျူရှု၍ ဖိလစ်ပိုင်သမ္မတက သူတို့နိုင်ငံသားတွေ ကနေဒါနိုင်ငံကိုမသွားဖို့ တားမြစ်တယ်။ သံတမန်အဆက်အသွယ်ဖြတ် တောက်မယ်လို့ပြောတဲ့ အခါကျမှ ကနေဒါနိုင်ငံက ဖိလစ်ပိုင်နိုင်ငံကိုတင်ပို့ထားတဲ့စွန့်ပစ်အမှိုက်ကွန်တိန်နာတွေကိုပြန်သယ်တယ်။ ဒါတောင်သဘော်ာတင်ခနှင့် အလုပ်သမားခများကို ဖိလစ်ပိုင်နိုင်ငံက ကျခံခဲ့ရသေးတယ်။ ဒ့်ါကြောင့် ဖိလစ်ပိုင်သမ္မတကနိုင်ငံဟာ ကမ္ဘာ့အမှိုက်ပုံမဟုတ်ဟု အတိအလင်းကမ္ဘာကိုကြေညာခဲ့တယ်။ မည်သည့်နိုင်ငံမှ အမှိုက်ကိုဘယ်သဘော်ာမျှ ဖိလစ်ပိုင်နိုင်ငံဆိပ်ကမ်းတွေကိုဆိုက်ကပ်ခွင့်တွေကိုလည်း တားမြစ်ခဲ့တယ်လို့သိရပါတယ်။ အင်ဒိုနီးရှားနိုင်ငံကလည်း ဩစတြေးလျနိုင်ငံမှ တင်သွင်းလာသော အမှိုက်များကို လာရောက် ပြန်သယ်ရန် ညှိနှိုင်းနေဆဲဖြစ်သည်ဟု မီဒီယာများတွင် ဖော်ပြထား၍ သိရှိရသည်။

အင်အားကြီးနိုင်ငံအချို့သည် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ သူတို့နိုင်ငံသဘာဝပတ်ဝန်းကျင် မပျက်စီးစေရေးအတွက် ထွက်ရှိသမျှစွန့်ပစ်အမှိုက်များကို ဆင်းရဲနွမ်းပါးသော နိုင်ငံများသို့မက်လုံးအမျိုးမျိုးပေးကာ စွန့်ပစ်လျက်ရှိနေကြသည်။ ပြည်လည်သန့်စင်အသုံးပြုရန် နည်းပညာများပေးကြသည်။ ဤနည်းဖြင့် ၎င်းတို့နိုင်ငံတွေ စွန့်ပစ်အမှိုက်ပြဿနာများကို ဖြေရှင်းကြသည်။ စွန့်ပစ်ခံရသော နိုင်ငံအတွင်းရှိ အစိုးရရော၊ ပြည်သူများပါအဆိုပါ စွန့်ပစ်အမှိုက်ပြဿနာများကြောင့် ရောဂါပေါင်းစုံ ခံစားရတာတွေ၊ အဆိပ်ငွေ့များ ရှူရှိုက်ရတာတွေ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်ရတာတွေ စသည့် မကောင်းသည့် ဆိုးကျိုးများကို ကျောကော့အောင်ခံစားကြရသည်။

လက်ရှိတွင် စွန့်ပစ်အမှိုက်ပြဿနာသည် တဖြည်းဖြည်း ကြီးမားလာနေသည်။ တစ်ကမ္ဘာလုံးရှိ ပြည်သူများကလည်း စွန့်ပစ်အမှိုက်များ၏ ဆိုးကျိုးများကိုနားလည်လာကြသည်။ သဘောပေါက်လာကြသည်။ အမှိုက်ကိစ္စများနှင့်ပတ်သက်၍တောင်းဆိုမှုတွေ၊ ဆန္ဒပြမှုတွေဖြင့် ဖြေရှင်းပေးဖို့ ဆိုင်ရာအစိုးရများထံ အသိပေးပြသမှုတွေပြုလုပ်နေကြသည်။ အစိုးရများကလည်း ပြည်သူများ၏ တောင်းဆိုမှုများကို လက်ပိုက်ကြည့်မနေ၊ အစိုးရအတွင်း၊ အစိုးရအချင်းချင်း၊ နိုင်ငံအချင်းချင်းဆက်သွယ်ညှိနှိုင်းကာ ဖြေရှင်းဆောင်ရွက်လျက်ရှိသည်။ သို့သော်လျော့ပါးသွားရုံသွားရှိသည်။ ကင်းစင်ပျောက်ကွယ်သွားမှုမရှိသေးပေ။ ကိုယ်ကျိုးစီးပွားကာကွယ်ရေးအတွက် နည်းလမ်းပေါင်းစုံအသုံးပြု၍ စွန့်ပစ်မှိုက်ပြဿနာများကို ဖြေရှင်းနေကြဆဲဖြစ်သည်။

မီဒီယာအချို့တွင် ဖော်ပြထားသော အိုက်စလန်ကျွန်းနိုင်ငံလေးအကြောင်းကို စိတ်ဝင်စားမိသည်။ နိုင်ငံ၏လျှပ်စစ်စွမ်းအင်လိုအပ်ချက်၏ ၇၉ ရာခိုင်နှုန်းကျော်ကို ရေတံခွန်တွေ၊ မြေအောက်ရေစီးကြောင်းတွေ၊ ပင်လယ်လှိုင်းတွေ၊ လေစွမ်းအင်သုံးတာဘိုင်တွေ၊ နေစွမ်းအင်သုံးဆိုလာ စနစ်တွေနဲ့ပေးတယ်တဲ့။ တစ်နိုင်ငံလုံးကိုပေးဝေနေတဲ့ရေချိုကိုလည်း ရေပူရော၊ ရေအေးပါပေးတယ်ဆိုပဲ။ တစ်နိုင်ငံလုံးအမှိုက်ပြဿနာဖြေရှင်းပုံကိုလည်း အတုယူဖွယ်သိရှိရတယ်။ ရပ်ကွက်တိုင်းမှာ ပရဟိတအမှိုက်ကောက်အဖွဲ့တွေဖွဲ့ထားတယ်တဲ့။ အဲဒီအဖွဲ့ကို အစိုးရကယာဉ်တွေ၊ အမှိုက်ကောက်ရာမှာသုံးတဲ့ပစ္စည်းတွေကို ပံ့ပိုးပေးထားတယ်တဲ့။ အဲဒီအဖွဲ့က ပလတ်စတစ်အိတ်တွေ၊ ပုလင်းတွေ၊ ဘူးတွေကိုသတ်သတ်၊ ပြန်သုံးလို့ရတဲ့အမှိုက် တွေကိုသပ်သပ်၊ မြေဩဇာအဖြစ် သုံးစွဲနိုင်တာတွေကိုသတ်သတ်စုထားသတဲ့။ လကုန်တိုင်းသူတို့သတ်သတ်စီစုထားတာတွေ ကို တန်နဲ့တွက်ပြီးလာသိမ်းတဲ့ကုမ္ပဏီက ငွေပေးချေသတဲ့။ အဲဒီငွေတွေကို ပရဟိတအမှိုက်သိမ်းတဲ့အဖွဲ့က ခွဲဝေယူကြသတဲ့။ အမှိုက်ကောက်ရာတွင် လိုအပ်သော ပစ္စည်းများကို ပြန်လည်ပြုပြင် ပြင်ဆင်ဖြည့်ဆည်းဆောင်ရွက်ကြသတဲ့။ အမှိုက်တွေဝယ်ယူတဲ့ ကုမ္ပဏီကလည်း သဘာဝမြေဩဇာတွေ၊ ပြန်လည်အသုံးပြုနိုင်တဲ့ပစ္စည်းတွေထုတ်လုပ်ပြီး ပြန်ရောင်းသတဲ့။ အဲဒါနဲ့ပဲ အမှိုက်ပြဿနာကို ဖြေရှင်းနေတယ်လို့သိရှိရသည်။

နိုင်ငံတိုင်းကြုံတွေ့နေရသော စွန့်ပစ်အမှိုက်ပြဿနာကို ဖြေရှင်းရန်နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်။ နိုင်ငံသားတစ်ဦးချင်းမှ ကိုယ်စီအသိစိတ်ဓာတ်များဖြင့် ပူးပေါင်းဆောင်ရွက်မှသာဖြေရှင်းနိုင်မည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ စွန့်ပစ်ပစ္စည်းများဖြစ်လာမည့် စားသောက်ကုန်ပစ္စည်းတွေ၊ စက်မှုထွက်ကုန်ပစ္စည်းတွေကတော့ ထွက်နေဆဲဖြစ်သည်။

စားသောက်ကုန်ပစ္စည်းများနှင့်ပတ်သက်၍လည်း တစ်ခါသုံး ကော်ဖီထုတ်တွေအစား ကော်ဖီဗူးကြီးများသုံးစွဲကြည့်ပါ။ မဖြစ်မနေ စွဲလမ်းစွာ သုံးစွဲနေပါကလည်း တစ်ခါသုံးကော်ဖီထုတ်ခွံများကို လွယ်လွယ်မစွန့်ပစ်ဘဲစုထားပြီး ဖျာ၊ စားပွဲခင်း၊ အလှဆင်ပစ္စည်းပြုလုပ်သူများထံသို့ပေးခြင်းဖြစ်စေ၊ ကိုယ်တိုင်လုပ်၍ဖြစ်စေပြန်လည်အသုံးပြုသင့်သည်။ ပလတ်စတစ်အိတ်များကိုလည်း တစ်ခါသုံးပြီး မစွန့်ပစ်ဘဲ၊ သန့်စင်အောင်ပြုလုပ်၍ အကြိမ်ကြိမ်ပြန်လည်သုံးသင့်သည်။ အပြင်မှ ထမင်း၊ ဟင်း၊ စားစရာများဝယ်ပါကလည်း အလွယ်တကူပလတ်စတစ်အိတ်များဖြင့် ထုပ်ပိုးပေးမည့်အစားချိုင့်၊ ထည့်စရာ အိတ်ကြိုတင်ယူသွားခြင်းများဆောင်ရွက်သင့်သည်။

စွန့်ပစ်အမှိုက်များကို စနစ်တကျအသုံးပြုခြင်းဖြင့် အကျိုးများကြောင်းကို ပညာရှင် များက တီထွင်ကြံဆကာ နည်းလမ်းပေါင်းစုံကိုကမ္ဘာသို့ချပြလျက်ရှိသည်။

စာမျက်နှာ (၂၇) သို့

# [illegible]

## [illegible]

|မောင်လွင်ပြင်|

ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံ၌ အပြည်ပြည်ဆိုင်ရာ လေဆိပ်တစ်ခု တည်ဆောက်ရန် အစီအစဉ်ရှိကြောင်း သတင်းများ ကြားသိနေရသည်။ ပဲခူးမြို့အနီးဝန်းကျင်တွင် ဟံသာဝတီ အပြည်ပြည်ဆိုင်ရာ လေဆိပ်တည်ဆောက်ရန် နှစ်နိုင်ငံ၌ တာဝန်ရှိသူတို့ ညှိနှိုင်းနေ၏။ ယခုအခါ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သည် လေကြောင်းလိုင်းများ အဝင်အထွက်ကျပ်တည်းလာခြင်း၊ ခရီးသည် အဝင်အထွက် ပြည့်ကျပ်လာခြင်း၊ ထပ်မံတိုးချဲ့ရန် မဖြစ်နိုင်တော့ခြင်းတို့ကြောင့် ရန်ကုန်လေဆိပ်ကဲ့သို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်သစ်တစ်ခု လိုအပ်လာနေသည်။ ထို့ကြောင့် ရန်ကုန်နှင့် မနီးမဝေးသွားလာရ လွယ်ကူသော ပဲခူးတွင် အပြည်ပြည်ဆိုင်ရာ လေဆိပ်တစ်ခု တည်ဆောက်ရန် စီစဉ်ကြခြင်းဖြစ်သည်ဟု သိရ၏။ ဟံသာဝတီ လေဆိပ်တည်ဆောက်မည့်အခြေအနေကိုလေ့လာကြည့်သည်။

ဂျပန်နှင့် မြန်မာနှစ်နိုင်ငံ ဟံသာဝတီ အပြည်ပြည်ဆိုင်ရာ လေဆိပ်တည်ဆောက်ရေး ဖက်စပ်လုပ်ငန်းတစ်ခု ဖွဲ့စည်းလိုက်ကြောင်း သတင်း ဇူလိုင် ၉ ရက်က ပေါ်ထွက်ခဲ့သည်။ နှစ်နိုင်ငံ တာဝန်ရှိသူတို့သည် လေဆိပ်တစ်ခု တည်ဆောက်ရေး ဖက်စပ်လုပ်ငန်းတစ်ခုဖွဲ့စည်းလိုက်ပြီး ဇော့စပ်ညှိနှိုင်းမှုများ ပြန်လည်လုပ်ဆောင်ခဲ့ကြသည်ဟု သတင်းကဖော်ပြသည်။ စေ့စပ်ညှိနှိုင်းမှုများ ပြန်လည်လုပ်ဆောင်ကြသည်ဆိုခြင်းမှာ ဟံသာဝတီ လေဆိပ်သစ်တည်ဆောက်ရေး စီမံကိန်းသည် ယမန်နှစ်များကတည်းက တွေ့ဆုံဆွေးနွေးခဲ့ပြီးသား ဖြစ်သည်။ သို့သော် အခြားဦးစားပေး စီမံကိန်းများ ဖော်ဆောင်နေရသဖြင့် လေဆိပ်သစ်စီမံကိန်းကိစ္စ ညှိနှိုင်းမှု ယာယီကြန့်ကြာသွားခြင်းဖြစ်၍ ယခုမှပြန်လည် စတင်ညှိနှိုင်းဆွေးနွေးရခြင်းဖြစ်သည်။ ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေဆိပ် စီမံကိန်းကို အမေရိကန်ဒေါ်လာ ၁ဒသမ ၅ ဘီလီယံ အကုန်အကျခံ တည်ဆောက်မည် သိရသည်။ မြန်မာနှင့် ဂျပန် နှစ်နိုင်ငံတို့သည် လေဆိပ်သစ်တည်ဆောက်ရေး စီမံကိန်းအတွက် ကြိမ်ဖန်များစွာ တွေ့ဆုံခဲ့ကြသည်။ မြန်မာနိုင်ငံ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (DCA)က လေဆိပ်သစ်တည်ဆောက်ရေးအတွက် မြေဧရိယာ ဟက်တာ ၃၆၀၀နီးပါး ပံ့ပိုးပေးရမည်။ လေဆိပ်ဒီဇိုင်းကို ရထားလမ်းကွန်ရက်တစ်ခုနှင့် ချိတ်ဆက်ရန် ထည့်သွင်းရေးဆွဲရမည်။


ဟံသာဝတီလေဆိပ်သစ်စီမံကိန်း ပထမအဆင့်တွင် လေဆိပ်သို့ အမြန်ကားလမ်းတစ်ခု ချိတ်ဆက်ပေးရန် ညှိနှိုင်းထားသည်။ စီမံကိန်းဒုတိယအဆင့်တွင် အမြန်ရထားလမ်းတစ်ခု ဆက်သွယ်ပေးမည်။ လေဆိပ်သစ်စီမံကိန်းကို မြန်မာအစိုးရ၏ ပံ့ပိုးကူညီမှုရရှိပြီး စီမံကိန်းအား စောနိုင်သမျှ စောစော စတင်နိုင်ရန် ဦးစားပေး ဆောင်ရွက်ကြမည်ဟု ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးအောင်ရဲထွန်းနှင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦး ရဲထွဋ်အောင်တို့က စာနယ်ဇင်းများသို့ ရှင်းလင်းပြောကြားကြောင်း သိရသည်။ ဒုတိယ အမြဲတမ်းအတွင်းဝန် ဦးအောင်ရဲထွန်းက “ဂျပန်ချေးငွေနဲ့ ဟံသာဝတီ အပြည်ပြည်ဆိုင်ရာ လေဆိပ်အကောင်အထည်ဖော်ဖို့ နှစ်ဖက်စလုံး စေ့စပ်ညှိနှိုင်းနေပါတယ်။ စေ့စပ်ညှိနှိုင်းမှုတွေပြီး စီးရင် နောက်တစ်ဆင့်က မြေပြင်မှာ ဆန်းစစ်လေ့လာမှုတွေ လုပ်ဆောင်မှာဖြစ်ပါတယ်”ဟု ပြောကြားသည်။ ယင်းသို့ ပြောကြားချက်နှင့် စီမံကိန်းသတင်းစကားများကို Airporttechnology.com ဝက်ဘ်ဆိုက်က ဖော်ပြထားပြီး ယင်းဖော်ပြထားချက်များကို မြန်မာနိုင်ငံပိုင် သတင်းစာများက ထပ်ဆင့်ဖော်ပြခဲ့သည်။

ထို့ပြင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်အောင်ကလည်း “တင်ဒါလုပ်ငန်းစဉ်တွေ အောင်မြင်သွားရင် ၂၀၂၀ ပြည့်နှစ် အစောပိုင်းမှာ ကျွန်တော်တို့ လက်မှတ်ရေးထိုးနိုင်ပြီး တည်ဆောက်ရေးလုပ်ငန်းတွေ ချက်ချင်းစတင်နိုင်ပါလိမ့်မယ်”ဟုလည်း ပြောကြားထားကြောင်း သိရသည်။ တည်ဆောက်ရေးတင်ဒါလုပ်ငန်းစဉ်တွင် ဂျပန်နိုင်ငံ နာရီတာ အပြည်ပြည်ဆိုင်ရာ လေဆိပ်ကော်ပိုရေးရှင်းလည်း ပါဝင်မည်ဟု မျှော်မှန်းထားရသည်ဟု သတင်းက သုံးသပ်ထားသည်။ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ၂၀၂၀ ပြည့်နှစ်အရောက်တွင် ထပ်မံတိုးချဲ့ရန် မရနိုင်တော့သောကြောင့် အနာဂတ်လိုအပ်ချက်များ ဖြည့်ဆည်းရန် ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ်သစ်ကို တည်ဆောက်ရခြင်းဖြစ်သည်ဟုလည်း သတင်းကဖော်ပြသည်။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရေးနှင့် စီမံကိန်းဝန်ကြီး ဦးညွှန့်ရွှေကလည်း လက်ရှိတွင် ပဲခူးတိုင်းကို ဖြတ်ပြီး လေယာဉ်အစင်း ၇၀၀ ခန့် ပျံသန်းနေကြောင်း၊ ပဲခူးတိုင်းတွင် လေဆိပ်တစ်ခုရှိပါက နိုင်ငံအကျိုးရှိမည့်အပြင် ရန်ကုန်-ပဲခူး သယ်ယူပို့ဆောင်ရေးကွန်ရက် တိုးတက်လာမည်ဖြစ်ကြောင်းများကို ပြောကြားခဲ့သည်ဟု သတင်းက ဆက်လက် ဖော်ပြသည်။ နှစ်နိုင်ငံ စေ့စပ်ညှိနှိုင်းမှုများပြီးစီးလျှင် မြေပြင်ဆန်းစစ် လေ့လာမှုများ ပြုလုပ်မည်ဆိုခြင်းမှာ ဟံသာဝတီလေဆိပ်သစ်စီမံ ကိန်း ဖြစ်မြောက်နိုင်စွမ်း လေ့လာချက်များပြုလုပ်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုစစ်တမ်း (EIA)နှင့် လူမှုဘဝထိခိုက်မှုစစ်တမ်း (SIA) တို့ လေ့လာဆန်းစစ်မှုပြုလုပ်ခြင်းစသည်တို့ပြုလုပ်မည်ဆိုခြင်း ဖြစ်သည်။ လေဆိပ်တည်ဆောက်ရေးအခြေခံ အဆောက်အအုံများ တည်ဆောက်ရေးလုပ်ငန်းများကိုတော့ နိုင်ငံတကာ တင်ဒါခေါ်ယူ အလုပ်အပ်နှံမည် ခန့်မှန်းရသည်။ နည်းပညာများကို ဂျပန် နာရီတာ အပြည်ပြည်ဆိုင်ရာ လေဆိပ်ကော်ပိုရေးရှင်းက ပံ့ပိုးမည်ဟုလည်း ခန့်မှန်းမိသည်။

ဟံသာဝတီလေဆိပ်သစ် စီမံကိန်းနှင့် ပတ်သက်ပြီး ဂျပန်နိုင်ငံ သံအမတ်ကြီး မစ္စတာ အိချီရို မာရုယာမကလည်း ဇူလိုင်လအတွင်း မြန်မာသတင်းမီဒီယာများသို့ ယခုလိုပြောကြားထားပါသေးသည်။ “ဟံသာဝတီလေဆိပ် အကောင်အထည်ဖော်ဖို့စဉ်းစားနေပါတယ်။ လေဆိပ်တစ်ခုတည်း တည်ဆောက်ရေးမဟုတ်ဘဲ ဟံသာဝတီ (ပဲခူး)နဲ့ ရန်ကုန်လမ်းပန်းဆက်သွယ်ရေး၊ ရထားလမ်းဆက်သွယ်ရေးတွေမှာ ဘယ်လိုလုပ်မှာလဲဆိုတာကိုပါ ထည့်သွင်းစဉ်းစားရမှာပါ။ ကျွန်တော်တို့ အမြင်အရဆိုရင် မြန်မာနိုင်ငံရဲ့ စီးပွားရေးက တိုးတက်နေတယ်ဆိုရင် ရန်ကုန်လေဆိပ်တစ်ခုတည်းနဲ့ မရပါဘူး။ နောက်ထပ် နိုင်ငံတကာလေဆိပ်တစ်ခု လိုအပ်မှာပါ။ ဒါကြောင့် ဟံသာဝတီ လေဆိပ်တည်ဆောက်ဖြစ်အောင် ကျွန်တော်တို့ ဂျပန်နိုင်ငံနဲ့ မြန်မာနိုင်ငံပို့ဆောင်ရေးဝန်ကြီးဌာနတို့ ဆွေးနွေးမှုတွေ ပြုလုပ်နေပါတယ်”ဟုဆိုသည်။ ဟံသာဝတီလေဆိပ်သစ်တည်ဆောက်မည့် ကုမ္ပဏီအား ၂၀၁၉ခုနှစ် နှစ်ကုန်ပိုင်းတွင် ဂျပန်နိုင်ငံ၌ တင်ဒါခေါ်ယူသွားမည်ဟုလည်း ပြောကြားခဲ့သည်။

ထို့ပြင် ဟံသာဝတီလေဆိပ်သစ် တည်ဆောက်ရေးနှင့်ပတ်သက်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် တတိယနှစ် တစ်နှစ်တာ လုပ်ဆောင်ချက်များ သတင်းစာရှင်းလင်းပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က လေကြောင်းခရီးသွားလာမှု နိုင်နင်းစွာ ကိုင်တွယ်နိုင်ရေး ကမ္ဘာ့အဆင့်မီ လေဆိပ်တစ်ခုအဖြစ် ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ်သစ်ကို ဂျပန်နိုင်ငံ၏ ချေးငွေ အကူအညီဖြင့် တည်ဆောက်ရန် အစီအစဉ်ရှိသည်ဟု ပြောကြားခဲ့သည်။ ယင်းသို့ ပြောကြားချက်များ၊ နှစ်နိုင်ငံ တာဝန်ရှိသူများ စေ့စပ်ညှိနှိုင်းဆွေးနွေးမှုများအား ထောက်ရှုပြီး ၂၀၂၀ ပြည့်နှစ် နှစ်ဦးပိုင်း ကာလတွင် ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ်စီမံကိန်း သေချာပေါက်စတင်နိုင်တော့မည်ဟု ခန့်မှန်းထားသည်။ ယင်းလေ ဆိပ်သစ်တည်ဆောက်ပြီးလျှင် ဂျပန်နိုင်ငံ အကူအညီဖြင့်ပင် အဆင့်မြှင့်တင်နေသည့် ရန်ကုန်-မန္တလေးရထားလမ်း၏ ရန်ကုန်-ပဲခူး -တောင်ငူရထားလမ်းပိုင်းသည် ဟံသာဝတီ လေဆိပ်နှင့် ချိတ်ဆက် အသက်ဝင်လိမ့်မည်။ နိုင်ငံတော်အစိုးရဘတ်ဂျက်ဖြင့် ဆောင်ရွက်နေသော ရန်ကုန်-မန္တလေးအမြန်လမ်းအဆင့်မြှင့်တင်ခြင်းသည်လည်း တစ်လက်စတည်း ဟံသာဝတီ လေဆိပ်သို့ အဝင်လမ်းတစ်လမ်းချိတ်တက်ဖောက်လုပ်လိမ့်မည် ယူဆသည်။ ထို့ပြင် ဂျပန်နိုင်ငံက အလုံးစုံ ရင်းနှီးမြှုပ်နှံထားပြီး အောင်လည်း အောင်မြင်နေသော သန်လျင် သီလဝါ အထူးစီးပွားရေးဇုန်ထွက်ကုန်ပစ္စည်းများ ကုန်စည်သယ်ယူပို့ဆောင်ရေးအတွက်လည်း ဟံသာဝတီလေဆိပ်က ကောင်းကောင်း ကိုင်တွယ်ဆောင်ရွက်ပေးနိုင်လိမ့်မည်။ ဂျပန်၏ ဟံသာဝတီလေဆိပ် သစ်အစီအစဉ်သည် ကုန်စည်စီးဆင်းမှုချောမွေ့ရေးအတွက်လည်း တစ်ကြောင်းပါဝင်မည်။ ယခုအခါ သီလဝါ အထူးစီးပွားရေးဇုန်နှင့် ရန်ကုန် ဆက်သွယ်မည့် ပဲခူးမြစ်ဖြတ် သန်လျင် တံတားအမှတ်(၃)ကိုလည်း ဂျပန်က စတင်တည်ဆောက်နေပြီဖြစ်သည်။ ဂျပန်နိုင်ငံ၏ စီမံကိန်းများသည် စနစ်ကျပြီး အကွက်စေ့ကြောင်း တင်ပြလိုက်ရပါသည်။

■



# အိမ်သုံးလျှပ်စစ်ပစ္စည်းများနှင့် စားသုံးသူကာကွယ်ရေး

စားသုံးသူရေးရာ ဦးစီးဌာန၊ သတင်းအချက်အလက် နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲရေးဌာနခွဲ၊ အင်/ယာဌာနစိတ်(စက်ဆန်း၊ ရန်ကုန်) ရှိအိမ်သုံး လျှပ်စစ်ပစ္စည်းများစမ်းသပ် စစ်ဆေးရေးဓာတ်ခွဲခန်းသည် စားသုံးသူကာကွယ်ရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရန် အိမ်သုံးလျှပ်စစ် အသုံးအဆောင်ပစ္စည်းများကို စမ်းသပ်မှုပြုလုပ်ခဲ့ရာ ထုတ်လုပ်သည့်နိုင်ငံ တိကျစွာ ဖော်ပြထားခြင်းမရှိသော ပြည်ပထုတ် လျှပ်စစ်ရေနွေးအိုး၊ လျှပ်စစ်ဒယ်အိုး သုံးစွဲမှုနှင့်ပတ်သက်၍ လျှပ်စစ်အန္တရာယ်များ ကင်းဝေးစေရန်နှင့် ပစ္စည်းဝယ်ယူသုံးစွဲရာတွင် စားသုံးသူများဘက်မှ နစ်နာမှုမရှိစေရန် အရည်အသွေးမီ ပစ္စည်းများ ဝယ်ယူအသုံးပြုနိုင်ရေး အတွက် စားသုံးသူတိုင်း သိထားသင့်သော လျှပ်စစ်ဆိုင်ရာ အချက်အလက်များကို တင်ပြလိုပါသည်။

လျှပ်စစ်ရေနွေးအိုး၊ လျှပ်စစ်ဒယ်အိုးများအား စစ်ဆေးရာတွင် မျက်မြင်အခြေအနေအရ ကောင်းမွန်မှု (Visual), (Line/Neutral)မှန်ကန်စွာ တပ်ဆင်ထားမှု၊ လျှပ်စစ်ပတ်လမ်းဆက်စပ်မှု (Continuity)၊ လျှပ်တားခုခံမှု (Insulation) ထိတွေ့ယိုစီးလျှပ်စီးခြားနားမှု (Touch Leakage)၊ မြေကြီးသို့ယိုစီးသည့် လျှပ်စီးခြားနားမှု (Differential Earth Leakage)၊ သုံးစွဲဝန်အား (Load) စသည့် စစ်ဆေးချက်များသည် နိုင်ငံတကာ စံသတ်မှတ်ထားသည့် IEC စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိသော်လည်း Power Supply Wire သည် ဒန်သတ္တုကြိုး (Aluminum)ကို အသုံးပြုထားခြင်း၊ သုံးစွဲထားသော Wire ကြိုး၏ နန်းမျှင်မှာလည်း မှန်ကန်တိကျစွာ ကျစ်လျစ်ထားမှုမရှိခြင်း (Uniform Twist)၊ တခြား Mechanical ပိုင်းဆိုင်ရာ တပ်ဆင်မှုတွင်လည်း တန်ဖိုး နည်းသတ္တုအလွိုင်းများဖြင့် ပြုလုပ်ထားခြင်းတို့ကို တွေ့ရှိရသည်။

စမ်းသပ်မှုအား သုံးသပ်တင်ပြရလျှင် ဒန်သတ္တုကြိုးသည် ကြေးနီကြိုးများကဲ့သို့ လျှပ်ကူးမှုစွမ်းရည်မကောင်းခြင်း၊ ခုခံမှုများပြီး စွမ်းအင်ဆုံးရှုံးမှု များပြားခြင်း၊ ဝါယာဆိုဒ်တူကြေးနီကြိုးများကဲ့သို့ လျှပ်စီးပမာဏမ သယ်ဆောင်နိုင်ခြင်း၊ ရုတ်တရက် Voltage အတက်/ကျဖြစ်ပေါ်လာပါက ခုခံမှုမြင့်တက်၍ အပူလွန်ကဲမှုဖြစ်ပြီး ဝါယာပြတ်တောက်ခြင်း၊ ဝန်အားပြည့်ဖြင့် ကြာရှည်သုံးစွဲပါက အပူလွန်ကဲ၍ မီးလောင်နိုင်ပြီး သတိမထားဘဲ အသုံးပြုပါက စားသုံးသူများကို အန္တရာယ်ဖြစ်စေနိုင်သည်။

ဈေးကွက်အတွင်းတွင် ဈေးနှုန်းသင့်တော်၍လည်းကောင်း၊ ဒီဇိုင်းလှပမှုကြောင့်လည်းကောင်း လူတန်းစားမရွေး ဝယ်ယူအသုံးပြုနေသော ၎င်းပစ္စည်းများသည် သုံးစွဲချိန် မကြာသေးမီမှာပင် ပျက်စီးသွားခြင်းနှင့် တစ်ခါတစ်ရံ အလားတူ ပစ္စည်းများကို သုံးစွဲရာတွင် ဓာတ်လိုက်ခြင်း၊ အပူကာ ပလတ်စတစ်များ အရည်ပျော်သွားခြင်း ကြုံတွေ့ရသဖြင့် အိမ်သုံးလျှပ်စစ်အသုံးအဆောင် ပစ္စည်းများနှင့်ပတ်သက်၍ လျှပ်စစ်အန္တရာယ်ကြုံတင်ကာကွယ်နိုင်ရန်နှင့် ပစ္စည်းများ ဝယ်ယူသုံးစွဲရာတွင် စားသုံးသူများမှ နစ်နာမှုမရှိစေရန် အရည်အသွေးပြည့်မီ ပစ္စည်းများ ရွေးချယ်ဝယ်ယူ သုံးစွဲခြင်းဖြင့် နောင်ဖြစ်လာမည့် အန္တရာယ်ကို ကာကွယ်ပြီး လုံခြုံစိတ်ချစွာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း အသိပေး ရေးသားဖော်ပြလိုက်ရပါသည်။

**အိအိချော**

**(သတင်းနည်းပညာ/နည်းပညာ)**

# မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း (ဧရာဝတီတိုင်းဒေသကြီး) အသင်းခွဲ ၂၀၁၉-၂၀၂၂ သက်တမ်း အမှုဆောင်သစ်ရွေးချယ်တင်မြှောက်

ပုသိမ်ဟိုတယ်တွင်မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း(ဧရာဝတီတိုင်းဒေသကြီး) အသင်းခွဲ ၂၀၁၉-၂၀၂၂ သက်တမ်းအမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို ဇူလိုင် ၇ ရက်တွင် ကျင်းပရာ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း (ဗဟို)မှ တာဝန်ရှိသူများ ရွေးချယ်ရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးစိုးအောင်နှင့် ဝန်ထမ်းများ၊ ပုသိမ်မြို့ပေါ်နှင့် တိုင်းအတွင်းမြို့နယ်များမှ ဆန်စက်လုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ စုစုပေါင်း ၁၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးတင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး တိုင်းအသင်း ဘဏ္ဍာရေးမှူး ဦးမောင်မောင်ဝင်းမှ ၂၀၁၆-၂၀၁၉ သက်တမ်းကာလ အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ငွေစာရင်း ရှင်းတမ်းကို ဖတ်ကြားရှင်းလင်းခဲ့သည်။

ဆက်လက်၍ ၂၀၁၆-၂၀၁၉ သက်တမ်းကာလအမှုဆောင်များ နုတ်ထွက်ကြောင်းကြေညာပြီး ရွေးချယ်ရေးကော်မရှင်ဥက္ကဋ္ဌက အမှုဆောင်ရွေးချယ်ရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ၂၀၁၉-၂၀၂၂ သက်တမ်းကာလ အတွက် ဧရာဝတီတိုင်းဒေသကြီး ဆန်စက်လုပ်ငန်းရှင်များအသင်း အမှုဆောင်များရွေးချယ်၍ တက်ရောက်လာသော ဆန်စက်လုပ်ငန်းရှင်များ၏သဘောထားဆန္ဒ သင်းဖွဲ့စည်းမျဉ်းနှင့်အညီ ၎င်းတို့ထဲမှဥက္ကဋ္ဌ ဦးစိုးဝင်း (ပုသိမ်) အတွင်းရေးမှူး ဦးမောင်မောင်ဝင်း (ပုသိမ်)ဒုတိယဥက္ကဋ္ဌ၊ တွဲဖက်အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ စာရင်းစစ်နှင့် အမှုဆောင်၊ အလုပ်အမှုဆောင်၊ CEC တို့ကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

**မင်းမင်းဦး (ပုသိမ်)**

# နိုင်ငံတကာရော်ဘာဈေး အတက်အကျ သိပ်မရှိ

ဇူလိုင် ၆ရက်မှ ၁၂ ရက်အထိ သီတင်းတစ်ပတ်အတွင်း မြန်မာ-တရုတ်နှင့် မြန်မာ-ထိုင်း နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ တစ်သန်းကျော်တန်ဖိုးရှိ ရော်ဘာအမျိုးအစားစုံ တန်ချိန် ၁၀၀၀ ကျော်တင်ပို့ခဲ့ကြောင်း သိရသည်။ မြန်မာ-တရုတ် နယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှ တင်ပို့မှုများမှာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးစခန်းမှ RSS-3 အမျိုးအစား တန်ချိန် ၂၅၀ ကျော်၊ RSS-5 အမျိုးအစား တန်ချိန်၃၀၀၊ MSR-20 အမျိုးအစား တန်ချိန် ၂၀၀၊ ချင်းရွှေဟော် ကုန်သွယ် ရေး စခန်းမှ RSS-3 အမျိုးအစား တန်ချိန် ၂၅၀ ကျော်နှင့် မြန်မာ -ထိုင်း နယ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ Latex 60 % DRC အမျိုးအစား တန်ချိန် ၁၃၀၊ ကော့သောင်းကုန်သွယ်ရေးစခန်းမှ RSS-3 အမျိုးအစားခြောက်တန်တင်ပို့ခဲ့ကြောင်း သိ ရသည်။ ယခင်တစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက တန်ချိန် ၆၀၀ ကျော် လျော့ကျခဲ့ကြောင်းသိရသည်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဇူလိုင် ၇ ရက်မှ ၁၃ ရက်အထိကာလအတွင်း အမေရိကန်ဒေါ်လာ နှစ်သန်းနီးပါးတန်ဖိုးရှိ ရော်ဘာအမျိုးအစားစုံတန်ချိန် ၁၄၀၀ ကျော်တင်ပို့ခဲ့သည်။ ယခုတစ်ပတ်မှာ တရုတ်၊ မလေးရှား၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများသို့ တင်ပို့ခဲ့ရာ တရုတ်နိုင်ငံသို့ Synthetic Rubber အမျိုးအစား တန်ချိန် ၄၀၀ ကျော်၊ မလေးရှားနိုင်ငံသို့ RSS-3 အမျိုးအစားတန်ချိန် ၄၀၀ ကျော်၊ ဂျပန်နိုင်ငံသို့ MSR-20 အမျိုးအစား ၉၈ တန်နှင့် အိန္ဒိယနိုင်ငံသို့ RSS-3 အမျိုးအစား တန်ချိန် ၅၀၀ ကျော် တင်ပို့ခဲ့ကြောင်းသိရသည်။ ယခင်တစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက တန်ချိန် ၁၀၀ ကျော် ပိုမိုတင်ပို့ခဲ့သည်။ နယ်စပ်နှင့် ရေကြောင်းမှ ရက်သတ္တပတ်အတွင်း ရော်ဘာတင်ပို့မှု စုစုပေါင်းမှာတန်ချိန် ၂၅၀၀ ကျော် ဖြစ်သည်။ ယခုတစ်ပတ် နိုင်ငံတကာ ရော်ဘာဈေး အတက်အကျသိပ်မရှိကြောင်း သိရသည်။ **ယဉ်ယဉ်အေး**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဟွန်ဒါဖစ် (၂၀၁၂) | ယာယီ | ၂၉၀ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ် |
| ၂။ | ကလူဂျာ (၂၀၀၃) | ယာယီ | ၄၃၅ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | ပရိုဘောက် (၂၀၀၈) | F | ၂၈၀ သိန်း | ၁.၅ ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | ဂျူကီ(နီဆန်း) (၂၀၁၁) | M | ၃၃၀ သိန်း | ၁.၅ ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | နီဆန်း/နုတ် (၂၀၁၄) | ယာယီ | ၂၇၀ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ် |
| ၆။ | ဟွန်ဒါစီဗစ် (၂၀၀၉) | N | ၂၆၀ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | ဟွန်ဒါပါတနာ (၂၀၁၈) | K | ၁၉၅ သိန်း | ၁.၅ ဓာတ်ဆီ၊ နယ် |
| ၈။ | မာဇဒါဒီမီယို (၂၀၁၄) | HH | ၂၄၅ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ် |
| ၉။ | အပ်ကား (နှစ် ၂၀) | - | ၂၄၀ သိန်း | |

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ မန္တလေးလမ်း | ၆၅၀ စ/ပေ | အခန်းဖွဲ့၊ (၅)လွှာ | ၃၈၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၂။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗမ္မာရုံလမ်း | (၁၂.၅ x ၅၅ )ပေ | ဟောလ်၊ မြေညီ | ၉၈၀ သိန်း | လမ်းကောင်း | ၀၉/၂၅၀၃၇၆၃၇၉ |
| ၃။ | တိုက်ခန်း | ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်လမ်း | (၁၅ x ၆၀ )ပေ | ဟောလ်၊ မြေညီ | ၉ သိန်း | တစ်လအငှားနှုန်း | ၀၉/၂၅၀၃၇၆၃၇၉ |
| ၄။ | တိုက်ခန်း | ပုဇွန်တောင်မြို့နယ်၊ (၅၂) လမ်း | (၁၅ x ၅၀ )ပေ | ဟောလ်၊ မြေညီ | ၁၀ သိန်း | (ဆိုင်ဖွင့်နိုင်) တစ်လအငှားနှုန်း | ၀၉/၅၁၁၇၂၆၂ |
| ၅။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ မြေနီကုန်းဈေးလမ်း | (၁၅ x ၆၀ )ပေ | MB (1) ခန်း၊ BR (1) မြေညီ | ၂၀ သိန်း | တစ်လအငှားနှုန်း | ၀၉/၅၁၁၇၂၆၂ |
| ၆။ | လုံးချင်းအိမ် | ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)လမ်း | (၅၀ x ၉၀ )ပေ | MB (2) ခန်း၊ BR (1) ခန်း | ၃၅ သိန်း | တစ်လအငှားနှုန်း | ၀၉/၅၁၁၇၂၆၂ |
| ၇။ | လုံးချင်းအိမ် | ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ အေးရိပ်သာလမ်း | (၈၀ x ၆၀)ပေ | RC (2) ထပ်၊ MB (3)၊ BR (5) | ၄၅ သိန်း | တစ်လအငှားနှုန်း | ၀၉/၄၀၂၀၇၁၉၂၂ ၀၁/၅၁၉၀၃၃ |
| ၈။ | မြေ | ပြင်ဦးလွင်မြို့နယ်၊ ညောင်နီရွာမ | (၃၅ x ၆၀ )ပေ | မြေ/သံဆူးခတ်ပြီး | ၁၆၀ သိန်း | လမ်းကောင်း | ၀၉/၄၀၂၀၇၁၉၂၂ ၀၁/၅၁၉၀၃၃ |
| ၉။ | အိမ်/မြေ | ပြင်ဦးလွင်မြို့နယ်၊ ပြည်တော်သာ(၄)လမ်း | (၃၀ x ၅၀)ပေ | RC (1) ထပ် | ၁၃၅၀ သိန်း | | ၀၉/၄၀၂၀၇၁၉၂၂ ၀၁/၅၁၉၀၃၃ |

# ရှမ်းပြည်နယ်(တောင်ပိုင်း) ဆန်စက်လုပ်ငန်းရှင်များ အသင်းပြန်လည်ဖွဲ့စည်း

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆန်စက်လုပ်ငန်းရှင်များအသင်း ၂၀၁၉-၂၀၂၂ သက်တမ်းကာလအတွက် ပြန်လည်ဖွဲ့စည်းခြင်းကို တောင်ကြီးမြို့ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းရုံးခန်းမ၌ ဇူလိုင် ၁၀ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်လွင့်ဦးက အဖွင့်အမှာစကား ပြောကြားခဲ့ရာတွင် စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေသည့်ကိစ္စများ၊ ကုန်သွယ်မှုမြှင့်တင်ရေးအတွက် အသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ပေးနေပြီး ရှင်သန်စေရန် အားပေးဆောင်ရွက်နေမှုများ၊ ကုန်စည်စီးဆင်းမှုနှင့် ဈေးကွက် ဈေးနှုန်းချိတ်ဆက်ဆောင်ရွက်ပေးနေမှုများ၊ ဈေးကွက်အလားအလာရှိသော သီးနှံနှင့် သစ်သီးဝလံများကို အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပ ဆောင်ရွက်ပေးနေမှုများကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းအသင်း ဥက္ကဋ္ဌ ဦးတင်ဝင်းက




ဆန်စက် လုပ်ငန်းရှင်များ အသင်းဖွဲ့လာခဲ့သည့် သမိုင်းကြောင်းနှင့် အသင်းပြန်လည်ဖွဲ့စည်းရာတွင် လူမှန် နေရာမှန် ရွေးချယ်ပေးကြရန်ကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းအတွင်းရေးမှူး ဦးနေလင်းဇင်က ယခင်ဟာလာ/ငါးပုံဆန်စက်များကို တိုးတက်လာသော နည်းပညာအသစ်များနှင့်အညီ နိုင်ငံတကာအဆင့်မီ အရည်အသွေးကောင်းမွန်သော ဆန်စက်များ ပြောင်းလဲတည်ဆောက် လည်ပတ်နေမှု၊ အရင်းအနှီး လိုအပ်နေသော လုပ်ငန်းရှင်များအတွက် SME ချေးငွေများရရှိရေး သက်ဆိုင်ရာဘဏ်များနှင့် ညှိနှိုင်းပေါင်းစပ် ချိတ်ဆက်ပေးနေမှု၊ နိုင်ငံတော်၏ စီးပွားရေးမူဝါဒကို ဆန်စက်လုပ်ငန်းရှင်များအသင်းမှ အကောင်အထည်ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ဟုန်ကျားကုမ္ပဏီနှင့် ပီး(ခ်)ဘဒါးသားကုမ္ပဏီတို့မှ သီးနှံအခြောက်ခံစက်များအကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ရှမ်းပြည်နယ် (တောင်ကြီး)ပြည်နယ် ဆန်စက်လုပ်ငန်းရှင်များအသင်း ပြန်လည်ရွေးချယ်မှုကို မြို့နယ် ၁၉ မြို့နယ်မှ တက်ရောက်လာခဲ့သည့် ဆန္ဒမဲပေးခွင့်ရှိသူ ၃၆ ဦးတို့က မဲစနစ်ဖြင့် အလုပ်အမှုဆောင် ၂၅ ဦးကို ရွေးချယ်တင်မြှောက်ပေးခဲ့ကြပြီး၊ ရွေးချယ်ခံရသော ရှမ်းပြည်နယ် (တောင်ပိုင်း)ပြည်နယ်ဆန်စက်လုပ်ငန်းရှင်များ အသင်း ဥက္ကဋ္ဌ ဦးရဲထွန်းက နှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

**စောမောင် (တောင်ကြီး)**

# ခင်ဦးမြို့ စံပဟိဏ်းကျော် ကိုယ်ပိုင်အထက်တန်းကျောင်း၌ စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြော

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ကြည်ဆန်း၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်သူခတို့နှင့်အတူ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးဌေးတင့်တို့သည် ဇူလိုင် ၁၂ ရက်တွင် အောင်မင်္ဂလာ ရပ်ကွက်၌ ဖွင့်လှစ်သင်ကြားနေသော စံပဟိဏ်းကျော် ကိုယ်ပိုင်အထက်တန်းကျောင်း၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆောင်ရွက်ခဲ့ကြသည်။

ရှေးဦးစွာ ကျောင်းကြီးကြပ်အုပ်ချုပ်ရေးမှူး ဦးရွှေက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးဌေးတင့်က စားသုံးသူရေးရာဦးစီးဌာနဖြစ်ပေါ်လာပုံ၊ စားသုံးသူ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ရည်ရွယ်ချက်၊ စားသုံးသူအခွင့်အရေးနှင့် တာဝန်များအား တစ်ချက်ချင်း ရှင်းလင်း ဆွေးနွေးပြီး ၂၀၁၉ ခုနှစ် စားသုံးသူကာကွယ်ရေးဥပဒေပါ ပုဒ်မ-၁၉၊ ပုဒ်မခွဲ (ဈ) ပစ္စုပ္ပန်တွင်သာမက အနာဂတ်မျိုးဆက်များအတွက်ပါကောင်းမွန်သာယာသော လူနေမှုအဆင့်အတန်းနှင့် ပတ်ဝန်းကျင်တွင် နေထိုင်ခွင့်ရရှိစေရေးအတွက် မိမိပတ်ဝန်းကျင်တွင် ဆေးလိပ်၊ ကွမ်းယာစသည်တို့ သုံးစွဲနေမှု၊ ဆေးလိပ်၊ ကွမ်းယာတို့၏ ကျန်းမာရေးအန္တရာယ်ပေးပုံတို့နှင့် ပစ္စုပ္ပန်နှင့်အနာဂတ်မျိုးဆက်များ ကျန်းမာရေးကောင်းမွန် စေရေးတို့အတွက် အလေးပေးဆွေးနွေးပြီး အခန်း (၁၈)ပါ ကုန်အညွှန်းအမှတ်အသားနှင့် ပတ်သက်၍ ကုန်အမှတ်တံဆိပ် ထုတ်လုပ်သည့်ရက်စွဲ၊ သက်တမ်းကုန်ဆုံးသည့်ရက်စွဲ၊ ထုတ်လုပ်မှု အမှတ်စဉ်၊ လုပ်ငန်း အမည်နှင့် လိပ်စာ စသည်တို့ကို အသေးစိတ်ရှင်းလင်းသည်။ အသိပညာပေးဟောပြောပွဲသို့ ၂၇၆ ဦးတက် ရောက်ခဲ့ပြီး လက်ကမ်းစာစောင် ၃၀ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။

**ဌေးတင့် (ခင်ဦး)**

## မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်မှု (၁၀)နှစ်ပြည့် အထိမ်းအမှတ်ကျင်းပမည်

၂၀၁၉ ခုနှစ် ဩဂုတ် ၈ ရက်တွင် 'မဲခေါင်ဒေသ စီးပွားရေးဖွံ့ဖြိုးရေးနှင့် ပတ်သက်သော ထွန်းသစ်စလူငယ်လုပ်ငန်းရှင်များ၏ စီမံကိန်းများ တင်ပြဆွေးနွေးခြင်း' အခမ်းအနားကို နေပြည်တော်ရှိသင်္ဂဟဟိုတယ်တွင် ကျင်းပမည်ဖြစ်ပါ၍ ကရင်ပြည်နယ် ရှိမဲခေါင်ဒေသတွင်းလူငယ်များ စွန့်ဦးတီထွင်ဆန်းသစ်ထုတ်လုပ်ထားသည့် ကုန်ပစ္စည်းများ၊ နည်းပညာများပြသလိုသည့် လူငယ်လူရွယ်များ၊ MSMEများ၊ ITကုမ္ပဏီများရှိပါက ကရင်ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဖုန်း - ၀၅၈ -၂၁၁၄၀ သို့ ဇူလိုင် ၂၂ ရက် နောက်ဆုံးထားပေးပို့နိုင်ကြောင်း သိရသည်။

**အိအိခိုင်(ကရင်ပြည်နယ်)**

# မြို့နယ်ဆန်စက်အသင်းနှင့် တွေ့ဆုံဆွေးနွေး

ဇူလိုင် ၁၅ ရက်တွင် မြို့နယ်ဆန်စက်အသင်းအဖွဲ့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင် ၁၀ ဦးအပါအဝင် စုစုပေါင်း ၁၂ ဦးဖြင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ဆွေးနွေးရာတွင် ယခုလအတွင်း ဆန်ဈေးအနေဖြင့် ဧည့်ဆန် ၂၄ ပြည် တစ်အိတ် ကျပ် ၂၃၅၀၀၊ ငစိန်ဆန် ၂၄ ပြည် တစ်အိတ် ကျပ် ၂၂၀၀၀၊ စပါးဈေးအနေဖြင့် ဧည့်စပါး တစ်တင်း ကျပ် ၇၅၀၀၊ ငစိန်စပါးတစ်တင်း ကျပ် ၇၅၀၀၊ ဧရာမင်းစပါး တစ်တင်း ကျပ် ၉၀၀၀ဈေးနှုန်းရှိခဲ့ပြီး ယခင်လနှင့်နှိုင်းယှဉ်ပါက ငစိန်စပါး တစ်တင်း ကျပ် ၁၅၀၊ ဧရာမင်းစပါး တစ်တင်း ကျပ် ၅၀၀ ဈေးနှုန်း မြင့်တက်ခဲ့သည်။

ထိုသို့ ဈေးနှုန်းမြင့်တက်ရခြင်းမှာ တောင်သူများအနေဖြင့် စပါးဝယ်ယူသူများသို့ပွဲစားများအပြိုင်အဆိုင်ဝယ်ယူမှုများကြောင့် ပွဲစားများ မိမိစပါးရရှိရေးဈေးတိုးပေးခြင်းဖြစ်သည်။ ယခုလအတွင်းတွင် တောင်ပေါ်၊ မုံရွာမြို့ပွဲရုံနှင့် မုံရွာနယ်ဘက်များသို့ ယခုလအတွင်း စားဆန်အိတ် ၆၀၀၀၀ ခန့် တင်ပို့မှုရှိကြောင်း၊ တောင်ပေါ်သို့ အိတ်ရေ ၁၅၀၀၀ ခန့် တင်ပို့မှုရှိကြောင်း၊ ဆန်စက်အသင်းအတွင်းရေးမှူးထံမှ သိရှိရသည်။

**စန္ဒာမွန်(ကလေးမြို့)**

## နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

(၁) **မြန်မာကုန်သွယ်မှုဗဟိုဌာန** (Myanmar Trade Center) **ဖုန်း-၀၁ ၂၅၄၀၂၄** **ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်**-itpic.moc@gmail.com

(၂) Myanmar-EU Trade Help Desk **ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇** **အီးမေးလ်**- mmeu.tradehelpdesk@gmail.com

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# (၇) နေ့ သားသမီးများအတွက် စီးပွားရေး အကြံပေး ဟောကိန်း

## ၂၂-၇-၂၀၁၉ မှ ၂၈-၇-၂၀၁၉ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** အလုပ်အကိုင်အရောင်းအဝယ်အောင်မြင်ပြီးဝင်ငွေအမြတ်အစွန်းကောင်းမည်။ မိတ်ဆွေအသိုင်းအဝိုင်းများ၏ပြဿနာ၊ နေအိမ်ပြဿနာတို့ ကြောင့် စိတ်ဆင်းရဲရမည်။ ရှယ်ယာလုပ်ငန်းများရှောင်ပါ။ ပြဿနာရှင်းရတတ်သည်။ ပညာရေးတွင်ပြိုင်ဘက်ဟောင်းနှင့်ပြန်ဆုံရတတ်ပါသည်။ အချစ်ရေး သာယာနေမည်။ ကျန်းမာရေးအနေဖြင့် စိတ်ဖိစီးမှုများနေခြင်းကြောင့် လှုပ်ရှားမှုအားနည်းခြင်းဝေဒနာ ခံစားရတတ်ပါသည်။

**လာဘ်ရွှင်ဂဏန်း။ ။ ၁၊ ၃။ ယတြာဆောင်။ ။အုန်းဆွမ်းကပ်လှူပါ။**



**တနင်္လာသားသမီးများအတွက်** လုပ်ငန်းအခွင့်အလမ်းများပေါ်ပေါက်လာတတ်သည်။ ရှယ်ယာလုပ်ငန်းများတွင်ဦးဆောင်ဦးရွက်လုပ်ရတတ်သည်။ စက်ကိရိယာပစ္စည်းအမျိုးမျိုးစီးပွားဖြစ်ထွန်းမည်။ ဌာနဆိုင်ရာလုပ်ငန်းများအောင်မြင်မည်။ ပညာသင်ယူမှုအတွက်အနည်းငယ်စိတ်သောကရှိလိမ့်မည်။ အချစ်ရေးတွင်ယုံကြည်အားကိုးရသူ နှင့်လက်တွဲဖြစ်လိမ့်မည်။ ကျန်းမာရေးအနေဖြင့် အာပေါ်ဓာတ်လွန်ကဲသောဝေဒနာခံစားရတတ်ပါသည်။

**လာဘ်ရွှင်ဂဏန်း။ ။ ၆၊ ဝ၊ ၇။ ယတြာ။ နို့ကျောက်ကျောလှူပါ။**



**အင်္ဂါသားသမီးများအတွက်** အလုပ်အကိုင်ကောင်းမွန်မည်။ ဝင်ငွေများတိုးပွားမည်။ ရာထူးဂုဏ်ထူးများတိုးမြှင့်ခြင်ခံရမည်။ ဆွေမျိုးများ၏အကူအညီအထောက်အပံ့ရရှိမည်။ ဆက်သွယ်ရေးလုပ်ငန်းပိုမိုအောင်မြင်မှုများရရှိမည်။ ပညာရေးအနှောင့်အယှက်များကြားမှအောင်မြင်မည်။ အချစ်ရေး၊ အိမ်ထောင်ရေးသင့်တင့်မှုရှိနေမည်။ ကျန်းမာရေးအနေဖြင့် အပူကြောင့်ဖြစ်သောအနာရောဂါရရှိတတ်ပါသည်။

**လာဘ်ရွှင်ဂဏန်း။ ။ ၂၊ ၅။ ယတြာ၊ ရေလှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများကျဆင်းလာသဖြင့် ဝင်ငွေလျော့နည်းနေရတတ်ပါသည်။ အလိုလိုနေရင်းဒေါသဖြစ်နေရတတ်ပါသည်။ မကြာခဏခိုက်ရန်ဒေါသဖြစ်ပွားနေရတတ်သည်။ စိတ်လေလွင့်နေသောကာလဖြစ်နေတတ်ပါသည်။ ပညာရေးတွင်ဆရာသမားအကြီးအကဲတို့၏စောင့်ရှောက်မှုကို ရရှိလိမ့်မည်။ အချစ်ရေးအဆင်ပြေမည်။ ကျန်းမာရေးတွင်အရေပြားဝေဒနာခံစားရမှုရှိတတ်ပါသည်။

**လာဘ်ရွှင်ဂဏန်း။ ။ ၇၊ ၂။ ယတြာ၊ ဘုရားတွင်ရွှေသင်္ကန်းကပ်လှူပါ။**



**ကြာသပတေးသားသမီးများအတွက်** အလုပ်အကိုင်အရောင်းအဝယ်အောင်မြင်မည်။ အားကစားလုပ်ငန်းပိုမိုအဆင်ပြေမည်။ အားကစားဝတ်စုံရောင်းဝယ်ခြင်းဖြင့် အကျိုးရှိမည်။ ပညာရေးတွင်ပြိုင်ဘက်ကောင်းနှင့်ကြုံမည်။ အချစ်ရေးစိတ်တိုင်းကျမှုရှိမည်။ အိမ်ထောင်ရေးသာယာနေမည်။ ကျန်းမာရေးအနေဖြင့် အသည်းရောဂါဖြစ်တတ်သည်ကို သတိရှိပါ။

**လာဘ်ရွှင်ဂဏန်း။ ။ ၃၊ ၅။ ယတြာ၊ ကံ့ကော်ပန်းလှူပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးတွင်အိမ်၏အလှဆင်ပြုပြင်ရေးလုပ်ငန်း၊ ရတနာပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းများဖြင့် စီးပွားဖြစ်ထွန်းပြီး ဝင်ငွေကောင်းနေလိမ့်မည်။ ဉာဏ်ရည်ထက်မြက်မှုအားကောင်းသောကြောင့် ပညာရေးထူးချွန်နိုင်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးကံကောင်းနေမည်။ ကျန်းမာရေးအနေဖြင့် ဆီးချို၊ သွေးချိုရောဂါဖြစ်တတ်ပါသည်။

**လာဘ်ရွှင်ဂဏန်း။ ၃၊ ၆။ ယတြာ၊ သဇင်၊ သစ္စာပန်းလှူပါ။**



**စနေသားသမီးများအတွက်** လုပ်ငန်းများကိုတိုးချဲ့လုပ်ကိုင်မှုအောင်မြင်ဖြစ်ထွန်းလိမ့်မည်။ ပွဲရုံလုပ်ငန်း၊ ကုန်စိမ်းလုပ်ငန်းများတွင်ကျယ်လိမ့်မည်။ ပညာရေးသင့်တင့်မှုရှိမည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင်ကံကောင်းနေတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် ထိခိုက်ဒဏ်ရာရခြင်းရှိမည်။ သတိဖြင့်သွားလာလှုပ်ရှားပါ။

**လာဘ်ရွှင်ဂဏန်း။ ။ ၇၊ ၂။ ယတြာ၊ ဆီထမင်းလှူပါ။**

# သီရိမင်္ဂလာဈေး သစ်သီးဝလံဈေးနှုန်းအခြေအနေ

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် သီရိမင်္ဂလာဈေးရှိ ဇူလိုင် ၁ ရက်မှ ၁၀ ရက်အတွင်း ဖြစ်ပေါ်ခဲ့သော သစ်သီးဝလံဈေးနှုန်းများမှာ ကျိုက်လတ်နှင့် ဘိုကလေးမှ မြန်မာ့မာလကာသီးသည် အလုံးကြီးတစ်လုံး ကျပ် ၁၅၀၊ အလုံးလတ် ကျပ် ၁၃၀၊ အလုံးသေး ကျပ် ၁၀၀ နှင့် မန္တလေး၊ တိုက်ကြီးတို့မှ ကီလိုမာလကာသီးမှာ အလုံးကြီး တစ်လုံး ကျပ် ၅၀၀၊ အလုံးလတ် ကျပ် ၄၀၀၊ အလုံးသေး ကျပ် ၃၀၀ အသီးသီးရှိကြောင်း သိရသည်။

မော်လမြိုင်၊ မြိတ်၊ ထားဝယ်တို့မှ ဒူးရင်းသီးအကြီးတစ်လုံးလျှင် ကျပ် ၃၅၀၀၊ အလတ်မှာ ကျပ် ၂၅၀၀ နှင့် အသေးမှာ ၁၅၀၀ ကျပ်ဈေးရှိပြီး မန္တလေးသရက် (ရင်ကွဲ) အလုံး ၉၀ ပါ တစ်သေတ္တာလျှင် ကျပ် ၁၇၀၀၀၊ အလုံးလတ် ၁၁၅ ပါ တစ်သေတ္တာလျှင် ကျပ် ၁၃၀၀၀၊ အလုံး ၁၂၅ ပါ တစ်သေတ္တာလျှင် ကျပ် ၁၀၀၀၀ တို့ဖြင့် အသီးသီးရှိကြောင်း သိရသည်။

ကျိုက်ကွော် ပျားနာနတ်အလုံးကြီးတစ်လုံး ကျပ် ၇၀၀၊ အလုံးလတ်ကျပ် ၄၀၀၊ အလုံးသေး ကျပ် ၂၅၀ အသီးသီးရှိပြီး ပြင်ဦးလွင်မှ နဂါးမောက်အလုံးကြီး ၁၈ လုံးပါ ဂျပ်ဖာတစ်ဖာလျှင်ကျပ် ၁၀၀၀၀၊ အလုံးလတ် ၂၄ လုံးပါ တစ်ဖာလျှင် ကျပ်၇၀၀၀ နှင့် အလုံးသေး ၃၀ လုံးပါ တစ်ဖာလျှင် ကျပ် ၅၀၀၀ တို့ဖြင့် အသီးသီးဈေးရှိသည်။

ကျောက်ဆည်ငွေးသီး အကြီး တစ်လုံးလျှင် ကျပ် ၅၀ နှင့် အလတ် တစ်လုံးလျှင် ကျပ် ၃၀၊ အလုံးသေး တစ်လုံးလျှင် ကျပ် ၂၀ အသီးသီးရှိသည်။ တိုက်ကြီး၊ တွံတေးမှ ပီလောပီနံ အလုံးကြီး တစ်ပိဿာကျပ် ၅၀၀၊ အလတ်မှာ ကျပ် ၄၀၀ နှင့် အလုံးသေးတစ်ပိဿာလျှင် ကျပ် ၃၀၀ အသီးသီး ဈေးနှုန်းများရှိကြောင်း သတင်းရရှိသည်။

**West DOCA**

# တည်ဥင်းကုန်းလက်ကားဈေးကြီး၌ ရက်သတ္တပတ်အတွင်း ရောင်းချနေသော ကုန်ဈေးနှုန်းအခြေအနေ

အင်းစိန်မြို့နယ်ရှိ တည်ဥင်းကုန်းလက်ကားဈေးကြီးအတွင်းသို့ ဇူလိုင် ၈ ရက်မှ ၁၄ ရက်အတွင်း ညောင်တုန်း၊ မှော်ဘီ၊ သာရဝေါ၊ ညောင်နှစ်ပင်ကျေးရွာ၊ ကြာကန်စုကျေးရွာ၊ နေပြည်တော် တပ်ကုန်း၊ ရွှေဒါး၊ မင်္ဂလာဒုံ၊ အင်းစိန်၊ ခရမ်း၊ သုံးခွနှင့် ရှမ်းပြည်နယ်တို့မှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များ အများဆုံးဝင်ရောက်ရောင်းချနေကြောင်း သိရသည်။ ထိုသို့ ဝင်ရောက်ရာတွင် ယခုရက်သတ္တပတ်အတွင်း ခရမ်းချဉ်သီးထိုင်ဝမ် (ပိဿာ)ကျပ် ၁၂၇၀ မှ ၁၄၇၀ အတွင်း၊ ဂေါ်ဖီထုပ် (တစ်ထုပ်)ကျပ် ၈၀၀ မှ ၁၅၀၀ အတွင်း၊ ပန်းဂေါ်ဖီ(တစ်ထုပ်)ကျပ် ၇၀၀ မှ ၁၀၀၀ အတွင်း၊ အာလူး(ပိဿာ) ကျပ် ၉၅၀၊ မုန်လာဥနီ (ပိဿာ) ကျပ် ၁၂၀၀ မှ ၁၈၀၀ အတွင်း၊ ရွှေဖရုံသီး(လုံး) ကျပ် ၈၀၀ မှ ၂၅၀၀ အတွင်း၊ ဘူးသီး(လုံး)ကျပ် ၃၀၀ မှ ၅၀၀ အတွင်း၊ မုန်ညှင်း(ထုပ်) ကျပ် ၁၂၀၀ မှ ၁၅၀၀ အတွင်း၊ ကြက်သွန်နီ (ဆိပ်ဖြူ) (ပိဿာ) ကျပ် ၈၅၀၊ ကြက်သွန်ဖြူ(ရှမ်း) (ပိဿာ) ကျပ် ၂၃၀၀၊ ကြက်သွန်ဖြူ(ကြူကုတ်) (ပိဿာ) ကျပ် ၃၆၀၀ မှ ၃၉၀၀ အတွင်း၊ ချင်း (ပိဿာ)ကျပ် ၂၈၀၀၊ ဆလတ်ရွက် (စီး) ကျပ် ၁၀၀ ၊ ရုံပတီသီး (တောင့်) ၅ ကျပ်မှ ၁၀ ကျပ် အတွင်း၊ ကန်စွန်းရွက်(တရုတ်) (စီး) ကျပ် ၁၅၀ မှ ၂၅၀ အတွင်း၊ ချဉ်ပေါင်ရွက်(စီး)ကျပ် ၃၀ မှ ၇၀ အတွင်း၊ ခရမ်းသီး (ရှည်)(လုံး) ကျပ် ၁၀၀ မှ ၁၅၀ အတွင်း၊ သံပရာသီး (လုံး)ကျပ် ၂၅ မှ ၅၀ အတွင်း၊ ပဲသီး(စီး) ကျပ် ၆၀ မှ ၂၀၀ အတွင်း၊ ငရုတ်သီးစိမ်း (ကျောက်စိမ်း) (ပိဿာ) ကျပ် ၇၀၀ မှ ၁၀၀၀ အတွင်း၊ နာနတ်သီး (လုံး) ကျပ် ၄၀၀ မှ ၈၀၀ အတွင်း၊ သရက်သီးမှည့် (ရင်ကွဲ/သေး) တစ်တောင်းကျပ် ၈၀၀၀ မှ ၁၅၀၀၀ အတွင်း၊ သရက်သီးမှည့် (ရင်ကွဲ /လတ်) တစ်တောင်းကျပ် ၁၀၀၀၀ မှ ၁၈၀၀၀ အတွင်း၊ သရက်သီးမှည့် (ရင်ကွဲ/ကြီး) တစ်တောင်း ကျပ် ၁၄၀၀၀ မှ ၃၀၀၀၀ အတွင်း ဈေးအသီးသီးရှိကြောင်း သိရသည်။

ယခုရက်သတ္တပတ်အတွင်း ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ ရွှေဖရုံသီး၊ မုန်ညှင်းထုပ်၊ ရုံပတီသီး၊ ပဲသီးတို့မှာ ဈေးကျနေပြီး တည်ဥင်းကုန်းလက်ကားဈေးကြီးအတွင်းသို့ ယခုရက်သတ္တပတ်အတွင်း သံပရာသီးအလုံးပေါင်း ၆၅၀၀၀ ကျော်၊ ခရမ်းသီး (ရှည်)(လုံး) ၂၇၆၆၀၀ ကျော်၊ ဘူးသီးအလုံးပေါင်း ၁၇၀၀၀ ကျော်၊ ရွှေဖရုံသီးအလုံးပေါင်း ၃၁၀၀၀ ကျော်၊ ဂေါ်ဖီထုပ်ပေါင်း ၅၀၀၀၀ ကျော်၊ ပန်းဂေါ်ဖီထုပ်ပေါင်း ၃၅၀၀၀ ကျော်နှင့် မုန်ညှင်း (ထုပ်)ပေါင်း ၁၂၅၀၀ ကျော် အသီးသီးကုန်အဝင်ရှိကြောင်း သိရသည်။ သရက်သီးမှည့် (ရင်ကွဲ) (သေး/လတ်/ကြီး) တောင်းပေါင်း ၁၉၀၀ ၊ နာနတ်သီးအလုံးပေါင်း ၂၄၅၀၀၀ ကျော်ဝင်ရောက်ခဲ့ပြီး နာနတ်သီးများ ဈေးကွက်အတွင်းသို့ လှိုင်လှိုင်ဝင်ရောက်လာသောကြောင့် သရက်သီးဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း သိရသည်။

**ခိုင်ရွှေ (ရန်ကုန်)**

# ပြည်မြို့နယ် အနောက်လက်ခုပ်ပင်ကျေးရွာတွင် စားသုံးသူ အသိပညာပေးဟောပြော

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင် ပြည်မြို့နယ် အနောက်လက်ခုပ်ပင် ကျေးရွာတွင် ပြည်မြို့နယ်တာဝန်ခံ ဦးအေးသိန်းနှင့် ဝန်ထမ်းများသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနနှင့်အတူ ဇူလိုင် ၁၅ ရက်တွင် အနောက်လက်ခုပ်ပင်ကျေးရွာလမ်းဆုံတွင် စားသုံးသူအသိပညာပေး ဟောပြောပွဲဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ခင်မြတ်သူက ကျန်းမာရေးအတွက် ဆေးဝါးများ ဝယ်ယူ သောက်သုံးရာတွင် ဆရာဝန်နှင့် စမ်းသပ်စစ်ဆေးပြီးမှ ညွှန်ကြားသောဆေးကိုသာ ဝယ်ယူသောက်သုံးရန်၊ အစားအစာများ ချက်ပြုတ်ရာတွင်လည်း သန့်စင်သော ရေ၊ လက်ကိုသန့်စင်အောင် ဆေးကြောပြီး ချက်ပြုတ်ရန်၊ သားစိမ်း၊ ငါးစိမ်းများအား ဟင်းသီးဟင်းရွက်များနှင့် ရောနှောမထားရန်တို့ကို အသိပညာပေး ဟောပြောခဲ့သည်။

စားသုံးသူရေးရာ ဦးစီးဌာန ပြည်မြို့နယ်တာဝန်ခံက စားသုံးသူများတွင် အခွင့်အရေး ရှစ်ချက်ရှိကြောင်း၊ အခွင့်အရေးများရှိသလို လိုက်နာရန်တာဝန်များလည်းရှိကြောင်း၊ စားသုံးသူပြည်သူများ စိတ်ကျေနပ်မှုများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ စားသုံးသူဥပဒေပါ အခန်း(၁၈)အရ စီးပွားရေး လုပ်ငန်းရှင်များသည် ကုန်စည်အမျိုးအစားအလိုက် သတ်မှတ်ထားသော သတ်မှတ်ချက်နှင့် အညီ ဖော်ပြရမည့်အချက်များပင်ရမည်ဖြစ်ကြောင်း၊ ဝယ်ယူ သုံးစွဲရာတွင်လည်းကောင်း၊ ရောင်းချဖြန့်ဖြူးရာတွင်လည်းကောင်း သတ်မှတ်ထားသော အချက်များ ပါဝင်ရမည်ဖြစ်ကြောင်းတို့ကို ရှင်းလင်း ပြောကြားခဲ့သည်။

**လွင်လွင်ဆန်း (ပြည်)**

# အာဟာရဓာတ်များ၏ စပါးအထွက်တိုးရေးအပေါ် အကျိုးသက်ရောက်မှု

အောင်ဆန်း (စိုက်ပျိုးရေး)

စပါးပင် အပင်ရှင်သန်ကြီးထွားဖွံ့ဖြိုးပြီး အထွက်တိုးစေရန်အတွက် အာဟာရဓာတ် ၁၆ မျိုးလိုအပ်သည်။ ၎င်းတို့အနက် ကာဗွန်ဓာတ်၊ အောက်စီဂျင်ဓာတ်၊ ဟိုက်ဒရိုဂျင်ဓာတ်များကို လေနှင့်ရေမှ ရရှိသည့် အများလို အာဟာရဓာတ်များဖြစ်သည့် နိုက်ထရိုဂျင်ဓာတ်၊ ဖော့စ်ဖရပ်ဓာတ်၊ ပိုတက်စီယမ်ဓာတ်၊ ကယ်လ်စီ ယမ်ဓာတ်၊ မဂ္ဂနီစီယမ်ဓာတ်နှင့် ဆာလ်ဖာဓာတ်များကို ဓာတ်မြေသြဇာနှင့် မြေတွင်းရှိ သဘာဝ အာဟာရများမှ ရရှိသည်။ အနည်းလို အာဟာရများဖြစ်သည့် သံ၊ မဂ္ဂနီးစ်၊ ကြေးနီ၊ သွပ်၊ ဘိုရွန်၊ မိုလစ်ဗဒီနန်နှင့် ကလိုရင်းဓာတ်များကိုလည်း ဓာတ်မြေသြဇာနှင့် မြေတွင်းအာဟာရဓာတ်များမှ ရရှိသည်။

စပါးသီးနှံအထွက်တိုးရန်နှင့် အပင်ကြီးထွားရှင်သန်ရန်အတွက် နိုက်ထရိုဂျင်ဓာတ်သည် အဓိကဖြစ်သည်။ နိုက်ထရိုဂျင်ဓာတ်ရရှိစေရန်အတွက် ယူရီးယားမြေသြဇာနှင့် ကွန်ပေါင်းမြေသြဇာများ၊ သဘာဝမြေဆွေးများမြေသြဇာများကို အသုံးပြုကြသည်။ မြေဆီလွှာအတွင်းတွင် သဘာဝနိုက်ထရိုဂျင်ဓာတ်သည် ပျမ်းမျှ ဒသမ ၁ ရာခိုင်နှုန်းသာ ပါရှိသည်။ နိုက်ထရိုဂျင်ဓာတ်သည် စပါးပင် အမြစ်များပွားများခြင်း၊ ပင်စည်များကြီးထွားခြင်း၊ အရွက်များကြီးထွားသန်မာခြင်း၊ အစာချက်လုပ်စွမ်းအားကောင်းစေခြင်း၊ အသီးအပွင့် အောင်မြင်ဖြစ်ထွန်းစေခြင်း၊ အပင်ပွားစည်းမှုကို အားပေးခြင်းများ အကျိုးပြုသည်။

စပါးပင်ရှင်သန်ကြီးထွားအထွက်များစေရန်အတွက် နိုက်ထရိုဂျင်ဓာတ်ပါဝင်သည့် ယူရီးယားမြေသြဇာကို အသုံးပြုကြသည်။ ယူရီးယားမြေသြဇာကို စပါးခင်းထဲသို့ ကျွေးပါက အမိုးနီးယမ်းအိုင်းယွန်းနှင့် နိုက်ထရိတ်အိုင်းယွန်းပုံစံဖြင့် အမြစ်က စုပ်ယူစားသုံးသည်။ ယူရီးယားမြေသြဇာကို တစ်ကြိမ်တည်း ထည့်သွင်းအသုံးပြုခြင်းထက် ပင်ပွားချိန်၊ မှုကပ်ခါနီးချိန်၊ အနှံစုံချိန်၊ နို့ရည်တည်ချိန်တို့တွင် အလီလီခွဲ၍ ကျွေးပေးပါက စပါးတစ်ဧက ၃၀ ရာခိုင်နှုန်းထိ ပိုထွက်ကြောင်း ရေးဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ သုတေသနစမ်းသပ်ချက်ရလဒ်က ဆိုပါသည်။

ယူရီးယားဓာတ်မြေသြဇာကို စပါးခင်းသို့ ကျွေးရာတွင် ဓာတ်မြေသြဇာတစ်မျိုးတည်း မကျွေးဘဲ ယူရီးယားတစ်အိတ်ကို နွားချေး၊ မြေဆွေး၊ သဘာဝမြေဆွေး သုံးအိတ်နှင့် သမအောင်ရောမွှေ ၍ အပေါ်မှာ ပီနံအိတ်၊ ပလတ်စတစ်အိတ်များ စသည်တို့နှင့် အုပ်၍ တစ်ညသိပ်နှပ်ထားပြီးမှ ကျွေးလျှင် ပို၍ ထိရောက်မှုရရှိသည်။ ယူရီးယားမြေသြဇာနှင့် မြေဆွေးရောနှပ်ကျွေးခြင်းသည် နိုက်ထရိုဂျင်ဓာတ်လေလွင့်ပျောက်ဆုံးမှု လျော့နည်းစေရန်ဖြစ်သည်။ နွားချေး၊ မြေဆွေး၊ သဘာဝသစ်ရွက်ဆွေးများကို အနုကြည့်မှန်ဘီလူးဖြင့် ကြည့်လျှင် မှိုမျှင်ကလေးများသဖွယ် (ဓာတ်ပြုလက်တန်များ)ကို တွေ့ရသည်။ ယူရီးယားမြေသြဇာရှိ အမိုးနီးယမ်း အိုင်းယွန်းများတွင် အဖိုဓာတ်ရှိသည်။ မှိုမျှင်ကလေးများ၏ နံရံများတွင် အမဓာတ်ရှိသည်။ ယူရီးယား မြေသြဇာကိုနွားချေး၊ မြေဆွေး၊ သဘာဝသစ်ရွက်ဆွေးများနှင့် ရောမွှေ၍ တစ်ညသိပ်နှပ်ထားပါက မှိုမျှင်ကလေးများ၏ နံရံတွင်ရှိသော အမဓာတ်သည် အမိုးနီးယမ်းအိုင်းယွန်းများရှိ အဖိုဓာတ်များကို ဆွဲချုပ်ကပ်ညှိထားသည်။ အမိုးနီးယမ်းအိုင်းယွန်းများ လေလွင့်ပျောက်ဆုံးမှုမရှိတော့ဘဲ အပင်ပမာဏ များများစားသုံးနိုင်သည်။ သို့မဟုတ်ပါက ယူရီးယားဓာတ်မြေသြဇာများကို သုံးစွဲလိုက်လျှင် စပါးခင်းအတွက် နည်းလမ်း လေးသွယ်ဖြင့် ၇၀ ရာခိုင်နှုန်းခန့် လေလွင့်ဆုံးရှုံးသွားပြီး အပင်က ၃၀ ရာခိုင်နှုန်းသာ စားသုံးရသည်။

ဖော့စ်ဖရပ်ဓာတ်သည် စပါးပင်၏ ဇီဝကမ္မလုပ်ငန်းစဉ်အတွက် များစွာ အထောက်အကူပြုသည်။ ဖော့စ်ဖရပ်ဓာတ်သည် စပါးပင်အတွက် နိုက်ထရိုဂျင်ဓာတ်ပြီးလျှင် ဒုတိယအရေးပါသော ဓာတ်ဖြစ်သည်။ ဖော့်စဖရပ်ဓာတ်သည် စပါးပင်၏ အမြစ်ကြီးထွားသန်စွမ်း မှု၊ ကိုင်းဖျာထွက်မှု၊ ပင်ပွားထွက်စေမှု၊ မြေကိုမွှစေမှု အကျိုးတရားများကိုဖြစ်စေသည်။ ပျိုးခင်းတွင် အသုံးပြုပါက ပျိုးပင်သန်မာစေပြီး ပျိုးနုတ်ရလွယ်ကူစေသည်။ ပျိုးမြစ်ပြတ်မှု သက်သာစေသည်။ အေးသောရာသီတွင် စပါးစောစောရင့်မှည့်စေသည်။ အမှည့်ညီညာမှုကို အကျိုးပြုသည်။ ပိုးမွှားရောဂါနှင့် ရာသီဥတု ဆိုးရွားသော ဒဏ်ခံရပါက ဖော့စ်ဖရပ်ဓာတ်သည် အပင်မြန်မြန်ကြီးထွားရှင်သန် ဖွံ့ဖြိုးစေ သည်။ အသီး၊ အစေ့၊ အပွင့်အရောင်တောက်ပမှုကို ဖြစ်ပေါ်စေသည်။ အောင်စေ့ရာခိုင်နှုန်းတိုးစေ၍ စပါးတစ်စေ့ခြင်း၏ အလေးချိန်ကို တိုးစေသည်။ စပါးအထွက်တိုးမှုအပေါ် များစွာ လွှမ်းမိုးထားသည်။

ဖော့စ်ဖရပ်ဓာတ်ကို စပါးပင်၏ အမြစ်ဇုန်ရှိသည့် တမန်းတွင်းသို့ ရောက်အောင် ကျွေးနိုင်မှသာ အမြစ်က စုပ်ယူနိုင်မှု စွမ်းအားပိုရစေသည်။ ဖော့စ်ဖရပ်ဓာတ်ကို စပါးပင်၏ အမြစ်ဇုန်လွှာသို့ ရောက်ရှိစေရန် မြေခံထယ်တလှာထိုးပြီး ထယ်စာခဲကြားတွင် ဖော့စ်ဖရပ်ဓာတ်ပါသော တီစူပါ မြေသြဇာကို ကြပက်ပေးပါက  တမန်းပြင် အောက်ရှိသွားပြီး အမြစ်ဇုန်သို့ ရောက်ရှိသွားပါသည်။ ပို၍အကျိုးရှိစေပါသည်။

ဖော့စ်ဖရပ်ဓာတ်ဆွဲယူ ထိန်းချုပ်မှုခံရခြင်းသည် စစ်ကိုင်း၊ မန္တလေး၊ မကွေးနှင့် မြန်မာပြည်အောက်ပိုင်းရှိ ရန်ကုန်၊ ပဲခူး၊ ဧရာဝတီ၊ မွန်၊ ကရင်၊ တနင်္သာရီဒေသများတွင် အဖြစ်များသည်။ မြေချဉ်ငန်ကိန်းကို မျှတစေရန်အတွက် မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် သဘာဝမြေဆွေး၊ နွားချေး၊ တစ်ဧက လှည်း ၁၀စီး၊ မြစ်ချောင်းအင်းအိုင်များမှ နုန်းလှည်း ၁၀ စီး ချပေးခြင်း၊ ဂျစ်ပဆန်ကျောက်မှုန့် တစ်ဧက ပေါင် ၂၀၀ထည့်ပေးခြင်း၊ မြန်မာပြည်အောက်ပိုင်းဒေသများတွင် စပါးမစိုက်ပျိုးမီ တစ်လကြိုတင်၍ မြေကို ထယ်လှန်ပြီး တစ်ဧက မဖောက်ထုံး ပေါင် ၂၀၀-၃၀၀ ထည့်ပေးခြင်းဖြင့် ကုစားနိုင်ပါသည်။ ရေဆင်းစိုက်ပျိုးရေး သုတေသနဦးစီးဌာန၏ သုတေသနတွေ့ရှိချက်အရ တစ်ဧက စပါး ရှစ်ရာခိုင်နှုန်း ပိုထွက်သည်ဟု ဆိုပါသည်။

ပိုတက်စီယမ်ဓာတ်သည် စပါးပင်ရှင်သန်ကြီးထွားအထွက်များစေရန် အတွက် တတိယမြောက် အကျိုးပြုသော ဓာတ်ဖြစ်ပါသည်။ ပိုတက်စီယမ်ဓာတ်ရရှိစေရန် ပိုတက်(ရှ်)မြေသြဇာကို အသုံးပြုကြပါသည်။ ပိုတက်စီယမ်ဓာတ်ကို စပါးပင်အမြစ်က လွယ်ကူစွာ စုပ်ယူစားသုံးနိုင်ပါသည်။ ပိုတက်စီယမ်ဓာတ်သည် အပင်၏ ပရိုတိန်းဖွဲ့စည်းမှုကို အားပေးသည်။ အပင်ကြီးထွားသန်စွမ်းရေးအတွက် လိုအပ်သော စွမ်းအား(Energy)ဖြင့် ကာဗိုဟိုက်ဒြိတ်ကို ဖြို့ခွဲပေးသည်။ အပင်အတွင်း အိုင်းယွန်းများ ညီမျှမှုကို ကူညီပေးသည်။ သံဓာတ်ကဲ့သို့ Havey Metal များကို တစ်နေရာမှ တစ်နေရာ ရွှေ့ပြောင်းမှုကို အထောက်အကူပေးသည်။ ဖော့စ်ဖရပ်ဓာတ်၏ တုံ့ပြန်မှုကို အားကောင်းအောင်ကူညီပေးသည်။ ရာသီဥတု ဖောက်ပြန်မှုဒဏ်ကို အပင်ကခံနိုင်ရည်စွမ်းအားမြင့်မားစေသည်။ စပါး အောင်စေ့များစေမှု၊ အစေ့အဆန်အရောင်တောက်ပမှုကို အကျိုးပြုပေးသည်။ အအေးဒဏ်လွန်ကဲမှုကို ခံနိုင်ရည်ရှိစေသည်။ အမြစ်ကစုပ်ယူ သော အာဟာရဓာတ်များ အပင်အစိတ်အပိုင်းများသို့ ပို့ဆောင်ရေးနှင့် အရွက်များမှ နေရောင်ခြည်ဖြင့် ချက်လုပ်ပြီးသော ကာဗိုဟိုက်ဒြိတ် အစာအာဟာရများကို အပင်အစိတ်အပိုင်းအားလုံးသို့ ပို့ဆောင်ရေး လုပ်ငန်းများတွင် အဓိကတာဝန်ယူပေးသော ဓာတ်ဖြစ်သည်။ ပိုတက် စီယမ်ဓာတ်သည် စပါးပင်အတွင်း အင်ဇိုင်းအမျိုးပေါင်း ၆၀၏ လုပ်ငန်းကို စွမ်းဆောင်ပေးသည်။ အရွက်အောက်မျက်နှာပြင်ရှိ စပါးရွက် လေရှူပေါက်များ (Stomata) များဖွင့်ခြင်း၊ ပိတ်ခြင်း လုပ်ငန်းစဉ်ကို အဓိက အကူအညီပေးသည်။

ပိုတက်စီယမ်ဓာတ်ချို့တဲ့မည်ဆိုပါက စပါးပင်မည်သို့ခံစားရမည်နည်း။ ပိုတက်စီယမ်ဓာတ်ချို့တဲ့မှုကို စစ်ကိုင်း၊ မန္တလေး၊ မကွေး၊ ရန်ကုန်၊ ပဲခူး၊ ဧရာဝတီဒေသများရှိ သဲဆန်သော လယ်မြေများတွင် အများဆုံး ဖြစ်ပေါ်လေ့ရှိသည်။ ပိုတက်စီယမ်ဓာတ်ချို့တဲ့ပါက စပါးရွက်များ ဝါညိုရောင်(သို့)အညိုရင့်ရောင် သေနာကွက်များမှာ အရွက်ထိပ်ဖျားမှ အရွက်နှုတ်ခမ်းသားတစ်လျှောက်ဖြစ်ပေါ်စေသည်။ စပါးပင် ပုသည်။ အရွက်များလိပ်သည်။ အမြစ်များ သန်စွမ်းမှု လျော့ကျစေသည်။ အစာပို့ဆောင်မှု ယုတ်လျော့နှေးကွေးစေသည်။ စပါးရွက်များ အိုမင်းရင့်ရော်လွယ်၍ ရင့်မှည့်မှုစောစေသည်။ အဖိုအင်္ဂါဖြူစေပြီး သန္ဓေမအောင်မှုဖြစ်စေသည်။ အောင်စေ့နည်းသည်။ အထွက်ကျစေပါသည်။ ဗက်တီးရီးယားရွက်ခြောက်ရောဂါ ကျရောက်မှုလွယ်ကူစေသည်။

ပိုတက်စီယမ်ဓာတ်ချို့တဲ့ရခြင်းအကြောင်းအရင်းမှာ ပိုတက်စီယမ်ဓာတ်ပါ သော ဓာတ်မြေသြဇာ အသုံးပြုမှုနည်းခြင်း၊ စပါးခင်းကောက်ရိုး၊ ရိုးပြတ်များလုံးဝဖယ်ရှားပစ်ခြင်း၊ မီးရှို့ပစ်ခြင်း၊ ဟိုက်ဒရိုဂျင်ဆာလ်ဖိုဒ်၊ အော်ဂင်းနစ်အက်စစ်နှင့် ဖဲရပ်များပါဝင်မှု ပမာဏများနေခြင်း၊ ဆိုဒီယမ်၊ မဂ္ဂနီစီယမ်၊ ကယ်လ်စီယမ် ပါဝင်မှု လွန်ကဲနေခြင်းများကြောင့် ပိုတက်စီယမ်ဓာတ်ချို့တဲ့ခြင်းဖြစ်ပေါ် ရခြင်း ဖြစ်ပါသည်။ ပိုတက်စီယမ်ချို့တဲ့မှုကို ကုစားမည်ဆိုပါက ပိုတက်စီယမ်ဓာတ်ပါဝင်သော ဓာတ်မြေသြဇာကို အသုံးပြုခြင်း၊ ယူရီးယား၊ တီစူပါမြေသြဇာများနှင့် အချိုးညီညီအသုံးပြုခြင်း၊ ကောက်ရိုး၊ ရိုးပြတ်များကို မီးရှို့ခြင်းမှ ရှောင်ကြဉ်ခြင်း၊ နှမ်းစိုက်ပျိုးသဖြင့် နှမ်းရိုး လွယ်လွယ်ရရှိနိုင်ပါက နှမ်းရိုးကို ထည့်ပေးခြင်း၊ ကောက်ရိုး၊ ရိုးပြတ်၊ ကောက်မှော်များ ပြန်လည်ထည့်ပေးခြင်းဖြင့် ကုစားနိုင်ပါသည်။ ယခုအခါတွင် ပိုတက်စီယမ်နိုက်ထရိတ်(ယမ်းစိမ်း)ကို သတ်မှတ်နှုန်းထားအတိုင်း ရေဖြင့် ဖျော်၍ အပင်ပွားစုံချိန်၊ မှုကပ်ချိန်၊ အနှံစုံချိန်များမှာ ဖြန်းပေးခြင်းဖြင့် ပိုတက်စီယမ်ဓာတ်ကို ဖြည့်ဆည်းပေးနိုင်ပါသည်။ ပိုတက်စီယမ်နိုက်ထရိတ်တွင် နိုက်ထရိုဂျင်ဓာတ် ၁၅ရာခိုင်နှုန်းနှင့် ပိုတက်စီယမ်ဓာတ် ၄၀ရာခိုင်နှုန်းပါဝင်သည်။ ကုန်ကျစရိတ် သက်သာ၍ တွက်ချေကိုက်သော နည်းလမ်းဖြစ်ပါသည်။

ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ပိုတက်ရှ်မြေသြဇာကို အသုံးပြုလျှင် မြေခံတစ်ကြိမ်တည်းမထည့်သွင်းဘဲ တစ်ဧက ပိုတက်ရှ်၌ မြေသြဇာ (၂၈-၅၆)ပေါင်အား အညီအမျှ သုံးကြိမ်ခွဲ၍ ပင်ပွားချိန်၊ မှုကပ်ချိန်၊ အနှံစုံချိန်ထည့်ပေးပါက စပါးအထွက် (၆-၈)ရာခိုင်နှုန်းထိ အထွက်တိုးသည်ဟု ဆိုထားပါသည်။

ကယ်လ်စီယမ်ဓာတ်သည် ဆဲလ်နံရံများတောင့်တင်းခိုင်မာမှုနှင့် အမြစ်များသန်စွမ်းမှုကို အကျိုးပြုသည်။ ကယ်လ်စီယမ်ဓာတ်လိုအပ်မှုကို မဖောက်ထုံး(သို့)ကယ်လ်စီယမ်ဆာလ်ဖိတ် မြေသြဇာ ထည့်ပေးခြင်းဖြင့် ကုစားနိုင်ပါသည်။ မဂ္ဂနီစီယမ် ဓာတ်သည် ဆဲလ်နံရံများ တောင့်တင်းခိုင်မာစေပြီး ကလိုရိုဖီးလ် မော်လီကျူးများ၊ အရေးကြီးအင်ဇိုင်းများကို ပေါင်းစပ်ပေးပါသည်။ ဆာလဖာ (ကန့်)ဓာတ်သည် အရွက်များ စိမ်းလန်းစေခြင်း၊ ပင်ပွားကောင်းစေခြင်း၊ အနှံများကုတ်လွတ်စေခြင်း၊ အောင်စေ့အရေအတွက်များစေခြင်း၊ ရင့်မှည့်ချိန်ညီညာခြင်း၊ ဟော်မုန်းများ၏လှုပ်ရှားမှုကို ပံ့ပိုးပေးခြင်း၊ အင်ဇိုင်းများကို နှိုးဆွပေးခြင်းများကို ကူညီထောက်ပံ့ပေးသည်။ မြန်မာနိုင်ငံရှိ လယ်မြေအတော်များများတွင် ကန့်ဓာတ်ချို့တဲ့မှု ရှိသည်။ ကန့်ဓာတ်ပါဝင်သော ဂျစ်ပဆန်ကျောက်မှုန့် မြေသြဇာ တစ်ဧက ပေါင် ၁၀၀ နှုန်းထည့်ပေးပါက တစ်ဧက စပါးအထွက် (၇-၂၆)ရာခိုင်နှုန်းထိ အထွက်တိုးသည်ဟုဆိုပါသည်။

သွပ်ဓာတ်သည် စပါးပင်ရပ်ညီခြင်း၊ ဆစ်ကြားဖွဲ့စည်းမှုကို ပံ့ပိုးကူညီပေးခြင်း၊ အပင်ပေါက်ကောင်းစေခြင်းများ အကျိုးပြုစေသည်။ စစ်ကိုင်း၊ မန္တလေး၊ မကွေးဒေသများရှိ လယ်မြေများ၊ အချို့ရေဝပ်မြေ၊ ခဲမြေ၊ သဲမြေများသည် သွပ် ဓာတ် ချို့တဲ့မှုရှိသည်။ သွပ်ဓာတ်ချို့တဲ့ပါက အပင်အရပ်မညီခြင်း၊ အပင်ပုခြင်း၊ ဆစ်ကြားတိုခြင်း၊ တိုက်ရိုက်မျိုးစေ့ချစိုက်ခင်းများတွင် အပင်ပေါက်ညံ့စေခြင်း၊ ရွှေ့ပြောင်းကောက်စိုက်စပါးခင်းဖြစ်ပါက စိုက်ပျိုးပြီးစတွင် စပါးပင်ငယ်များသေခြင်း၊ ဆိုးကျိုးတရားများခံစားရပါ သည်။ သွပ်ဓာတ်ချို့တဲ့မှုကို ကုစားနိုင်ရန်အတွက် သွပ်ဓာတ်ပါသော ဇီဖာမြေသြဇာကို တစ်ဧက (၃-၅)ပေါင်နှုန်း အသုံးပြုပါက တစ်ဧက (၅-၂၅)ရာခိုင်နှုန်း အထွက်ပိုလာကြောင်း ရေဆင်းစိုက်ပျိုးရေးသုတေ သနဦးစီးဌာနမှ ဆိုထားပါသည်။ ဇီဖာဓာတ်မြေသြဇာ သုညဒသမ ငါးပေါင်အား စပါးစပ်ပြုကာစ စပါးမျိုးစေ့နှင့် လူးနယ်စိုက်ပျိုးနိုင်တယ်လို့လည်းဆိုပါသည်။ တောင်သူလယ်သမားများ လွယ်လွယ် အသုံးပြုနိုင်ရန် နည်းလမ်းမှာ အိမ်သုံးလက်နှိပ်ဓာတ်မီး ဓာတ်ခဲအကြီး ၁၀ လုံးကို  အမှုန့်ထောင်း၍ ထည့်ပေးခြင်းဖြင့်လည်း သွပ်ဓာတ်ချို့တဲ့မှုကို ဖြည့်ဆည်းပေးနိုင်ကြောင်း မြေဆီလွှာပညာရှင် အထွေထွေမန်နေဂျာ (မြေ အသုံးချရေး) (ငြိမ်း) ဆရာ ဒေါက်တာ ညီညီက မိန့်မှာခဲ့ဖူးပါသည်။

စပါးပင်၏ ဘိုရွန်ဓာတ်ချို့တဲ့မှုကို ပရဆေးသုံး လဲချားများကို လှော် ထောင်းပြီး ရေနှင့် ဖျော်၍ ဖျန်းပေးခြင်းဖြင့် ကုစားနိုင်ပါသည်။ သို့ပါ၍ တောင်သူလယ်သမားကြီးများအနေဖြင့် စပါးအထွက်တိုးစေရေးအတွက် စပါးပင်မှ လိုအပ်သော အာဟာရဓာတ်များနှင့် အကျိုးသက်ရောက်မှုကို သိရှိကျင့်သုံးလိုက်နာ ဆောင်ရွက်ကြရန်လိုအပ်ပါသည်။

# ကမ်းနီး၊ ကမ်းဝေး ပင်လယ်ငါးဖမ်းခွင့် သုံးလပိတ်သိမ်းမှုကို ဖြေလျှော့ပေးရန် တောင်းဆို

ကမ်းနီး၊ ကမ်းဝေး ပင်လယ်ငါးဖမ်းခွင့် (Close Season) သုံးလပိတ်သိမ်းမှုကို လာမယ့်နှစ်များတွင် တစ်လတာ ဖြေလျှော့ပေးရန်အတွက် တောင်းဆိုမှုများပြုလုပ်ခဲ့ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံးမှ သိရသည်။



ထိုကဲ့သို့ တောင်းဆိုရခြင်းမှာ လက်ရှိ Close Season သုံးလပိတ်သိမ်းထားသည့်အတွက် မှီခိုလုပ်ကိုင်နေရသည့် အလုပ်သမားများမှာ လုပ်ငန်းရပ်ဆိုင်းထားရသည့် အခက်အခဲများ ကြုံတွေနေရသည့်အတွက် လုပ်ငန်းရှင်များမှ တောင်းဆိုမှု ပြုလုပ်ရခြင်း ဖြစ်ကြောင်း သိရသည်။

“ဒီနှစ်က လုံးဝ ပိတ်လိုက်တဲ့အတွက် တော်တော်အခက်အခဲတွေ ဖြစ်နေပါတယ်။ လုပ်ငန်းရှင်တွေက ထိခိုက်နစ်နာမှု သိပ်မရှိပေမယ့် အဲဒီလုပ်ငန်းရှင်အပေါ်မှာ မှီခိုစားသောက်နေရတဲ့ ဝန်ထမ်းတွေ သူတို့ရဲ့သားသမီးတွေ ပညာရေးကအစ ထိခိုက်နစ်နာတဲ့အတွက် ကျွန်တော်တို့တောင်းဆိုချင်တာကတော့ နောင်နှစ်တွေမှာ သုံးလအစား နှစ်လပဲ ပိတ်ပေးပါလို့ တင်ပြတာပါ”ဟု မြန်မာနိုင်ငံ ငါးပိ၊ ငါးခြောက်၊ ငံပြာရည် ထုတ်လုပ်ရောင်းချသူများအသင်း အထွေထွေ အတွင်းရေးမှူး ဦးထွန်းစိန်က မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ ကျင်းပသည့် ၁၂/၂၀၁၉ ကြိမ်မြောက် ငါးလုပ်ငန်းကဏ္ဍဆိုင်ရာ လုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံပွဲတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

ယခုနှစ် Close Season ကို သုညရာခိုင်နှုန်းအဖြစ် ဇွန်လမှ ဩဂုတ်လအထိ ပိတ်သိမ်းလိုက်သောကြောင့် ပြည်တွင်းငါးဖမ်းလုပ်ငန်းနှင့် ပတ်သက်၍ Base Line မရှိသဖြင့် စီးပွားဖြစ်ထုတ်လုပ်သည့် ပင်လယ်ငါးများ မည်သည့်လမှာ မျိုးပွား၍ မည်သည့်လတွင် သားပေါက်သည်ကို GSI ကို ကြည့်ရမည်ဖြစ်ကြောင်း၊ သို့သော် လက်ရှိ GSI နှင့်ပတ်သက်သည့် သုတေသန လုပ်ဆောင်ခြင်းများ မရှိသည့်အတွက် Jetty များတွင် ပင်လယ်ငါးအမယ်ပေါင်း ၂၀ ကို သုတေသနလုပ်သင့်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ထံမှ သိရသည်။

**ချောစု**

# UMFCCI Centennial International Expo 2019 ကုန်စည်ပြပွဲ စက်တင်ဘာလတွင် ကျင်းပမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်အနေဖြင့် UMFCCI Centennial International Expo 2019 ကုန်စည်ပြပွဲကို စက်တင်ဘာ ၂၀ ရက်မှ ၂၂ ရက်ထိ ရန်ကုန်မြို့၊ သာကေတမြို့နယ်ရှိ Fortune Plaza (Myanmar Expo)တွင် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲကို နိုင်ငံတကာမှစီးပွားရေးလုပ်ငန်းရှင်များ လာရောက်ပြသနိုင်စေရန်၊ နိုင်ငံတကာဈေးကွက်သို့ မြန်မာနိုင်ငံမှ ထုတ်ကုန်ပစ္စည်းများ ထိုးဖောက် ဝင်ရောက်ရောင်းချနိုင်စေရန်၊ ပြည်ပမှ အရည်အသွေးမြင့် သွင်းကုန်ပစ္စည်းများ ပြည်တွင်းဈေးကွက်သို့ ရောက်ရှိလာစေရန် ရည်ရွယ်ကြောင်း သိရသည်။

နိုင်ငံတကာမှ ကုန်ပစ္စည်းများ အပါအဝင် မြန်မာနိုင်ငံရှိ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ဒေသထွက်ကုန်နှင့် ထုတ်ကုန်ပစ္စည်းများ (Value Added & Semi Finish Products) များကို ပြခန်းပေါင်း ၂၀၀ ကျော်ဖြင့်ပါဝင်ပြသမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ ညီနောင်အသင်းအဖွဲ့များကလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အရည်အသွေးမီသော ဒေသထွက်ကုန်ပစ္စည်းများ၊ လုပ်ငန်းအလိုက်အသင်းများဖြစ်ပါက ပြည်ပပို့ကုန်မြှင့် တင်ရေးနှင့် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင် ရောက်ရောင်းချနိုင်သော ပစ္စည်းများကိုပါ ခင်းကျင်းပြသမည်ဖြစ်ကြောင်း သိရသည်။

ကုန်စည်ပြပွဲကြီးတွင် ပါဝင်ပြသလိုသည့် လုပ်ငန်းရှင်များအနေဖြင့်လည်း ပြပွဲအသေးစိတ်အား www. umfccicentennialexpo.com တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သန်းထိုက်အောင်**

# အမြတ်ရရှိနိုင်စွမ်း ပိုမိုကောင်းမွန်လာစေရန် ဘဏ်ခွဲငယ်နှစ်ခုကို ပိတ်သိမ်းမည်ဟု FPB ဘဏ်ကြေညာ

အမြတ်ရရှိနိုင်စွမ်း (Profitability) ပိုမိုကောင်းမွန်စေရန်အတွက် ဘဏ်ခွဲငယ် (Mini Bank)နှစ်ခုကို ပိတ်သိမ်းမည်ဖြစ်ကြောင်း ပထမပုဂ္ဂလိကဘဏ်က ဇူလိုင် ၁၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ပိတ်သိမ်းမည့် ဘဏ်ခွဲငယ်နှစ်ခုမှာ သယ်န်းကျွန်း ဘဏ်ခွဲငယ်၊ အခန်းအမှတ်(၁၉-၂၀)၊ AKK Shopping Centre၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့နှင့် မကွေးဘဏ်ခွဲငယ်၊ မင်းကန်ကြီးရပ်၊ အဆင့်မြင့်ဈေးကြီး(ပထမထပ်)၊ မကွေးမြို့တို့ဖြစ်ပြီး ဩဂုတ် ၁ ရက်မှစ၍ ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

ဘဏ်ခွဲငယ်များပိတ်သိမ်းရခြင်းအကြောင်းအရင်းအဖြစ် သယ်န်းကျွန်းဘဏ်ခွဲငယ်မှာ ငှားရမ်းဖွင့်လှစ်ထားသော AKK Shopping Centre အဆောက်အအုံကို အကြီးစားပြင်ဆင်မှုများ ပြုလုပ်မည်ဖြစ်၍ ဘဏ်ခွဲနေရာရွှေ့ပြောင်းပေးရမည်ဖြစ်ရာ ငှားရမ်းခစရိတ် တိုးမြင့်ကုန်ကျပြီး အရှုံးပိုလာနိုင်၍ ပိတ်သိမ်းရခြင်းဖြစ်ကြောင်း၊ မကွေးဘဏ်ခွဲငယ်သည် မကွေးမြို့၊ မင်းကန်ကြီးရပ်၊ အဆင့်မြင့်ဈေးကြီး (ပထမထပ်)နေရာတွင် ဖွင့်လှစ်ထားရာ ယင်းအဆောက်အအုံရှိ ဈေးဆိုင်ခန်းများမှာ အရောင်းအဝယ်မဖြစ်သည့်အတွက် ပိတ်သွားသဖြင့် ဘဏ်ဖောက်သည်များ လာရောက်ခြင်းမရှိသည့်အပြင် ဘဏ်လုံခြုံရေးအတွက် စိုးရိမ်ရ၍ ပိတ်သိမ်းခြင်းဖြစ်ကြောင်း ပထမပုဂ္ဂလိကဘဏ်က သတင်းထုတ်ပြန်သည်။

ယခုဘဏ်ခွဲငယ်နှစ်ခု ပိတ်သိမ်းခြင်းဖြင့် အရှုံးလျော့ပြီး အမြတ်ရရှိနိုင်မှုပိုမိုကောင်းမွန်မည်ဟု ဒါရိုက်တာအဖွဲ့က ထင်မြင်ယူဆကြောင်း၊ ပထမပုဂ္ဂလိကဘဏ်အနေဖြင့် အခြား သင့်တော်သည့်နေရာများတွင် ဘဏ်ခွဲအသစ်များကို ထပ်မံ တိုးချဲ့ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ **သန်းထိုက်အောင်**

# Marvel Fan များတွက် Marval ထုတ်ကုန်များကို ပြည်တွင်းဈေးကွက်၌ ဖြန့်ချိသွားမည်

Marvel Fan များအတွက် Merval ထုတ်ကုန်များကို ပြည်တွင်း ဈေးကွက်၌ ဖြန့်ချိသွားမည်ဖြစ်ကြောင်း Miniso မှ သိရသည်။

အဆိုပါ ထုတ်ကုန်များကို ပြည်တွင်း၌ နာမည်ရရှိလာသည့် Miniso Brand နှင့် Marvel Brand တို့ ပူးပေါင်း၍ ဈေးကွက်အတွင်းဖြန့်ချိသွားမည်ဖြစ်ပြီး Fashion Accessories, Life Departments, IT Accessories များ စသည့် ပစ္စည်းအမျိုးအစား သုံးထောင်ကျော်ကို ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“အခုလက်ရှိမှာကတော့ ထုတ်ကုန် ၃၀၀၀ ကျော်ကို ထုတ်လုပ်ထားပေမယ့် နောက်ပိုင်းလည်း ထပ်ထုတ်သွားမှာပါ။ ဈေးနှုန်းတွေကိုလည်း ကျပ် ၂၅၀၀ ကနေ ကျပ် ၆၀၀၀၀အထိ ပစ္စည်းအမျိုး အစားအစုံကို ရွေးချယ်နိုင်မှာပါ။ အခုမိတ်ဆက်တဲ့ ထုတ်ကုန်တွေအကုန်လုံးက ဂျပန်ဒီဇိုင်းနဲ့ Made in China Factory ပါ”ဟု miniso ၏ Country Manager Mr. Devin Miao က ပြောသည်။

အဆိုပါ Marvel ထုတ်ကုန်များ ကို ဇူလိုင် ၁၈ ရက်တွင် ရန်ကုန်မြို့ရှိ ဂျန်းရှင်းစီးတီး miniso ဆိုင်ခွဲတွင် စတင် ဖြန့်ချိခဲ့ပြီး ဩဂုတ်လထဲတွင် နေပြည်တော်နှင့် မန္တလေးမြို့များ၌ပါ ဖြန့်ချိသွားမည်ဖြစ်ကြောင်း သိရသည်။

“ပြည်တွင်းကလူတွေ သုံးစွဲတဲ့ ပစ္စည်းတွေထဲမှာ Marvel နဲ့ ပူးပေါင်းပြီး ထုတ်ထားတဲ့ ထုတ်ကုန်တွေကို သုံးစေချင်တဲ့အတွက် ဒီလိုပူးပေါင်းဖြစ်တာပါ။ တခြားနိုင်ငံတွေမှာလည်း ဖြန့်နေပါပြီ။ စစချင်းမှာ Miniso Marvel Product ဆိုပြီး ပူးပေါင်းဖို့အတွက် Miniso ကို Marvel က သိအောင် အချိန်ယူ လုပ်ခဲ့ရပါတယ်။ နောက်ဆုံးမှာ ခွင့်ပြုချက်ရမှ Miniso ကို FAMA Certificate ပေးအပ်ခဲ့ပြီး Miniso Marvel Product ကို ပူးပေါင်းထုတ်လုပ်နိုင်ခဲ့တာပါ”ဟု Miniso မှ မန်နေဂျင်း ဒါရိုက်တာ ဦးမြသန်းဇော်က ပြောသည်။

**ချောစု**

# Microfinance Success Asia 2019 အခမ်းအနား ပြုလုပ်မည်

မြန်မာနိုင်ငံတွင် ပထမဦးဆုံး Microfinance Success Asia 2019 အခမ်းအနားကို ဇူလိုင် ၂၃ ရက်မှ ၂၄ ရက်ထိ ရန်ကုန်မြို့ရှိ Park Royal Hotel ၌ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ အသေးစားငွေရေးကြေးရေးလုပ်ငန်းများကူညီရေးအသင်း (MMFA) ၏ လမ်းညွှန်မှုနှင့်အညီ ကျင်းပသော ယခုအခမ်းအနားသည် အာရှဒေသတွင်း အသေးစားငွေရေးကြေးရေးလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာစေရန် ရည်ရွယ်ကြောင်း သိရသည်။

အခမ်းအနားအတွင်း ‘ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်စီမံခန့်ခွဲခြင်းနှင့် အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲလျက်ရှိသည့် အသေးစားငွေရေးကြေးရေး လုပ်ငန်းတစ်ခုအတွင်းရှိ အကျိုးသက်ရောက်မှုများ’ ခေါင်းစဉ်ဖြင့် အသေးစားငွေရေးကြေးရေးလုပ်ငန်းနယ်ပယ်နှင့် သက်ဆိုင်သောတာဝန်ရှိသူ ၁၅၀ကျော်က ဆွေးနွေးမှုများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားအကြောင်း အသေးစိတ်သိရှိနိုင်ရန်နှင့် တက်ရောက်ရန် စာရင်းပေးသွင်းလိုပါက https://microfinancesuccess.com/register-now တွင် လေ့လာကြည့်ရှုနိုင် ကြောင်း သိရသည်။

အသေးစား ငွေရေးကြေးရေးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်၊ အခြေခံလူတန်းစား၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရန်၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးအခြေအနေများ ဖွံ့ဖြိုးတိုးတက်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ၂၀၁၁ ခုနှစ် အသေးစား ငွေရေးကြေးရေးလုပ်ငန်း ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ **သန်းထိုက်အောင်**

# ဘေးအန္တရာယ်ကင်းသော စားသုံးဆီစားနိုင်ရေးနှင့် ပြည်တွင်းဆီထွက်သီးနှံဖူလုံရေးဆောင်ရွက်

**♦ ရီလင်းထွဋ် (မုံရွာ)**

မြန်မာနိုင်ငံမှာ စိုက်ပျိုးထွက်ရှိတဲ့ ဆီထွက်သီးနှံအားလုံးကို စားဆီအဖြစ် ကြိတ်ခွဲထုတ်လုပ်မည်ဆိုလျှင်တော့ ဆီဖူလုံမှုရှိမှာဖြစ်ပေမယ့် မြေပဲနှင့် နှမ်းသည် ပြည်ပဝယ်လိုအားများတဲ့ ပြည်ပပို့ကုန်ဖြစ်ခြင်းကြောင့် ပြည်တွင်းဆီလိုအပ်ချက်အတွက် စားအုန်းဆီကို တင်သွင်းဖြည့်ဆည်းရလျက်ရှိပါတယ်။ ဆီထွက်သီးနှံများဖြစ်တဲ့ မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း၊ မုန်ညှင်း၊ ပဲပုပ်တို့သည် ဒေသမရွေး စိုက်ပျိုးနိုင်မှုမရှိခြင်း၊ နှမ်းနှင့် မြေပဲသည် ပြည်ပဝယ်လိုအားအပြင် မုန့်လုပ်ငန်းအသုံးပြုမှုများလည်းရှိခြင်းတို့ကြောင့် တစ်နှစ်ထက်တစ်နှစ်ဈေးနှုန်းမြင့်တက်လျက်ရှိပါတယ်။ ပြည်တွင်းဆီစက်များအတွက် ကုန်ကြမ်းဖြစ်တဲ့ နှမ်းနှင့်မြေပဲဈေးနှုန်းအမြင့်များကြောင့် ပဲဆီ၊ နှမ်းဆီဈေးနှုန်းမှာလည်းဆီစစ်စစ်လိုချင်ပါက ပဲဆီတစ်ပိဿာကျပ် ၇၀၀၀၊ နှမ်းဆီတစ်ပိဿာကျပ် ၆၈၀၀ ခန့်ရမှသာ ရောင်းချနိုင်မည့် အခြေအနေဖြစ်လာပါတယ်။ ဈေးအမြင့်ကိုစားသုံးသူအများစုက ဝယ်ယူစားသုံးနိုင်ခြင်းမရှိတော့ဘဲ လေးပုံတစ် ပုံခန့်ဈေးသက်သာသည့် စားအုန်းဆီ(သို့)ရောနှောဆီများကိုဝယ်ယူစားသုံးနေကြရသောအခါ ပြည်တွင်းဆီစက်လုပ်ငန်းများသည် လည်ပတ်နိုင်မှု အားလျော့သွားသည့် အခြေအနေကိုကြုံတွေ့ရလျက်ရှိသည်။ အချို့ ဆီစက်များအနေဖြင့် ဆီထွက်သီးနှံများကို ကိုယ်တိုင်ဝယ်ယူကြိတ်ခွဲ၍ မိမိစက်ရုံတံဆိပ်ဖြင့် ဆီထုတ်လုပ်ရောင်းချနိုင်သည့် အခြေ အနေမှ နဝလီကြိတ်ပေးခြင်းများသာ ဆောင်ရွက်နေသည့် ဆီစက်များအဖြစ်သာ လည်ပတ်နေသည်ကို တွေ့ရသည်။

မြေပဲနှင့်နှမ်းများကိုပြည်ပသို့ တရားဝင်တင်ပို့မှုများအပြင် တရားမဝင် တင်ပို့မှုများရှိနေခြင်းကြောင့် ဈေးနှုန်းမတည်ငြိမ်ခြင်း၊ ဈေးကွက်ခိုင်မာမှုမရှိခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။ ဆီစက်လုပ်ငန်းများ ရပ်ဆိုင်းရသည့်အခါ ဘေးထွက်ပစ္စည်းများဖြစ်သည့် တိရစ္ဆာန်အစားအစာ ရှားပါးဈေးကြီးလာပြီး ပြည်ပမှတင်သွင်းရခြင်းကြောင့် မွေးမြူရေးလုပ်ငန်းများလည်း ထိခိုက်သည်ကို တွေ့ရသည်။ အဆိုပါအခဲအခက်များကို ဖြေရှင်းနိုင်ရန် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ လယ်ယာသုံးစက်ကိရိယာများ ရရှိသုံးစွဲနိုင်ရေး၊ အရင်းအနှီး၊ ဈေးကွက်၊ နည်းပညာများ ရရှိရေးတို့ကို အချင်းချင်း တိုင်ပင်ပူးပေါင်း ဆောင်ရွက်နိုင်စေရန်ရည်ရွယ်ချက်များနဲ့ အသင်းအဖွဲ့၊ အစုအဖွဲ့များဖွဲ့စည်းထားရှိပြီးဖြစ်ရာ မြန်မာနိုင်ငံဆီစက်လုပ်ငန်းရှင်များအသင်း၊ မြို့နယ်ပဲမျိုးစုံနှင့် ဆီထွက်သီးနှံစိုက်ပျိုးထုတ် လုပ်တင်ပို့ရောင်းချသူများအသင်း၊ ဆီထွက်သီးနှံအစုအဖွဲ့များ စသည့်ဖြင့် အသင်းတွင်တာဝန်ရှိသူများကလည်း ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိတာကို တွေ့ရပါတယ်။

သက်ဆိုင်သည့်ဌာနဆိုင်ရာများကလည်း ဆီထွက်သီးနှံနှင့် ဆီစက်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာသင်တန်း၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ပေးလျက်ရှိသည်။ အဆိုပါဆွေးနွေးပွဲများကတစ်ဆင့် အကြံပြုဖော်ထုတ်ခဲ့သည့် ရလဒ်များ၊ ဆောင်ရွက်သင့်သည့်လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အချိတ်အဆက်မမိသည်များရှိသလို မမျှော်လင့်နိုင်သည့် အတားအဆီးအခက်အခဲများရှိနေသည်ကို ကြားသိရသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည့် မြန်မာနိုင်ငံ ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေတိုးမြှင့်ရေးအတွက် အစားအစာလုံခြုံစိတ်ချမှုရှိရေးနှင့် အပင်ပိုးမွှားကင်းရှင်းရေး အစီအမံများဆိုင်ရာ စီမံကိန်းဆောင်ရွက်ရာတွင်လည်း တောင်သူများ၊ ကုန်သည်လုပ်ငန်းရှင်များဘက်က အချိန်ပေးဆောင်ရွက်ရခြင်း၊ အိတ်ခွံအသစ်သုံးရမည်ဖြစ်ခြင်း၊ အခြားပစ္စည်းများနှင့် ရောနှောမနေစေရန် နေရာအကျယ်အဝန်း ရှိရမည်ဖြစ်ခြင်းစသည့် ငွေကြေးကုန်ကျစရိတ်များကြောင့် လိုက်နာဆောင်ရွက်နိုင်ခြင်းမရှိသည်များလည်း တွေ့ရသည်။

ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံ၍ အာဟာရပြည့်ဝစေပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရေးတို့မှတစ်ဆင့်နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အကူပြုစေရန် နိုင်ငံတော်မှ ရည်မှန်းချက်များချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်ရေးနှင့် စားဆီထုတ်လုပ်ရေးလုပ်ငန်းကို အားပေးမြှင့်တင် ဆောင်ရွက်လျက်ရှိသော်လည်း တိုးတက်သင့်သလောက် တိုးတက်နိုင်ခြင်းမရှိသည်ကို တွေ့ရသည်။ စိုက်ပျိုးရေးဦးစီးဌာနကလည်း ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီစားသုံးနိုင်ရေးနှင့် ပြည်တွင်းဆီထွက်သီးနှံဖူလုံရေး အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပေးပြီး သက်ဆိုင်ရာပညာရှင်များက ဆွေးနွေးပေးကာ လွှတ်တော်ကိုယ်စားလှယ်များကလည်း ဆောင်ရွက်ပေးရမည့်အပိုင်းကို ရလဒ်ဖော်ထုတ်ပေးရန်ပြောကြားသည်။ စိုက်ပျိုးရေးနှင့် ကုန်သွယ်ရေးကဏ္ဍအပြင် စားသုံးသူကာကွယ်ရေးကဏ္ဍမှလည်း ဥပဒေဖြင့် အကာအကွယ်ပေးရေး ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ စားသုံးမှုပုံစံဓလေ့အရ ဆီစားသုံးမှုမှာ ပိုမိုများပြားနေကြောင်း သိရပြီး နိုင်ငံခြားငွေများစွာ အသုံးပြုတင်သွင်းရသဖြင့် သွင်းကုန်အစားထိုးထုတ်လုပ်နိုင်ရန် လိုအပ်လျက်ရှိသည်ကို တွေ့ရသည်။ စားသုံးဆီများတွင် ပြည့်ဝဆီနည်းခြင်းက ကျန်းမာရေးအတွက် ပိုမိုကောင်းမွန်ရာ ဆီများကို ဓာတ်ခွဲစစ်ဆေးထုတ်ပြန်ချက်အရ နှမ်းဆီ၊ နေကြာဆီ၊ ပန်းနှမ်းဆီ၊ ပဲပုပ်ဆီများက ပြည့်ဝဆီအနည်းဆုံးဖြစ်ပြီး စားအုန်းဆီက ပြည့်ဝဆီများသည်ကို တွေ့ရသည်။ သတ်မှတ် အရည်အသွေးဖြင့် ပြည်ပမှတင်သွင်းခွင့်ပြုထားခြင်းဖြစ်၍ စားသုံးရန်မသင့်သည့် ဆီမဟုတ်ဘဲ ကျန်းမာရေး မထိခိုက်စေသော သန့်ရှင်းသောဆီ ဖြစ်စေရေးအတွက် သိုလှောင်သယ်ယူထုတ်ပိုးသည့် နေရာများ၊ လက်လီရောင်းချသည့် နေရာများအဆင့်ဆင့်တွင် သန့်ရှင်းမှုရှိအောင် ဆောင်ရွက်ရန် လိုအပ်ပါသည်။

သို့ရာတွင် စားအုန်းဆီကို မြေပဲ၊ နှမ်း ဓာတုအနံ့များထည့်သွင်းကာ မြေပဲဆီ၊ နှမ်းဆီအဖြစ် လိမ်လည် ရောင်းချခြင်း၊ ကျန်းမာရေးအတွက် အန္တရာယ်ရှိသည့် မသန့်စင်ရသေးသည့် ဝါစေ့ဆီအနီရောင်ကို အရောင်လှအောင်ရောစပ်၍ နှမ်းဆီအဖြစ် ရောင်းချခြင်း၊ ရောဆီ၊ စပ်ဆီဟုဆိုကာ မြေပဲဆီနှင့် စားအုန်းဆီများကို ရောနှောထားပြီး ပါဝင်ပစ္စည်းဖော်ပြရာတွင် ဆီအမျိုးအစားနှင့် ရာခိုင်နှုန်းကိုမှန်ကန်စွာဖော်ပြမှုမရှိဘဲ မြေပဲဆီပါဝင်မှုရာခိုင်နှုန်းကို ပိုမိုဖော်ပြပြီးဈေးနှုန်း တိုးမြှင့်ရောင်းချခြင်း၊ ဆီသန့်အသစ်သုံးရမည့်အစား ပြန်ကြော်ဆီများကို ပြန်လည်သုံးစွဲခြင်းစသည့် နည်းအမျိုးမျိုးဖြင့် မမှန်မကန် ဆောင်ရွက်မှုများ ရှိနေသည်ကို တွေ့ရှိနေရသည်။

စားသုံးသူပြည်သူအများစုမှာ ကျန်းမာရေးအသိဗဟုသုတ မရှိသောကြောင့်လည်းကောင်း၊ သိသော်လည်း ဝင်ငွေအဆင့်နိမ့်ကျသဖြင့် လုံခြုံစိတ်ချရသောစားသုံးဆီကို မစားသုံးနိုင်သောကြောင့်လည်းကောင်း၊ ရေရှည်ကောင်းကျိုးကိုကြည့်ရမည့်အစားအမြင်၊ အနံ့၊ အရသာဖြင့် ရွေးချယ်ဝယ်ယူတတ်သော ဓလေ့စရိုက်များကြောင့်လည်းကောင်း၊ ထုတ်လုပ်သူများက မမှန်မကန်ထုတ်လုပ်လျက်ရှိသည့် စားသုံးဆီများကို အားပေးနေသည့် ဈေးကွက်ရှိနေသေး ခြင်းဖြစ်သည်ကို တွေ့ရသည်။ စားသုံးသူရှိလို့ ထုတ်လုပ်သူဘက်က ထုတ်လုပ်နေသည်လား၊ ထုတ်လုပ်သူရှိလို့ စားသုံးနေရတာလားဆိုသည်မှာ အကျိုးအကြောင်းက ဆက်စပ်လျက်ရှိရာ ထုတ်လုပ်သူက အနည်းစု၊ စားသုံးသူကအများစုဖြစ်သဖြင့် စားသုံးသူတွေ မည့်တော့၊ မသုံးစွဲတော့လျှင် ထုတ်လုပ်သူတွေ ဆင်ခြင်သွားမည်ဟုသာ အသိပညာပေးထားရကြောင်း သိရသည်။ ထို့ကြောင့် မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီတို့အတွက် မြန်မာ့စံချိန်စံညွှန်းသတ်မှတ်ခြင်းများဆောင်ရွက်ရေး၊ စားသုံးသူကာကွယ်ရေးဥပဒေ၊ အမျိုးသားအစားအသောက်ဥပဒေများပါ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်လျှင် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး မျှော်လင့်လျက်ရှိကြောင်း၊ သို့မှသာ မမှန်မကန်လုပ်သူများကို ဈေးနှုန်း ယှဉ်ပြိုင်မရောင်းချနိုင်သဖြင့် အခက်အခဲဖြစ်နေသည့် မှန်ကန်၍ အန္တရာယ်ကင်းအောင် ထုတ်လုပ်ပေးလျက်ရှိသော လုပ်ငန်းများကိုအားပေးမြှင့်တင်ရာ ရောက်မည်ဖြစ်ကြောင်း ဆီစက်လုပ်ငန်းရှင်တစ်ဦးက အကြံပြုပြောကြားသည်။

စားသုံးသူရေးရာဦးစီးဌာနမှ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပူးပေါင်းအဖွဲ့များသည် ဆီစက်များ ဆီဆိုင်များကို ကွင်းဆင်း စစ်ဆေးပြီး ဆီစက်မရှိဘဲ တံဆိပ်ကပ်ရောင်းချနေသောဆီများ၊ လိုအပ်သည့် အထောက်အထားမပါရှိသော ဆီများကို စစ်ဆေးရန် ဓာတ်ခွဲခန်းသို့ပို့၍ စားသုံးရန်မသင့်အဖြေထွက်ပါက တားမြစ်သိမ်းဆည်းဖျက်ဆီးခြင်းများဆောင်ရွက်ခဲ့သည်ကို ကြားသိရသည်။ ရေသန့်များကို FDA ထောက်ခံချက်လက်မှတ်ရရှိမှသာ ထုတ်လုပ်ဖြန့် ဖြူးရောင်းချခွင့်ရှိသည်ဟု ကန့်သတ်ချက်ရှိသော်လည်း စားဆီများတွင် မရှိသေးသဖြင့် အချို့စားဆီများက FDA ထောက်ခံချက်ရရှိရေး ဆောင်ရွက်သော်လည်း အချို့က ဆောင်ရွက်ခြင်း မပြုသည်ကို တွေ့ရသည်။ ဈေးများအတွင်းတွင် ဆီများကို ခွက်ချင်ဖြင့် ရောင်းချသူများသည်လည်း မိမိရောင်းချသော ဆီများဖြစ်သည့် စားအုန်းဆီ၊ မြေပဲ ဆီများကို မည်သည့်ဆီစက်၊ မည်သည့်လက်ကားဆိုင်များက ဝယ်ယူသည်ဆိုသည့် ပြေစာမှတ်တမ်းထားရှိရန်၊ ရောနှောဆီကို စားသုံးသူတောင်းဆိုချက်အရကျေနပ်မှ မှန်ကန်သော အချိုးအစားဖြင့် ရောနှောပေးရန်၊ ကုန်အညွှန်းအမှတ်အသားတွင်ပါဝင်ရမည့် အချက်များပြည့်စုံစွာဖော်ပြပါရှိရမည်ဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနက အသိပေးလျက်ရှိကြောင်းသိရသည်။

သို့ဖြစ်၍ အားသာချက်များကို ဆက်လက်အကောင်အထည်ဖော်ကာ အားနည်းချက်များကိုတော့ ဌာနဆိုင်ရာ၊ အသင်းအဖွဲ့၊ စက်ပိုင်၊ ကုန်သည်လုပ်ငန်းရှင်၊ တောင်သူများက မိမိကဏ္ဍဆိုင်ရာ မိမိတာဝန်ကျေအောင် အလေးထားဆောင်ရွက်သွားခြင်းဖြင့် ကျန်းမာရေးနှင့် ညီညွတ်ပြီး လုံခြုံစိတ်ချရမှုရှိသော စိတ်ကျေနပ်စေသည့် ဈေးနှုန်းဖြင့် ရွေးချယ်အသုံးပြုနိုင်သည့် စားသုံးဆီ ဈေးကွက်ဖြစ် ထွန်းလာစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

---

**စာမျက်နှာ (၂၀) စွန့်ပစ်အမှိုက်များလျှော့ချဖို့ . . . မှအဆက်**

စာမျက်နှာ (၂၀) ... မှအဆက်

အမှိုက်များကိုဖိသိပ်၍ မီးရှို့ကာ လောင်စာတောင့်များ၊ လျှပ်စစ်ဓာတ်အားများထုတ်လုပ်နိုင်သည်။ ဘေးထွက်ပစ္စည်းအဖြစ် ထွက်ရှိသောပစ္စည်းများကို တိရစ္ဆာန်အစာများ၊ မြေဩဇာများအဖြစ်သုံးနိုင်သည်။ ကော်စေ့များ၊ သတ္တုများ အဖြစ်ပြန်လည်သုံးစွဲနိုင်သည်။ ထိုနည်းပညာများသည်စီးပွားရေးအရတွက်ခြေကိုက်မှုနည်းပါးသော်လည်း စွန့်ပစ်အမှိုက်များကိုမူ လျှော့ချပေးရာရောက်သည်။ အကျိုးရှိစွာ အသုံးပြုရာရောက်သဖြင့် ငွေကြေးအရ အနည်းငယ်ဆုံးရှုံးနိုင်သော်လည်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအမြင်အရမူ ကောင်းမွန်သော သုတေသနရလဒ်များအဖြစ် ရှုမြင်မိသည်။

ထို့ပြင် လူထုအတွင်းဩဇာအာဏာကြီးမားစွာ ဝင်ရောက် နေရာယူလျက်ရှိသော တီဗွီချန်နယ်တွေ၊ ဗီဒီယိုဇာတ်လမ်းတွေ၊ သတင်းစာ၊ ဂျာနယ်စသည့်မီဒီယာနည်းလမ်းပေါင်းစုံတွင် လက်ရှိ ဖော်ပြလျက်ရှိသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးမှုထက် ပိုမိုအားကောင်းပြီးပြည်သူများ ရင်ထဲစွဲမြဲစွာ ရောက်ရှိစေနိုင်သည့် စွန့်ပစ်အမှိုက်များလျှော့ချရေး၊ စနစ်တကျအကျိုးရှိစွာသုံးစွဲရေးအတွက် ဆောင်ရွက်ပေးသင့်သည်။ သရုပ်ဆောင်များက စွန့်ပစ်အမှိုက်များဖြစ်မည့် တစ်ခါသုံးပစ္စည်းများအစား ရေရှည် အသုံးပြုနိုင်သည့် ပစ္စည်းများ ဝယ်ယူပုံ၊ သက်တမ်းကုန်ဆုံးပါက လွယ်လွယ် မစွန့်ပစ်ဘဲအကျိုးရှိစွာ ပြန်လည်အသုံးချပုံ၊ တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိရေးအတွက် ဆောင်ရွက်ပုံများကို ဇာတ်လမ်းဇာတ်ကွက်နှင့် အံဝင်ခွင်ကျစွာ ဖော်ပြပေးနိုင်ပါက ပိုမိုထိရောက်အောင်မြင်နိုင်မည်ဟု ယူဆမိသည်။

သို့ဖြစ်ပါ၍ ထုတ်လုပ်စွန့်ပစ်သည်မှာ လွယ်ကူသော်လည်း ပြန်လည်ကောက်ယူ ရှင်းလင်းရာတွင်မူ အခက်အခဲများစွာ ကြုံတွေ့ရသော၊ ငွေကြေးများစွာသုံးစွဲရသော၊ စွန့်ပစ်အမှိုက်များကို အလွယ်တကူဝယ်ယူသုံးစွဲခြင်းကို လျှော့ချကြပါရန်၊ တတ်နိုင်သမျှ ပြန်လည် ပြုပြင် သုံးစွဲကြပါရန်၊ တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိရေး ဆောင်ရွက်ကြပါရန်၊ စွန့်ပစ်အမှိုက်များ ဖြစ်လာမည့် ပစ္စည်းများကို အလွယ်တကူ ဝယ်ယူသုံးစွဲခြင်း၊ စွန့်ပစ်ခြင်းမပြုလုပ်သည့်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးများကို အမှိုက်ပြဿနာများကြောင့် သုံးစွဲရခြင်းမှ ကာကွယ်ပေးသည့်၊ သဘာဝပတ်ဝန်းကျင်ဂေဟစနစ်ကို ထိန်းသိမ်းပေးသည့် နိုင်ငံသားကောင်းများအဖြစ် ခံယူကြပါရန် လေးစားစွာ တိုက်တွန်းအပ်ပါသည်။

# ပြည်မြို့ရှိ အလက (၂) နှင့် အထက (၅)တို့၌ စားသုံးသူကာကွယ်ရေး ဟောပြောခြင်းနှင့် ကျောင်းမုန့်ဈေးဆိုင်များ စစ်ဆေး

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့တွင် ဇူလိုင် ၁၂ ရက်၌ ရွှေကူရပ်ကွက်ရှိအ. လ. က (၂) နှင့် ခေတ္တရာမြို့သစ်ရပ်ကွက်ရှိ အ. ထ. က (၅) ကျောင်းများသို့ သွားရောက်၍ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဟောပြောပွဲနှင့် ကျောင်းမုန့်ဈေးတန်းများ စစ်ဆေးခြင်းများ ပြုလုပ်ခဲ့သည်။

အဆိုပါ ဟောပြောပွဲများတွင် မြို့နယ်တာဝန်ခံ ဦးအေးသိန်းက ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်တွင် ပြည်ထောင်စုလွှတ်တော်အမှတ်(၉)ဖြင့် ပြဋ္ဌာန်းထားသည့် စားသုံးသူ အကာအကွယ်ပေးရေးဥပဒေ အခန်း(၂၅) ပုဒ်မ (၈၄)ခုအနက် စားသုံးသူအခွင့်အရေး ရှစ်ချက်နှင့် ပတ်သက်၍ဥပမာများပေးပြီး ရှင်းလင်းခြင်း၊ စားသုံးသူများ လိုက်နာရမည့်တာဝန်များ၊ ကုန်စည်ဝန်ဆောင်မှုနှင့်ပတ်သက်၍ အာမခံချက်ပေးခြင်းကိစ္စရပ်များ၊ အခန်း(၁၈) ပုဒ်မ (၄၁)(၄၂)(၄၃) အရ ကုန်အညွှန်း အမှတ်အသားဖော်ခြင်းတို့ကို ဆွေးနွေးဟောပြောပြီး စားသုံးသူများ နစ်နာဆုံးရှုံးမှုများရှိပါကလည်း စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေး ပြည်ခရိုင်၊ ပြည်မြို့သို့ တိုင်ကြားနိုင်ကြောင်းနှင့် ပဲခူးတိုင်း ဒေသကြီးရုံးသို့လည်း တိုင်ကြားနိုင်ကြောင်း၊ CICC ရုံးဖုန်းနံပါတ်များပေးပြီး အကြံပြုချက်များပေးနိုင်ကြောင်း ပြောကြားခဲ့ သည်။

ဆက်လက်၍ ပြည်ခရိုင်ဦးစီးမှူးရုံးမှ ဒုတိယဦးစီးမှူး ဒေါ်ဝေဝေမင်းက စားသုံးရန်မသင့်သည့် ဆိုးဆေးများ အန္တရာယ်များအကြောင်း၊ ကွမ်း၊ ဆေးလိပ်နှင့်ပတ်သက်၍ ဘေးအန္တရာယ်များရှိကြောင်း၊ အချိုမှုန့်နှင့် အချိုရည်များအကြောင်းကို ဆွေးနွေးဟောပြောခဲ့သည်။

ကျောင်းမုန့်ဈေးတန်းများ စစ်ဆေးရာတွင်လည်း ရက်လွန်မုန့်များ၊ သောက်သုံးရန်မသင့်သည့် အချိုရည်များနှင့်ဘေးအန္တရာယ်ဖြစ်မည့် ကလေးကစားစရာပစ္စည်းများကို သွားရောက်စစ်ဆေးခဲ့သည်။

**ဝေဝေမင်း (ပြည်)**

# လုံခြုံစိတ်ချရမှုမရှိသော ကုန်စည်များအား မီးရှို့ဖျက်ဆီး

မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများသည် မွန်ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် အခြားမိတ်ဖက်ဌာနများပါဝင်သောအဖွဲ့နှင့် ပူးပေါင်း၍ မွန်ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် FDA နှင့်မိတ်ဖက်အဖွဲ့တို့မှ သိမ်းဆည်းခဲ့သောသက်တမ်းလွန် အစားအသောက်/ဆေးဝါးများဖြစ်သော Refresh Smile Balance ၉၃ ဘူး၊ တန်ဖိုး ကျပ် ၄၆၅၀၀၀၊ P-Smart Coffeemix ၄၈၄၂ ဘူး၊ တန်ဖိုးကျပ် ၂၄၂၁၀၀၀၀၊ Reset Body Balance ၄၁၇ ဘူး၊ တန်ဖိုးကျပ် ၂၀၈၅၀၀၀၊ စုစုပေါင်းတန်ဖိုးကျပ် ၂၆၇၆၀၀၀၀ အား မော်လမြိုင်မြို့နယ်၊ မုရောင်းအမှိုက်ပုံတွင် ဇူလိုင် ၁၂ ရက် နံနက် ၁၀ နာရီတွင် မီးရှို့ဖျက်ဆီးခဲ့သည်။

အဆိုပါ မီးရှို့ဖျက်ဆီးသည့် အခမ်းအနားသို့ မွန်ပြည်နယ်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ကော်မတီဝင်များ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ Skynet၊ MRTV ၊ ပြည်နယ်အတွင်းရှိသတင်း မီဒီယာများနှင့်ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**မိုးမိုး (မွန်)**

# စေတနာ့ဝန်ထမ်း(မူးယစ်)ကြီးကြပ်ရေးမှူးသင်တန်းတွင် စားသုံးသူကာကွယ်ရေးဥပဒေ ရှင်းလင်း ဆွေးနွေး



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန တာချီလိတ်ပြန်လည်ထူထောင်ရေးစခန်းက ကြီးမှူးကျင်းပသော စေတနာ့ဝန်ထမ်း (မူးယစ်) ကြီးကြပ်ရေးမှူးသင်တန်း (၁/၂၀၁၉)ကို ဇူလိုင် ၁၄ ရက်မှ ၁၈ ရက်အထိ ဝိန်းကျောက်ရပ်ကွက်ရှိ ပြန်လည်ထူထောင်ရေးစခန်း၌ ကျင်းပခဲ့သည်။

အဆိုပါ သင်တန်းတွင် သင်တန်းသား/ သူ ၃၀ တက်ရောက်ခဲ့ပြီး စားသုံးသူရေးရာ ဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူးရုံး ကျိုင်းတုံမှ ဦးစီးမှူး ဦးမြင့်ကြည်ဦးဆောင်သော အဖွဲ့က ဇူလိုင် ၁၄ ရက် မွန်းလွဲ ၂ နာရီတွင် စားသုံးသူကာကွယ်ရေးဥပဒေ ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ ဦးစီးမှူး ဦးမြင့်ကြည်က ဆွေးနွေးရာတွင် စားသုံးသူအခွင့်အရေးများမှာ အနောက်နိုင်ငံများမှ စတင်ဖော်ထုတ်ကျင့်သုံးလာခဲ့ပြီး ကမ္ဘာ့ကုလသမဂ္ဂတွင် စားသုံးသူ မူဘောင်သတ်မှတ်ဆောင်ရွက်လာခဲ့ကြောင်း၊ အာဆီယံနိုင်ငံများတွင်လည်း စားသုံးသူကာကွယ်ရေးဥပဒေပြဋ္ဌာန်း ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်၌ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေ ပြဋ္ဌာန်း၍ စားသုံးသူကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ်တွင် စားသုံးသူကာကွယ်ရေးဥပဒေဟု ပြင်ဆင်ပြဋ္ဌာန်းခဲ့ကြောင်း၊ စားသုံးသူကာကွယ်ရေးဥပဒေအရ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစေရန် ဈေးကွက်စောင့်ကြည့် စစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း၊ စားသုံးသူကာကွယ်ရေး အခန်းကဏ္ဍသည် အလွန်ကျယ်ပြန့်သည့်အတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေးမှသာ အောင်မြင်နိုင်မည်ဖြစ်သောကြောင့် သင်တန်းသား/သူများလည်း မိမိတို့သိရှိချက်များကို မိမိတို့ ပတ်ဝန်းကျင်တွင် လက်ဆင့်ကမ်းဖြန့်ဝေပေးစေလိုကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများကလည်း သိရှိလိုသည်များ ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

**ရန်နောင်(ကျိုင်းတုံ)**

# မြို့မဈေးနှင့် အောင်မင်္ဂလာရပ်ကွက်တို့၌ အသိပညာပေးဟောပြောပွဲ ကျင်းပ၊ ဈေးအတွင်း ကွင်းဆင်းပညာပေး

စားသုံးသူရေးရာဦးစီးဌာန၊ မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးဝင်းနိုင်နှင့် တာဝန်ရှိသူဝန်ထမ်းများသည် ဇူလိုင် ၁၂ ရက်တွင် လှည်းကူးမြို့နယ် မြို့မဈေးရှိ ဈေးသူ/ဈေးသားများနှင့် အောင်မင်္ဂလာရပ်ကွက်ရှိ ရပ်ကွက်နေပြည်သူများကို သွားရောက်၍ ထုတ်ကုန်လုံခြုံစိတ်ချရသည့်ပစ္စည်းများ ဝယ်ယူ/ ရောင်းချနိုင်ရေးအတွက် အသိပညာပေးဟောပြောပွဲများ ကျင်းပခြင်းနှင့် ဈေးအတွင်း ကွင်းဆင်းပညာပေး လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ နံနက် ၁၀ နာရီခွဲတွင် လှည်းကူးမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ ဓမ္မာရုံတွင် ရပ်ကွက်သူနေပြည်သူများအား ထုတ်ကုန်လုံခြုံစိတ်ချရသည့်ပစ္စည်းများဝယ်ယူ/ရောင်းချနိုင်ရေးအသိပညာပေး ဟောပြောပွဲကျင်းပခဲ့ရာ စားသုံးသူရေးရာဦးစီးဌာန၊ မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးဝင်းနိုင်က အဖွင့်အမှာစကားပြောကြားရာတွင် ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်၊ ဌာန၏လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ လုပ်ဆောင်ချက်များကိုလည်းကောင်း၊ ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်စားသောက်ရန် ပြောကြားခဲ့ပြီး ဒုတိယဦးစီးမှူး ဒေါ်နီလာဦးက စားသုံးသူကာကွယ်ရေးဥပဒေသစ်ပါ စားသုံးသူ၏ အခွင့်အရေးနှင့် လိုက်နာရမည့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏တာဝန်များ၊ စားသုံးသူများအနေဖြင့် ကုန်ပစ္စည်းများ ဝယ်ယူသုံးစွဲရာတွင် သိရှိရမည့် ကုန်ညွှန်းအမှတ်အသားများနှင့် ပတ်သက်သောအချက်အလက်များ၊ ကုန်စည်နှင့် စပ်လျဉ်း၍ အာမခံပေးထားမှုအပေါ် စားသုံးသူက တောင်းဆိုနိုင်သည့်အခွင့်အရေး၊ ဝန်ဆောင်မှုများနှင့် စပ်လျဉ်း၍ အာမခံပေးထားသည့်အတိုင်း အခွင့်အရေးများ ရရှိမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအနေနှင့်လည်း ကျင့်ဝတ်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ခရိုင်ဦးစီးမှူးရုံးရှိ(CICC)သို့ တိုင်ကြားလာသည့် ကုန်စည်/ဝန်ဆောင်မှုနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ထားရှိမှုများကို အသေးစိတ် ဟောပြောဆွေးနွေးခဲ့သည်။ ဟောပြောပွဲသို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်နေပြည်သူစုစုပေါင်း ၆၉ ဦး တက်ရောက်ခဲ့ပြီး ‘စားသုံးသူပြည်သူများအန္တရာယ် ကင်းစေဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့’ စာတမ်းပါ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ဆက်လက်၍ မွန်းလွဲ ၁ နာရီတွင်လည်း လှည်းကူးမြို့နယ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မင်္ဂလာခန်းမတွင် အသိပညာပေးဟောပြောပွဲကျင်းပခဲ့ရာ မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးဝင်းနိုင်၊ ဒုတိယဦးစီးမှူး ဒေါ်နီလာသန်းနှင့် ဒုတိယဦးစီးမှူး ဒေါ်နီလာဦးတို့ကလည်း ဟောပြော ဆွေးနွေးခဲ့ကြသည်။ ဟောပြောပွဲသို့ ဈေးသူ/ဈေးသား ၄၄ ဦး တက်ရောက်ခဲ့ပြီး တက်ရောက်သူများကို လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**နီလာဦး (ရန်ကုန်)**

# မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်ဈေးတွင် အသားငါးများနှင့် စားသောက်ကုန်ပစ္စည်းများအား ကွင်းဆင်းစစ်ဆေး

စားသုံးသူများအနေဖြင့် ဘေးအန္တရာယ်ကင်းရှင်းသော အသားငါး၊ မီးဖိုချောင်သုံး စားသောက်ကုန်ပစ္စည်းများ၊ အသင့်စား တာရှည်ခံကုန်စည်များနှင့် အလှကုန်ပစ္စည်းများ၊ ဆေးဝါးပစ္စည်းများကို လုံခြုံစိတ်ချစွာ ဝယ်ယူသုံးစွဲနိုင်စေရန်အတွက် မြစ်ကြီးနားခရိုင် စားသုံးသူရေးရာ ဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်စည်ပင်နှင့်ရပ်ကွက်ဈေးကော်မတီ ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် စီတာပူရပ်ကွက်ဈေးတွင် ဇူလိုင်၁၀ရက် နံနက်ပိုင်း၌ ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ဈေးအတွင်းရှိကုန်စုံဆိုင်များအား စားသုံးသူကာကွယ်ရေးဥပဒေပါ ကုန်အညွှန်းအမှတ် အသားဖော်ပြခြင်းနှင့်ပတ်သတ်ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေ၍ အသိပညာပေးရှင်းလင်းခြင်း၊ အသားငါးအရောင်းဆိုင်များအား မလတ်ဆတ်သည့် ရက်လွန်အသားများ ရောင်းချခြင်းမပြုရန်နှင့် အလေချိန်မှန်ကန်စွာဖြင့် သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချရန် အသိပေးရှင်းလင်းခြင်း၊ စားဖိုချောင်သုံးစားသောက်ကုန် ၁၇ မျိုးအား နမူနာဝယ်ယူ၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဓာတ်ခွဲစမ်းသပ်ယာဉ်တွင် ဓာတ်ခွဲစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **အိုက်ခမ်းတီ (ကချင်)**

# ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးစီးသည့်အဖွဲ့ ဝန်ထမ်းများနှင့်တွေ့ဆုံ

စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်း ဦးဆောင်သောအဖွဲ့သည် ဇူလိုင် ၁၅ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တိုင်းဒေသကြီးဦးစီးမှူးရုံးရှိဝန်ထမ်းများ၊ မြိတ်ခရိုင်၊ ကော့သောင်းခရိုင်ရုံးမှဝန်ထမ်းများအား တိုင်းဒေသကြီး အစည်းအဝေးခန်းမတွင် တွေ့ဆုံဆွေးနွေးခဲ့သည်။

အဆိုပါတွေ့ဆုံပွဲဆွေးနွေးပွဲတွင် ဝန်ထမ်းများက တစ်ဦးချင်းမိတ်ဆက်ပြီး တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းထွန်းမှ မိမိတိုင်းဒေသကြီးအတွင်း လုပ်ငန်းဆောင်ရွက်ချက်များကို Power Point ဖြင့် ရှင်းလင်းဆွေးနွေးရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းက လိုအပ်သည်များဖြည့်စွက်ပြောကြားပြီး စီမံရေးရာ ညွှန်ကြားရေးမှူး ဦးအောင်သွင်ဦးက Corruption Prevention Unit (CPU) အဂတိလိုက်စားမှုနှင့် ပတ်သက်၍ ယခင်ခေတ်အဆင့်ဆင့် ဆောင်ရွက်လာခဲ့မှုများ၊ ဗဟိုအဆင့်အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းဆောင်ရွက်မှုများ၊ မိမိတို့ဌာနအတွင်း အဂတိလိုက်စားမှုများ မဖြစ်ပေါ်စေရေးအတွက် အဆင့်ဆင့်တာဝန်ယူဆောင်ရွက်ရမည့် အခြေအနေများ၊ အချင်းချင်းအဂတိလိုက်စားမှုမရှိစေရေးအတွက် သတိပေးခြင်း၊ ဝိုင်းဝန်း ဖြေရှင်းဆောင်ရွက်ရမည့်နည်းလမ်းများအား ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော ဝန်ထမ်းများက သိရှိလိုသည့် မရှင်းလင်းသည်များကို မေးမြန်းခဲ့ရာ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် စီမံရေးရာ ညွှန်ကြားရေးမှူးတို့မှ ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့သည်။ **ရွှေဝယ်သား**

# မိတ္ထီလာမြို့ပေါ်ရှိ ဆေးဆိုင်များအား ကွင်းဆင်းစစ်ဆေး

စားသုံးသူပြည်သူများ ကျန်းမာရေး လုံခြုံစိတ်ချမှုရရှိစေရန် မိတ္ထီလာမြို့ပေါ်ရှိ ဆေးဆိုင်များသို့ တစ်လတစ်ကြိမ် ကွင်းဆင်းစစ်ဆေးခဲ့ရာ ဇူလိုင် ၁၁ ရက်တွင် မိတ္ထီလာခရိုင် ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဦးဆောင်၍ စားသုံးသူရေးရာဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ ကျန်းမာရေးဦးစီးဌာန ၊ စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်း ဆင်းစစ်ဆေးရာတွင် တားမြစ်ဆေးများ၊ ထိန်းချုပ်ဆေးများ၊ စံမမီဆေးများ ရောင်းချခြင်း မရှိစေရေး အဓိကထား စစ်ဆေးခဲ့သည်။ ယခင်စစ်ဆေးခဲ့စဉ်က သက်တမ်းလွန်ဆေး၊ တားမြစ်ဆေးများ တွေ့ရှိခဲ့သော်လည်း ယခု စစ်ဆေးချိန်တွင် ဆေးဆိုင်များ ယခင်ကထက် ပိုမို၍ စည်းကမ်းလိုက်နာကာ သက်တမ်းလွန်ဆေး၊ တားမြစ်ဆေးများမရှိကြောင်း တွေ့ရှိရသည်။ ဆေးဆိုင် စုစုပေါင်းခြောက်ဆိုင်သို့ဝင်ရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

**သိမ့်သူဇာမောင် (ထီလာ)**

# ဘားအံမြို့ရှိ အထကကျောင်း သုံးကျောင်းတွင် စာသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် ကျောင်းမုန့်ဈေးတန်းများ စစ်ဆေး

ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၊ ကျောင်းကျန်းမာရေးအဖွဲ့၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့ ပူးပေါင်း၍ အခြေခံပညာ အထက်တန်းကျောင်းသုံးကျောင်းတွင် ကျောင်းသား/သူများအား စားသုံးသူ ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းနှင့် ကျောင်းမုန့်ဈေးစစ်ဆေးခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

ဇူလိုင် ၁၁ ရက်က အထက (၁) တွင် လည်းကောင်း၊ ဇူလိုင် ၁၂ရက်က အထက(၂) တွင် လည်းကောင်း၊ ဇူလိုင် ၁၅ရက် က အထက(၃)တွင် လည်းကောင်း၊ ကျောင်းသား/သူများကို စားသုံးသူကာကွယ်ရေး အသိပညာ ပေးဟောပြောပွဲ ဆောင်ရွက်ခဲ့သည်။ ထို့နောက် ကျောင်းသား/သူများတို့နှင့် မေးခွန်းများမေးမြန်းခြင်း/ ပြန်လည်ဖြေကြားခြင်းကျောင်းသား/ကျောင်းသူများက တစ်ဦးချင်းဖြေဆိုခြင်း၊ ဟောပြောပွဲ တက်ရောက်သည့် ကျောင်းသား/ကျောင်းသူများ ဆရာ/ ဆရာမ စုစုပေါင်း ၁၄၁၀ ဦး တက်ရောက်ခဲ့ကြောင်း သိရပါသည်။

ဆက်လက်၍ ယင်းအဖွဲ့သည် ကျောင်းမုန့်ဈေးတန်းရောင်းချဆိုင်များတွင် ကျောင်းဈေးသည်များ တစ်ကိုယ်ရေသန့်ရှင်းမှု ရှိ/ မရှိ၊ သန့်ရှင်းလတ်ဆတ်မှု ရှိ/မရှိ မှိုတက်အစားအသောက်များနှင့် သက်တမ်းလွန်မုန့်များ ရောင်းချမှု ရှိ/ မရှိ စစ်ဆေးခြင်း၊ စားသုံးရန်မသင့်သည့် မုန့်များစစ်ဆေးခြင်းနှင့် ပညာပေးလက်ကမ်းစာစောင်များ ဝေငှခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **ခင်ကြည် (ကရင်ပြည်နယ်)**

## ငပုတောမြို့နယ် စားသုံးသူရေးရာဦးစီးဌာန မြို့မဈေးအတွင်း ကွင်းဆင်းစစ်ဆေး

ငပုတောမြို့နယ်၊ စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဒေါ်မြင့်မြင့်စန်းနှင့် ဝန်ထမ်းများသည် မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်း၍ ဇူလိုင် ၁၅ ရက်တွင် မြို့မဈေးကြီးအတွင်း လူသုံးကုန်ပစ္စည်း များရောင်းချသော ဆိုင်များသို့ သွားရောက်ပြီး ဝယ်ယူသော စားသုံးသူ ပြည်သူများ နစ်နာမှုမရှိစေရန် စားသုံးသူ ကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက် များနှင့်အညီ လူသုံးကုန်ပစ္စည်းများတွင် ကုန်ပစ္စည်း အမှတ်တံဆိပ်ဖော်ပြချက်ပါ အချက်အလက်များနှင့် ကိုက်ညီမှု ရှိ/မရှိ ကွင်းဆင်း စိစစ်ဆောင်ရွက်ခဲ့သည်။ **ဧရာမြေ (ပုသိမ်)**

# ကျေးလက်ဒေသဖွံ့ဖြိုးရေးစကားဝိုင်း မအူပင်မြို့နယ် သုံးခွကျေးရွာ၌ကျင်းပ

မအူပင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ဇူလိုင် ၁၂ ရက်တွင် မအူပင်မြို့နယ် သုံးခွကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကျင်းပသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဒေါ်တင်သူဇာလှိုင်က ပြည်သူ့စကားဝိုင်းကျင်းပရခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ မအူပင်ခရိုင်ရဲတပ်ဖွဲ့မှူးက မှုခင်းကြိုတင်ကာကွယ်ရေး၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် မှုခင်းကျဆင်းရေးများတွင် ပြည်သူများ ပူးပေါင်းပါဝင်ရန် ပြောကြားပြီး မအူပင်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ ခရိုင်ဦးစီးမှူးဦးဇော်မင်းကစားသုံးသူကာကွယ်ရေးဥပဒေ၏ ရည်ရွယ်ချက်၊ အနှစ်သာရ၊ စားသုံးသူများ၏ အခွင့်အရေးများ၊ တာဝန်များ၊ တားမြစ်ချက်များ၊ ဝန်ဆောင်မှုအမျိုးမျိုးနှင့် မအူပင်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနတွင် ဖွင့်လှစ်ထားသော စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ (CICC) ရုံးခန်း ဖွင့်လှစ်ထားရှိမှုအခြေအနေများကို အသေးစိတ်ဆွေးနွေးခဲ့သည်။



ကျေးလက်ဒေသဖွံ့ဖြိုးရေး စကားဝိုင်းတွင် ပါဝင်လာသောဌာနများမှ အစီအစဉ်အတိုင်းဆက်လက် ဆွေးနွေးပြောကြားကြပြီး တက်ရောက်လာသော ပြည်သူ ၁၃၅ ဦးထဲမှ ပြန်လည် မေးမြန်းမှုများကို ရှင်းလင်းဖြေကြားခဲ့ကြသည်။

**CONSUMER MT**

## ယင်းမာပင်မြို့နယ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူ့စကားဝိုင်းများ ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ယင်းမာပင်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများသည် ယင်းမာပင်မြို့နယ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူ့စကားဝိုင်း (Public Talk) ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ဌာနဆိုင်ရာများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ယင်းသို့ဆောင်ရွက်ရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးက အဖွင့်အမှာစကား ပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းရီက ဒေသခံကျေးလက်ပြည်သူများ အမှန်တကယ် လိုအပ်သည့် တောင်းဆိုမှုများအား မေးမြန်းဆွေးနွေးကြရန်နှင့် ကျေးလက်ဒေသခံပြည်သူများ၏ မေးမြန်းမှုအား သက်ဆိုင်ရာ ဌာနဆိုင်ရာများက ရှင်းလင်းဆွေးနွေးရန် ဖြစ်ကြောင်း၊ ဇူလိုင် ၅ရက်တွင် စုန်းကျင်းကျေးရွာ၊ ဇူလိုင် ၇ ရက်တွင် တရော်ကျင်းကျေးရွာ၊ ဇူလိုင် ၁၁ရက်တွင် စည်လှော်ကျေးရွာတို့တွင် ယင်းမာပင်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယခရိုင်ဦးစီးမှူး ဒေါ်ခိုင်မို့မို့က စားသုံးသူများ လုံခြုံစိတ်ချရမှုရှိစေရန် စားသုံးသူ၏အခွင့်အရေး တာဝန်များ သိရှိစေရန်၊ ရွေးချယ်ဝယ်ယူ၊ စားသုံးမှုပြုရာတွင် ကုန်အညွှန်းအမှတ်အသားများ သိရှိနားလည်စေရန် ပညာပေးဆွေးနွေးခြင်း၊ ဇူလိုင် ၁၄ ရက်တွင် ထန်းတောကြီးကျေးရွာတွင် ယင်းမာပင်မြို့နယ်တာဝန်ခံ ဒေါ်သီတာခိုင်နှင့် ဒေါ်မိုးမိုးမြင့်တို့ကလည်း စားသုံးသူကာကွယ်ပေးရေး၊ ဈေးကွက်စောင့်ကြည့်ကွင်းဆင်းဆောင်ရွက်မှုအကြောင်း ဆွေးနွေးခြင်း၊ ဇူလိုင် ၁၅ ရက်တွင် ဘန့်ဘွေးကျေးရွာတွင် ယင်းမာပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်နိုင်ကလည်း ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်တွင် စားသုံးသူကာကွယ်ပေးရေး ဥပဒေထုတ်ပြန်ပြီးဖြစ်၍ စားသုံးသူများ နစ်နာဆုံးရှုံးမှုရှိက အခွင့်အရေးများရရှိစေရန်၊ နည်းမှန်လမ်းမှန်၊ အထောက်အထားမှန်၊ အရည်အသွေးမှန်၊ သတင်းအချက်အလက် ပြည့်စုံမှန်ကန်နိုင်စေရန်အတွက် စားသုံးသူကာကွယ်ပေးရေး ဥပဒေအကြောင်း ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်း ဆွေးနွေးခြင်းနှင့် သက်ဆိုင်ရာဌာနများမှလည်း လိုအပ်သလို အသီးသီးဖြည့်စွက် ဆွေးနွေးခဲ့သည်။ **ခိုင်မို့မို့ (မြင်းမူ)**

# မန်စီးတီးနှင့် ပီအက်စ်ဂျီတို့ကဲ့သို့ ငွေကြေး မသုံးစွဲနိုင်ဟု ဂျာကင်ကလော့ပ် ပြော

လီဗာပူးအသင်း နည်းပြ ဂျာကင်ကလော့ပ်က မိမိတို့အသင်းအနေဖြင့် မန်စီးတီးအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ကဲ့သို့ ကစားသမားခေါ်ယူမှုတွင် ငွေကြေးအမြောက်အမြား သုံးစွဲနိုင်ခြင်းမရှိကြောင်း ပြောဆိုလိုက်သည်။

ဂျာကင်ကလော့ပ်က 'မန်စီးတီးနဲ့ ပီအက်စ်ဂျီအသင်းတွေက ဘဏ္ဍာငွေကြေး တောင့်တင်းတဲ့အသင်းတွေဖြစ်တယ်။ သူတို့က စျေးကွက်ကို အမြဲတမ်း လက်ဦးမှု ရယူနိုင်ကြတယ်။ ကစားသမား တစ်ယောက်ကို မတန်တဆ စျေးတွေပေးပြီးလည်း ခေါ်နိုင်ကြတယ်။ ငွေကြေး ပုံအောသုံးတိုင်းလည်း ချန်ပီယံဆုဖလားကို ရတာ မဟုတ်ပါဘူး။ ဆုဖလားကို ငွေကြေးနဲ့ ဝယ်ယူလို့ ရဖို့ဆိုတာ တော်တော်ခက်ပါတယ်။ အသင်း တစ်သင်းက ငွေကြေးတတ်နိုင်လို့ စျေးကြီးတဲ့ ကစားသမားတစ်ယောက်ကို ဝယ်နိုင်တာကို ကျွန်တော် လက်ခံပါတယ်။ ဒါပေမဲ့ ငွေကြေးပေါတိုင်း ကစားသမား စျေးကွက် ဖျက်တာကိုတော့ ကျွန်တော်လက်မခံပါဘူး'ဟု မီဒီယာများနှင့်တွေ့ဆုံစဉ် ပြောဆိုခဲ့သည်။

မိမိတို့ အသင်းအနေဖြင့် ပြီးခဲ့သည့်ရာသီက လုံလောက်သည့် ကစာသမား ခေါ်ယူမှုကို ပြုလုပ်ခဲ့ပြီးပြီဖြစ်ကြောင်း၊ လက်ရှိတွင် အသင်းမှာ စုစည်းမှုအားကောင်းနေကြောင်း၊ လောလောဆယ်တွင် ကစားသမားသစ်များ ခေါ်ယူရန် အစီအစဉ်မရှိသေးကြောင်း၊ အသင်းမှ ထွက်ခွာသွားသည့် ကစားသမားရှိမှသာ အစားထိုးခေါ်ယူသွားရန်ရှိကြောင်း ဂျာကင်ကလော့ပ်က ထပ်မံပြောကြားခဲ့သည်။





# ကစားသမားသုံးဦးပေါင်းကို ပေါင်သန်း ၃၀၀ ဖြင့်ရောင်းထုတ်ရန် ရီးရဲလ်ပြင်ဆင်

ရီးရဲလ်မက်ဒရစ်အသင်းသည် ဂါရတ်ဘေးလ်၊ အစ္စကိုနှင့် ဂျိမ်းစ်ရိုဒရီဂွက်ဇ်တို့ သုံးဦးပေါင်းကို ပေါင်သန်း ၃၀၀ ရလျှင် ရောင်းထုတ်သွားမည်ဟု စျေးကွက်တင်လိုက်သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် ချယ်လ်ဆီးအသင်းမှ ဘယ်လ်ဂျီယံကစားသမား ဟာဇက် အပါအဝင် ကစားသမား ငါးဦးအထိ ခေါ်ယူထားပြီး ဖြစ်သော်လည်း နည်းပြ ဇီဒန်း၏ ကြယ်စင်စုစီမံကိန်းမှာ ပြီးဆုံးခြင်းမရှိသေးဘဲ နောက်ထပ် ထိပ်တန်းကစားသမား တစ်ဦးကို ထပ်မံခေါ်ယူသွားရန် ပြင်ဆင်မှုများ ရှိနေသေးသည်။

ရီးရဲလ်မက်ဒရစ်အသင်း ယခု အပြောင်းအရွှေ့ကာလတွင် ချယ်လ်ဆီးအသင်းမှ ဘယ်လ်ဂျီယံကစားသမား ဟာဇက်ကို ယူရိုသန်း ၁၀၀၊ ဖရန့်ဖတ်အသင်းမှ ဆားဘီးယား ကစားသမား လူကာဂျိုဗစ်ကို ယူရိုသန်း ၆၀၊ လိုင်ယွန်အသင်းမှ ပြင်သစ်ကစားသမား မန်ဒီကို ယူရို ၄၈ သန်း၊ ပေါ်တိုအသင်းမှ ဘရာဇီးကစားသမား အီဒါမီလီတာအိုကို ယူရိုသန်း ၅၀နှင့် ဆန်းတို့စ်အသင်းမှ ဘရာဇီးကစားသမား ရိုဒရီဂိုကို ယူရို ၄၅သန်း စသည်ဖြင့် အသီးသီး ခေါ်ယူထားပြီးဖြစ်သည်။

လက်ရှိအချိန်တွင် ရီးရဲလ်မက်ဒရစ်အသင်းသည် မန်ယူအသင်းမှ ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာကို ခေါ်ယူရန် ကြိုးပမ်းနေရာ ၎င်းကစားသမား၏ ပြောင်းရွှေ့ကြေးမှာ မြင့်မားလွန်းနေခြင်းကြောင့် အသင်းရှိ ကစားသမားများဖြစ်သည့် ဂါရက်ဘေးလ်၊ အစ္စကိုနှင့် ဂျိမ်းစ်ရိုဒရီဂွက်ဇ်တို့ကို ရောင်းထုတ်ပြီးမှသာ ပေါ့ဂ်ဘာကို ခေါ်ယူနိုင်ဖွယ်ရှိနေကြောင်း သိရသည်။



# အဲဗာတန်ကိုခေါ်ယူရန် အာဆင်နယ်အသင်း သဘောတူညီမှုရရှိ

အင်္ဂလန် ပရီးမီးယားလိဂ်ကလပ် အာဆင်နယ်အသင်းသည် ရာသီသစ်အတွက် ပြင်ဆင်သည့်အနေဖြင့် အသင်းရှိ ကစားသမားအချို့ကို ရောင်းထုတ်နေသလို ကစားသမားသစ်များကိုလည်း ထပ်မံဖြည့်ဆည်းသွားရန် ပြင်ဆင်နေသည်။ ထိုကဲ့သို့ ကစားသမားသစ်များကို ခေါ်ယူရန်ရှိနေသည့် အာဆင်နယ်အသင်းသည် ယခုအချိန်တွင် ဂရီမီရိုအသင်းမှ ဘာရာဇီးတိုက်စစ်မှူး အဲဗာတန်ကို ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အာဆင်နယ်အသင်းသည် အဲဗာတန်ကို ခေါ်ယူရန်အတွက် ပေါင် ၃၆ သန်းဖြင့် သဘောတူညီမှု ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အသက် (၂၃)နှစ်ရှိ အဲဗာတန်သည် လက်ရှိအချိန်တွင် ဘရာဇီးကလပ် ဂရီမီရိုအသင်းတွင် ခြေစွမ်းပြကစားနေသူဖြစ်သည်။

ထို့ပြင် အဲဗာတန်သည် ဘရာဇီးနိုင်ငံတွင် ကျင်းပပြီးစီးခဲ့သည့် ၂၀၁၉ ကိုပါအမေရိကဖလားပြိုင်ပွဲတွင် ဘရာဇီးအသင်းနှင့်အတူ ခြေစွမ်းပြနိုင်ခဲ့သည်။ အဲဗာတန်သည် ယင်းပြိုင်ပွဲတွင် ဘရာဇီးအသင်းနှင့်အတူ ပွဲစဉ်တိုင်းကို ပါဝင်ခွင့် မရရှိခဲ့သော်လည်း လူစားဝင်ကစားသမားအဖြစ် ကစားရင်း ပြိုင်ပွဲတစ်လျှောက် ဂိုးသွင်းအများဆုံးဆုကို ရရှိခဲ့သည်။

ကိုပါအမေရိကပြိုင်ပွဲတွင် ကစားခဲ့သည့် အဲဗာတန်၏ ခြေစွမ်းကို အဉရောပဘောလုံးကင်းထောက်များက သဘောကျ ကြိုက်နှစ်သက်ခဲ့ကြသည်။ အသင်းကြီး အများစုကလည်း အဲဗာတန်ကို ခေါ်ယူရန် စောင့်ကြည့်လာခဲ့သည်။

ယင်းအချိန်တွင်ပင် ၎င်းကစားသမားကို ခေါ်ယူရန်အတွက် အာဆင်နယ်အသင်းက လက်ဦးမှု ရယူနိုင်ခဲ့ခြင်းဖြစ်သည်ဟု Fox Sports သတင်းဌာနက ထုတ်ဖော်ပြောကြားခဲ့သည်။

# ပေါ့ဂ်ဘာကို ပေါင်သန်း ၂၀၀ ဆိုးလ်ရှား သတ်မှတ်

မန်ယူအသင်းနည်းပြ ဆိုးလ်ရှားက မိမိတို့၏ ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာကို ခေါ်ယူလိုပါက မည်သည့်အသင်းဖြစ်ဖြစ် ပေါင်သန်း ၂၀၀ ပေးချေရမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။


နည်းပြ ဆိုးလ်ရှားသည် ပေါ့ဂ်ဘာကို လက်လွှတ်သွားရန်ဆန္ဒမရှိသော်လည်း အဆိုပါကစားသမားက မန်ယူအသင်းကို စွန့်ခွာပြီး တခြားအသင်းတစ်သင်းသင်းသို့ ပြောင်းရွှေ့ရန် ပြင်ဆင်နေသည်။

မန်ယူအသင်းနည်းပြ ဆိုးလ်ရှားက 'ပေါ့ဂ်ဘာကို ကျွန်တော် လက်မလွှတ်ချင်ပါဘူး။ သူဟာ ကမ္ဘာ့အကောင်းဆုံး ကစားသမားတွေထဲက တစ်ယောက်ပါ။ ဒါပေမဲ့ သူကတော့ အသင်းမှာ ဆက်နေဖို့အတွက် ကျွန်တော်တို့ ညှိနှိုင်းတာကို လက်မခံပါဘူး။ ဒါကြောင့် နောက်ဆုံးမှာ သူ့ကို ကျွန်တော်တို့ အသင်းကနေ ထွက်ခွာခွင့်ပေးတော့မှာပါ။ ပေါ့ဂ်ဘာကို ဘယ်အသင်းပဲဖြစ်ဖြစ် ခေါ်နိုင်ပါတယ်။ သူ့အတွက် ပြောင်းရွှေ့ကြေးကို ပေါင်သန်း ၂၀၀ သတ်မှတ်ထားပါတယ်'ဟု ပြောခဲ့သည်။

ပေါ့ဂ်ဘာအနေဖြင့် မန်ယူအသင်းတွင် ဆက်နေမည်ဆိုပါက စိန်ခေါ်မှုများအတွက် အခွင့်အရေးများ ပေးသွားမည်ဖြစ်ကြောင်း၊ ၎င်း၏ဆန္ဒကိုလိုက်လျောပေးသွားမည်ဖြစ်ကြောင်း၊ ၎င်းအတွက် စဉ်းစားချိန်ရှိနေသေးကြောင်း၊ အသင်းကနေ သူထွက်ခွာသွားမည်ဆိုပါကလည်း ကွင်းလယ်ပိုင်းကို အစားထိုးရန် အဆင်သင့် ပြင်ဆင်ထားကြောင်း နည်းပြဆိုးလ်ရှားက ဆက်လက်ပြောဆိုထားသည်။

ထို့ပြင် ဆိုးလ်ရှားသည် ကစားသမားသစ်များ ခေါ်ယူနိုင်ရန်အတွက် မန်ယူအသင်းမှ တာဝန်ရှိသူများနှင့် အတိုက်အခံပြုလုပ်လျက် ရှိကြောင်းလည်း သိရသည်။

ဟန်နေသစ် စုစည်းသည်



# အင်ဒိုနီးရှားနှင့် ကုန်သွယ်မှု စဉ်ဆက်မပြတ်တိုးတက်စေရေး ပို့ကုန်အမယ်တိုးမြှင့်ရန် အိန္ဒိယ တိုက်တွန်း

အင်ဒိုနီးရှားနှင့် ကုန်သွယ်မှုလိုငွေ တိုးလာနေသည့်အပေါ် အိန္ဒိယ၏ စိုးရိမ်ပူပန်မှု မြင့်တက်နေကြောင်းနှင့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏ စဉ်ဆက်မပြတ် တိုးတက်စေရန်အတွက် ပို့ကုန်အမယ်တိုးမြှင့်ရေးဆောင်ရွက်ရန် အိန္ဒိယကူးသန်းရောင်းဝယ်ရေး ဝန်ကြီး Shri Piyush Goyal က အင်ဒိုနီးရှား ကုန်သွယ်ရေးဝန်ကြီးနှင့် တွေ့ဆုံစဉ်အတွင်း တိုက်တွန်းပြောကြားခဲ့ကြောင်း သိရှိရသည်။



၂၀၁၈-၁၉ ဘဏ္ဍာနှစ်အတွင်း အိန္ဒိယသည် အင်ဒိုနီးရှားနှင့် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၅၇ ဘီလီယံထိ ရှိခဲ့သည့်အပေါ် အိန္ဒိယက စိုးရိမ်ပူပန်ကြောင်း၊ လက်ရှိတွင် နှစ်နိုင်ငံ ကုန်သွယ်မှု ချိန်ခွင်ရှာ၌ အင်ဒိုနီးရှားဘက်က သိသိသာသာ အလေးသာနေရာ နှစ်နိုင်ငံ ကုန်သွယ်မှုစဉ်ဆက်မပြတ် တိုးတက်ရေးအတွက် နှစ်ဘက်စလုံးက ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထိုသို့ တိုးမြှင့်ရန်အတွက် စိုက်ပျိုးရေးပစ္စည်း၊ မော်တော်ယာဉ်ပစ္စည်း၊ အင်ဂျင်နီယာလုပ်ငန်းသုံးပစ္စည်းများ၊ IT ပစ္စည်းများ၊ ဆေးဝါးများ၊ ဇီဝနည်းပညာနှင့် ကျန်းမာရေးကဏ္ဍတို့သည် အလားအလာအတော် ရှိသည်ဟု အိန္ဒိယကုန်သွယ်ရေးဝန်ကြီးက ပြောကြားခဲ့ကြောင်း သိရ သည်။

၂၀၁၈-၁၉ ဘဏ္ဍာနှစ်အတွင်း အိန္ဒိယနှင့် အင်ဒိုနီးရှားတို့၏ နှစ်နိုင်ငံကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၂၃ ဘီလီယံထိရှိခဲ့ပြီး၊ အာဆီယံဒေသအတွင်း စင်ကာပူပြီးနောက် အိန္ဒိယနှင့် ဒုတိယအများဆုံးကုန်သွယ်ဖက်နိုင်ငံ ဖြစ်လာခဲ့ကြောင်း သိရှိရသည်။

ဆွေးနွေးပွဲတွင် အိန္ဒိယကုန်သွယ်ရေးဝန်ကြီးက အင်ဒိုနီးရှားနိုင်ငံရှိ အိန္ဒိယမော်တော်ယာဉ်နှင့် အစိတ်အပိုင်းထုတ်လုပ်သူ လုပ်ငန်းရှင်များ ရင်ဆိုင်နေရသည့် သွင်းကုန်ခွဲတမ်း ကန့်သတ်ချက်ဆိုင်ရာ ကိစ္စများနှင့် စပ်လျဉ်း၍လည်း ဆွေးနွေးပြောကြားခဲ့သည်။

ထို့ပြင် အိန္ဒိယကုန်သွယ်ရေးဝန်ကြီးက အိန္ဒိယနိုင်ငံထုတ် အေးခဲကျွဲသား(Halal) များကို အင်ဒိုနီးရှားဆိပ်ကမ်းများမှတစ်ဆင့် သွင်းကုန်လုပ်ငန်းရှင်များထံ ကန့်သတ်ချက်မရှိ လွတ်လပ်စွာ တိုက်ရိုက် တင်ပို့ရောင်းချနိုင်ရေး ခွင့်ပြုပေးရန်ကိုလည်း အင်ဒိုနီးရှားဘက်သို့ အဆိုပြုတောင်းဆိုခဲ့ရာ အရည်အသွေးပြည့်မီသည့် ကာလတစ်လျှောက်လုံး တရားဝင် ခွင့်ပြုထားသည့် ပို့ကုန်လုပ်ငန်းရှင်များထံမှ ပမာဏအကန့်အသတ်မရှိ ဝယ်ယူတင်သွင်းရန် ခွင့်ပြုမည်ဟု အင်ဒိုနီးရှားဘက်က အတည်ပြုပြောကြားခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံထွက် သံပရာ၊ ကြက်ဟင်းခါး၊ စပျစ်နှင့် ဖရုံကဲ့သို့သော စိုက်ပျိုး ရေး ထွက်ကုန်ပစ္စည်းများနှင့် နို့ထွက်ပစ္စည်းများ ဈေးကွက်ပိုမိုရရှိရန်ကိုလည်း တောင်းဆိုခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် အင်ဒိုနီးရှားဘက်က အိန္ဒိယသို့ တင်ပို့နေသည့် စားအုန်းဆီပို့ကုန်များအတွက် မလေးရှားစားအုန်းဆီများနည်းတူ အခွန်နှုန်းထားတန်းတူခွင့်ပြုပေးရန် တောင်းဆိုခဲ့ကြောင်း၊ လက်ရှိတွင် အိန္ဒိယသို့ တင်ပို့နေသည့် အင်ဒိုနီးရှားစားအုန်းဆီများသည် မလေးရှားစားအုန်းဆီများထက် အခွန် ၅ ရာခိုင်နှုန်း ပိုမိုပေးဆောင်နေရကြောင်း၊ အင်ဒိုနီးရှား၏ ယင်းအဆိုပြုချက်အပေါ် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဖြေရှင်းပေးသွားမည်ဟု အိန္ဒိယကုန်သွယ်ရေးဝန်ကြီးက ပြန်လည်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရှိရသည်။

**ယဉ်ယဉ်နွယ်**

# အိန္ဒိယနိုင်ငံ၏ နွေသီးနှံစိုက်ပျိုးမှု ယခင်နှစ်အောက် ၉ ရာခိုင်နှုန်းနီးပါး လျော့နည်းကျဆင်း

အိန္ဒိယစိုက်ပျိုးရေးနှင့် တောင်သူ လယ်သမားရေးရာ ဝန်ကြီးဌာနက ထုတ်ပြန်ထားသော အချက်အလက်များ အရ နိုင်ငံအတွင်းရှိ တောင်သူလယ်သမားများသည် နွေသီးနှံများကို ဟက်တာဧက ၄၁ ဒသမ ၃ သန်းခန့်သာ စိုက်ပျိုးပြီးစီးကာ ယခင်နှစ်ထက် ၈ ဒသမ ၆ ရာခိုင်နှုန်း လျော့နည်းနေကြောင်း သိရှိရသည်။

အချက်အလက်များအရ အိန္ဒိယနိုင်ငံ၌ စိုက်ပျိုးမြေ၏ တစ်ဝက်နီးပါးခန့်မှာ ဆည်ရေ မရရှိကြဘဲ၊ နွေသီးနှံများကို ဇွန် ၁ ရက်မှ စတင်စိုက်ပျိုးလေ့ရှိကာ ဇူလိုင်လကုန်ထိ ဆက်လက် စိုက်ပျိုးလေ့ရှိကြကြောင်း၊ နွေသီးနှံများအနက် ဆန်စပါးသည် အဓိက စိုက်ပျိုးသီးနှံတစ်ခုဖြစ်ပြီး၊ ဇူလိုင် ၁၁ ရက်ထိ စာရင်းများအရ ယခုနှစ်တွင် နွေစပါး ဧက ၉ ဒသမ ၈ သန်းသာရှိခဲ့ရာ ယခင်နှစ်တွင် ရှိခဲ့သည့် ဧက ၁၁ သန်းအောက် သိသိသာသာ လျော့နည်းနေကြောင်း၊ ပြောင်းစိုက်ပျိုးပြီးစီးမှုအနေဖြင့်မူ ဟက်တာဧက ၄ ဒသမ ၁ သန်းခန့် ရှိပြီဖြစ်ကြောင်း၊ ဝါစိုက်ဧကမှာမူ ယခင်နှစ်ကဲ့သို့ပင် ဟက်တာဧက ၇ ဒသမ ၈ သန်းခန့်ပြီးစီးပြီဖြစ်ကြောင်း၊ အခြားသီးနှံများဖြစ်သည့် ပဲမျိုးစုံနှင့် ကြံစိုက်ဧကမှာလည်း ယခင်နှစ်အောက်သို့ လျော့နည်းလျက်ရှိကြောင်း သိရှိရသည်။

ယခုထုတ်ပြန်ထားသည့် စိုက်ဧက နွေသီးနှံစိုက်ဧက အချက်အလက်များမှာ လောလောဆယ်ယာယီ ထုတ်ပြန်ထားခြင်းဖြစ်ပြီး ဇွန် - စက်တင်ဘာ မုတ်သုံရာသီအပြီးတွင် နောက်ဆုံးအတည်ပြုချက် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **ယဉ်ယဉ်နွယ်**

# စင်ကာပူ၏ GDP တိုးတက်မှုနှုန်းမှာ ၂၀၁၉ ခုနှစ် ဒုတိယသုံးလပတ်တွင် သုည ဒသမ ၁ ရာခိုင်နှုန်းသာရှိ

စင်ကာပူ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက ၂၀၁၉ ခုနှစ် ဇူလိုင် ၁၂ ရက်တွင် ထုတ်ပြန်သည့် သတင်းအရ စင်ကာပူ၏ GDP တိုး တက်မှုနှုန်းသည် ယခင်နှစ်အလားတူ ကာလနှင့် နှိုင်းယှဉ်ပါက ၂၀၁၉ ခုနှစ်၊ ဒုတိယသုံးလပတ် (ဧပြီလမှ ဇွန်လထိ) တွင် သုည ဒသမ ၁ ရာခိုင်နှုန်းသာ တိုးတက်ခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ်၊ ပထမ သုံးလပတ်တွင် ဖြစ်ပေါ်ခဲ့သော GDP တိုးတက်မှုနှုန်း ၁ ဒသမ ၁ ရာခိုင်နှုန်းထက် သိသာထင်ရှားစွာ ကျဆင်းခဲ့ကြောင်းနှင့် ၂၀၀၉ ခုနှစ်၊ ဒုတိယသုံးလပတ်မှ ၂၀၁၉ ခုနှစ်၊ ဒုတိယသုံးလပတ်အထိ ၁၀ နှစ်တာကာလအတွင်း တိုးတက်မှုနှုန်း အနည်းဆုံး အခြေအနေသို့ ရောက်ရှိခဲ့ကြောင်း သိရှိရသည်။

ဤကဲ့သို့ တိုးတက်မှုနှုန်း ကျဆင်းခဲ့သည့် အဓိကအကြောင်းရင်းမှာ GDP တွင် ငါးပုံတစ်ပုံ ခန့်ထိပါဝင်သည့် ကုန်ထုတ်လုပ်မှုကဏ္ဍ၏ ထုတ်လုပ်မှုကျဆင်းခြင်းကြောင့်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၏ တိုးတက်မှုနှုန်းမှာ ပထမသုံးလပတ်ကာလတွင် သုည ဒသမ ၄ ရာခိုင်နှုန်းသာ ကျဆင်းခဲ့သော်လည်း၊ ဒုတိယ သုံးလပတ်တွင် ၃ ဒသမ ၈ ရာခိုင်နှုန်းအထိ ပိုမိုကျဆင်းခဲ့ကြောင်း၊ အဓိကအားဖြင့် လျှပ်စစ်ပစ္စည်းနှင့် Precision Engineering လုပ်ငန်းများ၏ ထုတ်လုပ်မှုကျဆင်းခဲ့ပြီး၊ အမေရိကန်နှင့် တရုတ်အကြား ကုန်သွယ်ရေးစစ်ပွဲ၏ သက်ရောက်မှုများပင်ဖြစ်ကြောင်း၊ စီးပွားရေးအင်အားကြီး နှစ်နိုင်ငံအကြား ကုန်သွယ်ရေး အားပြိုင်မှုနှင့် ပြဿနာများသည် ၂၀၁၉ ခုနှစ် နောက်ဆုံး သုံးလပတ်ကာလအတွင်းသာ အပြီးသတ် ဆွေးနွေးညှိနှိုင်းနိုင်မည့် အခြေအနေရှိသည့်အတွက် စင်ကာပူ၏ ကုန်ထုတ်လုပ်မှုကဏ္ဍသည် ဆက်လက်ကျဆင်းနိုင်ဖွယ်ရှိကြောင်း စီးပွားရေးပညာရှင်များက ခန့်မှန်းသုံးသပ်ကြသည်။

ထို့ပြင် စင်ကာပူတွင် အစိုးရ၏ ဆောက်လုပ်ရေးစီမံကိန်းလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လာသည့်အတွက် ဆောက်လုပ်ရေးကဏ္ဍ၏ တိုးတက်မှုအခြေအနေမှာ ပထမသုံးလပတ်တွင် ၂ ဒသမ ၇ ရာခိုင်နှုန်းထိ တိုးတက်ခဲ့သော်လည်း ဒုတိယသုံးလပတ်တွင် ၂ ဒသမ ၂ ရာခိုင်နှုန်းသာ ဖြစ်ပေါ်ခဲ့သည့်အတွက် တိုးတက်မှုအရှိန် အနည်းငယ်ကျဆင်းခဲ့ကြောင်းနှင့် ဝန်ဆောင်မှုကဏ္ဍ၏ တိုးတက်မှုနှုန်းမှာ ၁ ဒသမ ၂ ရာခိုင်နှုန်းဖြင့် ပြောင်းလဲမှုမရှိခဲ့ကြောင်း ဖော်ပြထားသည်။

**မြတ်နိုး**

# အိန္ဒိယနိုင်ငံက ပဲစင်းငုံ တန်ချိန် နှစ်သိန်း တိုးမြှင့်ဝယ်ယူမည်

အိန္ဒိယနိုင်ငံ၌ ၂၀၁၉ ခုနှစ် အတွင်း ပဲစင်းငုံ တင်သွင်းခွင့် ကိုတာသတ်မှတ်ချက်ကို မူလက တန်ချိန် နှစ်သိန်း သတ်မှတ်ထားရာမှ နောက်ထပ် တန်ချိန် နှစ်သိန်း တိုးမြှင့်ဝယ်ယူမည်ဖြစ်ကြောင်း ဇွန် ၁၁ ရက်၌ စားသုံးသူရေးရာ၊ စားသောက်ကုန်နှင့် ပြည်သူ့ဖြန့်ဖြူးရေးရာဝန်ကြီး Mr. Ram Vilas Paswan က ပြောကြားခဲ့သည်။

ယခုအခါ အိန္ဒိယနိုင်ငံ ကူးသန်း ရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၏ ဇူလိုင် ၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် S.O. No.2322(E) အရ ပဲစင်းငုံ တင်သွင်းခွင့် ကိုတာသတ်မှတ်ချက်အား စုစုပေါင်း တန်ချိန် လေးသိန်းအထိ တိုးမြှင့် တင်သွင်းခွင့်ပြုလိုက်ကြောင်း ပြည်ပကုန်သွယ်မှု ညွှန်ကြားရေးဦးစီးဌာန (DGFT) က ဇူလိုင် ၅ ရက်တွင် ကုန်သွယ်မှု အသိပေးချက် ထုတ်ပြန်လျက် အတည်ပြုလိုက်ပြီဖြစ်သည်။

၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ပဲစင်းငုံ တင်သွင်းခွင့်နှင့် စပ် လျဉ်း၍ မူလသတ်မှတ်ထားသည့် တန်ချိန် နှစ်သိန်းအတွက် အပြီးသတ် ကိုတာခွဲဝေမှုကို ဆောင်ရွက်ခဲ့ပြီးဖြစ်ရာ ကျန်ရှိသော ထပ်တိုး တန်ချိန် နှစ်သိန်းအတွက် ပြည်တွင်းရှိ သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် ၂၀၁၉ ခုနှစ် ဇူလိုင် ၆ ရက်မှ ၁၅ ရက်အတွင်း အင်တာနက်အွန်လိုင်းမှ ကိုတာလျှောက်လွှာများ တင်သွင်းရန် DGFT မှ ကုန်သွယ်ရေး အသိပေးချက် ထုတ်ပြန်ထားသည်။

ထပ်တိုး ပဲစင်းငုံ ကိုတာတန်ချိန် နှစ်သိန်းအား တင်သွင်းခွင့် ရရှိသည့် ကုမ္ပဏီများသည် ၃၁-၁၀-၂၀၁၉ ရက်တွင် အိန္ဒိယနိုင်ငံ ဆိပ်ကမ်းအရောက် တင်သွင်းရမည်ဖြစ်ကြောင်း သိရှိရသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်တွင် လိုက်ပါဆောင်ရွက်မှု (၁)

**ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ပွင့်လင်းမြင်သာရှိမှုဆိုင်ရာ တာဝန်ဝတ္တရား**

အဖွဲ့ဝင်နိုင်ငံများအားလုံးသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ပွင့်လင်းမြင်သာမှုဆိုင်ရာ တာဝန်ဝတ္တရားများကို လိုက်ပါဆောင်ရွက်ရန် တာဝန်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် အောက်ပါအချက်များကို အခြေခံ၍ ဆောင်ရွက်ပါသည်-

* ကုန်သွယ်မှုတွင် ပါဝင်ပတ်သက် ဆက်နွှယ်သူများအားလုံးသည် ကုန်သွယ်မှုအခြေအနေကို တတ်နိုင်သမျှသိရှိထားရန် လိုအပ်ပါသည်။
* ထို့အတွက် အခြေခံအားဖြင့် နိုင်ငံများ၏ ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် မူဝါဒများက ပွင့်လင်းမြင်သာမှုရှိရန် အရေးကြီးသည်။
- ပွင့်လင်းမြင်သာမှုရှိရေးအတွက် ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့တွင် နည်းလမ်းနှစ်သွယ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ယင်းတို့မှာ (က) ပုံမှန်အသိပေးကြောင်းကြားစာများမှတစ်ဆင့် ကျင့်သုံးသည့် စည်းမျဉ်းများ၊ မူဝါဒများ (သို့မဟုတ်) ဥပဒေများကို ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့သို့ အသိပေးအကြောင်းကြားခြင်း (Notification ပြုလုပ်ခြင်း)နှင့် (ခ) အဖွဲ့ဝင်များ၏ ကုန်သွယ်မှုမူဝါဒများကို ပုံမှန်ဆန်းစစ်မှုများ ပြုလုပ်ခြင်း (Trade Policy Review) တို့ဖြစ်သည်။

**ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်**

ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်း လုပ်ငန်းစဉ်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်မှာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သဘောတူညီချက် (Marrakesh Agreement) ၏ Annex-3 တွင် ဖော်ပြထားသည့်အတိုင်း အဖွဲ့ဝင်နိုင်ငံများမှ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သဘောတူညီချက်များ အောက်တွင် ပြုလုပ်ထားသော ကတိကဝတ်များ၊ စည်းကမ်းများ၊ အဖွဲ့ဝင်နိုင်ငံအားလုံး၏ စည်းမျဉ်းများကို လိုက်နာမှု တိုးမြှင့်လာနိုင်စေရေးကို အထောက်အပံ့ပေးရန် ရည်ရွယ်ပါသည်။ ထို့ပြင် အဖွဲ့ဝင် နိုင်ငံများ၏ ကုန်သွယ်ရေးမူဝါဒများ၊ လက်တွေ့ဆောင်ရွက်နေမှုများတွင် ပိုမိုကောင်းမွန်သော ပွင့်လင်းမြင်သာမှုကို မြှင့်တင်ခြင်းအားဖြင့် နိုင်ငံစုံကုန်သွယ်မှုစနစ်အား ပိုမိုအားကောင်းခိုင်မာလာစေရေးကို အထောက်အကူပြုသွားနိုင်ရန်လည်းဖြစ်သည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံတိုင်းသည် ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့မှ ချမှတ်ထားသော အခြေခံမှုများ၊ စည်းမျဉ်း စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် သဘောတူညီချက်များကို လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ရန်တာဝန်ရှိသည်။ အဆိုပါတာဝန်များတွင် အဖွဲ့ဝင်နိုင်ငံတိုင်း၏ ကုန်သွယ်မှုမူဝါဒများကို လေ့လာဆန်းစစ်၍ ကျန်အဖွဲ့ဝင်နိုင်ငံများသို့ ထင်သာမြင်သာရှိစေရန် ချပြဆောင်ရွက်ရသည့် ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်မှာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အလွန်အရေးပါ၍ အောင်မြင်သော အဓိကလုပ်ငန်းစဉ်ကြီးဖြစ်သည်။

ကုန်သွယ်မှုမူဝါဒ ဆန်းစစ်ခြင်းလုပ်ငန်းစဉ်သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သဘောတူညီချက်များအရ အဖွဲ့ဝင်နိုင်ငံများ၏ ကုန်သွယ်မှုနှင့်ဆက်စပ်မူဝါဒများအား သတ်မှတ်ထားသည့် အချိန် ကာလအပိုင်းအခြားအလိုက် ပြန်လည်ဆန်းစစ်လေ့လာသုံးသပ်ခြင်းဖြစ်ပြီး ယင်းလုပ်ငန်းစဉ်အား ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံအားလုံးမှ မဖြစ်မနေ လိုက်ပါဆောင်ရွက်ရန် တာဝန်ရှိပါသည်။

**ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်တွင် လိုက်ပါဆောင်ရွက်ရသည့် အဓိကအချက်များ**

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်း လုပ်ငန်းစဉ်တွင် အဓိကအပိုင်းသုံးပိုင်းပါဝင်ပါသည်။ ယင်းတို့မှာ (က) ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အတွင်းရေးမှူးရုံးမှ ပြုစုတင်ပြသော အစီရင်ခံစာ (WTO Secretariat Report)၊ (ခ) သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံ၏ အစိုးရအနေဖြင့် ပြုစုတင်ပြသော အစီရင်ခံစာ (Government Report) နှင့် (ဂ) အဖွဲ့ဝင်နိုင်ငံများမှ မေးမြန်းသော မေးခွန်းများကို ဖြေကြားတင်ပြခြင်းတို့ဖြစ်ပါသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အတွင်းရေးမှူးရုံးမှ ပြုစုတင်ပြ သောအစီရင်ခံစာအပိုင်းတွင် အတွင်းရေးမှူးအဖွဲ့မှ ကျွမ်းကျင်သူများက သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံ၏ ကုန်သွယ်မှုဆိုင်ရာ မူဝါဒများ ချမှတ်ကျင့်သုံးနေမှုနှင့် ယင်းမူဝါဒများအပေါ် လိုက်ပါဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍ လေ့လာ တွေ့ရှိချက်များကို စိစစ်တင်ပြထားပါသည်။

သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံ၏ အစိုးရအနေဖြင့်ပြုစုတင်ပြသော အစီရင်ခံစာတွင် ကုန်သွယ်မှုမူဝါဒဆန်းစစ်သည့်ကာလအတွင်း၌ မူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သဘောတူညီချက်များနှင့်အညီ လိုက်ပါဆောင်ရွက်မှုအခြေအနေများနှင့် ယင်းသို့ဆောင်ရွက်မှုများကြောင့် ကုန်သွယ်မှုဆိုင်ရာဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများကို တင်ပြခြင်းတို့ ပါဝင်ပါသည်။

အဖွဲ့ဝင်နိုင်ငံများမှ မေးမြန်းသောမေးခွန်းများကို ဖြေကြားတင်ပြခြင်းတွင် အတွင်းရေးမှူးရုံးအဖွဲ့၏ အစီရင်ခံစာနှင့် အစိုးရ၏အစီရင်ခံစာပါ အချက်များနှင့်ပတ်သက်၍ မရှင်းလင်းသည့် အချက်များ၊ ပိုမိုသိရှိလိုသည့်အချက်များ၊ ၎င်းတို့၏ယူဆချက်များနှင့် ထောက်ပြစိစစ်သည့် အချက်များ၊ အခြားသောဆက်စပ်သဘောထားမှတ်ချက်များနှင့်ပတ်သက်သော မေးခွန်းများအတွက် သတ်မှတ်အချိန်ဇယားအတိုင်း ပြန်လည်ဖြေကြားပေးရခြင်းဖြစ်သည်။

**ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်မှ ရရှိသော အကျိုးကျေးဇူးများ**

ယေဘုယျအားဖြင့် အဖွဲ့ဝင်နိုင်ငံ၏ ကုန်သွယ်မှုဆိုင်ရာမူဝါဒ များကိုပြန်လည်သုံးသပ်ခြင်းဖြင့် အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များနှင့်အညီ ခိုင်မာသောမူဝါဒများပြင်ဆင်ပြောင်းလဲရာတွင် အထောက်အကူဖြစ်စေပြီး မိမိနိုင်ငံနှင့်သင့်လျော်သော ကုန်သွယ်မှု မူဝါဒနည်းဗျူဟာများ ချမှတ်နိုင်ရေးအတွက် လမ်းညွှန်တစ်ခုလည်းဖြစ်စေပါသည်။ ဖွံ့ဖြိုးမှုအနည်းဆုံး LDCs နိုင်ငံများအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများတွင် လိုအပ်သလို ပိုမိုပါဝင်လာနိုင်ရေးအတွက် များစွာအထောက်အပံ့ဖြစ်စေနိုင်ကြောင်း လေ့လာတွေ့ရှိရသည်။

ထို့ပြင် ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ် ဆောင်ရွက်ခြင်းအားဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း သုံးသပ်တွေ့ရှိရပါသည်-

(က) အစိုးရဌာနနှင့် အဖွဲ့အစည်းများ အချင်းချင်း ဆက်သွယ် ညှိနှိုင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာခြင်း၊

(ခ) အစိုးရဌာနနှင့် အဖွဲ့အစည်းများတွင် ချမှတ်ကျင့်သုံးလျက်ရှိသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် စည်းမျဉ်းစည်းကမ်းများ အချင်းချင်းလိုက်လျောညီထွေ သဟဇာတဖြစ်ရန်လိုအပ်မှုကို ပိုမိုနားလည်သဘောပေါက်လာခြင်း၊

(ဂ) အစိုးရဌာနနှင့် အဖွဲ့အစည်းများတွင် ချမှတ်ကျင့်သုံးလျက်ရှိသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် စည်းမျဉ်းစည်းကမ်းများကို အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းဆိုင်ရာအဖွဲ့ အစည်းများ၏ သဘောတူညီချက်များနှင့်အညီ လိုက်လျောညီထွေမှုရှိရန် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ရရှိစေခြင်း။

(ဃ) အဖွဲ့ဝင်နိုင်ငံ၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများအား နိုင်ငံတကာအသိုင်းအဝိုင်းမှ ပိုမိုနားလည်သဘောပေါက်စေခြင်းနှင့်အတူ ပွင့်လင်းမြင်သာရှိမှုတို့ကို ချပြနိုင်ခြင်းဖြင့် နိုင်ငံတကာ၏ ယုံကြည်မှုကို မြှင့်တင်ပေးနိုင်ခြင်း။

(င) ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အသိုင်းအဝန်းတွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ တိုးပွားလာခြင်း။

**ဆက်လက်ဖော်ပြပါမည်။**

**WTO ဌာနခွဲ**

# မြန်မာ့သစ်သီးဝလံနှင့် စားသောက်ကုန်များတင်ပို့ရေးအတွက် ကွမ်ရှီးအစိုးရနှင့် ဆွေးနွေးညှိနှိုင်းခဲ့

တရုတ် ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီး(ကွမ့်)ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ နန်နင်းမြို့မှ စီးပွားရေးသံမှူး ဒေါက်တာ ရွှေစင်ကိုသည် ဇူလိုင် ၁၂ ရက်တွင် နန်နင်းမြို့ စည်ပင်သာယာ ပြည်သူ့အစိုးရ၏ ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ် Mr. Luo Jingwen ဦးဆောင်သောအစိုးရဌာနများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့သည်။ ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံမှ သစ်သီးဝလံများနှင့်စားသောက်ကုန်ထုတ်ပစ္စည်းများ တရုတ်နိုင်ငံတောင်ပိုင်းရှိ ကွမ်ရှီးပြည်နယ်နှင့်အနီးတစ်ဝိုက်ရှိ ပြည်နယ်များ၏ ဈေးကွက်အတွင်း ထိုးဖောက်ဝင်ရောက်နိုင်ရေးအတွက် ချိတ်ဆက်ဆွေးနွေးခဲ့သည်။

အဓိကအားဖြင့် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းမှ ဖြတ်သန်းလျက် လတ်ဆတ်သစ်သီးဝလံများကို ကွမ်ရှီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ တင်သွင်းရာတွင် အကောက်ခွန်နှင့် အပင်ပိုးမွှားပါဝင်မှု စစ်ဆေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ တရုတ်နိုင်ငံ၏ ဈေးကွက်အတွင်းသို့ စိုက်ပျိုးရေးအခြေခံ တန်ဖိုးမြှင့် စားသောက်ကုန်များအပါအဝင် စားသောက်ကုန်များ တင်ပို့ခြင်းနှင့် ဖြန့်ဖြူးခြင်းတို့အတွက် လိုအပ်ချက်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ယခု သွားရောက်ဆွေးနွေးခဲ့မှုတွင် မြန်မာ-ကွမ်ရှီး ကုန်သွယ်မှုမြှင့်တင်ရေး ဆောင်ရွက်ရာ၌ ကွမ်ရှီးပြည်နယ်၏ အစိုးရဌာနပိုင်းမှလည်း ပံ့ပိုးကူညီပေးနိုင်မည့်ဆန္ဒနှင့် အခြေအနေရှိကြောင်း တွေ့ရှိခဲ့သည်။ အနာဂတ်တွင် မြန်မာစီးပွားရေးသံမှူးရုံးသည် နန်နင်းမြို့အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီနှင့် နန်နင်းမြို့စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဗျူရိုတို့နှင့်ပူးပေါင်း၍ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး လှုပ်ရှားမှုများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ယခုနှစ် စက်တင်ဘာလအတွင်း ကျင်းပမည့် (၁၆)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲမတိုင်မီ စီးပွားရေးသံမှူး (နန်နင်းမြို့)၌ မြန်မာ-တရုတ် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းကောင်းများအကြောင်း မိတ်ဆက်ဟောပြောပွဲကို ဇူလိုင် ၂၄ ရက်တွင် ကျင်းပမည်ဖြစ်သည်။ အဆိုပါ ဟောပြောပွဲတွင် မြန်မာနိုင်ငံနှင့် ချိတ်ဆက်ဆောင်ရွက်မှုပြုလုပ်ရန် စိတ်ပါဝင်စားသူ တရုတ်လုပ်ငန်းရှင်များ ဆက်သွယ်လာပါက မိမိဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာ အသင်းအဖွဲ့များသို့ ဆက်သွယ်ပေးခြင်း၊ (၁၆)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲ ကျင်းပစဉ်ကာလအတွင်း မျက်နှာချင်းဆိုင်တွေ့ဆုံဆွေးနွေးနိုင်စေရန် စီစဉ်ပေးခြင်း၊ ရှေ့ဆက်ဆောင်ရွက်မည့် သဘောတူညီချက်များအတွက် ပံ့ပိုးကူညီပေးခြင်းတို့ဖြင့် မြန်မာ-တရုတ် (မြန်မာ-ကွမ်ရှီး) ကုန်သွယ် မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက်လည်းကောင်း၊ မြန်မာ့ထွက်ကုန်များ တရုတ်နိုင်ငံတောင်ပိုင်း ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ရေးအတွက်လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားဖော်ပြအပ်ပါသည်။

**ဒေါက်တာရွှေစင်ကို**
**စီးပွားရေးသံမှူး (နန်နင်းမြို့)**

# ဗီယက်နမ်နိုင်ငံ၏ ငရုတ်ကောင်းတင်ပို့မှု တိုးတက်လာ



ဗီယက်နမ်နိုင်ငံသည် တစ်နှစ်ထက်တစ်နှစ် တန်ဖိုးအားဖြင့် ၂၀ ရာခိုင်နှုန်း တိုးတက်မှုနှင့် အရေအတွက်အားဖြင့် ၅၈ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်မှုတို့ဖြင့် ဇွန်လတွင် ငရုတ်ကောင်းတင်ပို့မှုမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၈၅ သန်းဖြင့် တန်ချိန် (၃၅၀၀၀)တန် တင်ပို့နိုင်ခဲ့ပါကြောင်းနှင့် အဆိုပါသတင်းအချက်အလက်အား စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ သွင်းကုန်နှင့် ပို့ကုန်ဌာနခွဲက ထုတ်ပြန်ခဲ့သည်။

ဗီယက်နမ်နိုင်ငံ ဈေးကွက်ရှိ ငရုတ်ကောင်းဈေးနှုန်းအား ပြီးခဲ့သောလဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၁ ရာခိုင်နှုန်း မှ ၄ ဒသမ ၅ ရာခိုင်နှုန်းသို့ တိုးတက်မှုဖြင့် ဖော်ပြထားသော ကမ္ဘာ့ဈေးနှုန်းများထက် များပြားနေပါကြောင်းအား အဆိုပါဌာနခွဲက ပြောကြားခဲ့သည်။

Ba Ria Vung Tau ပြည်နယ်တောင်ဘက်ပိုင်းတွင် ငရုတ်ကောင်း အမြင့်ဆုံးဈေးနှုန်း VND ၄၇၀၀၀ ရှိနေသည့်အချိန်တွင် Dong Nai ပြည်နယ်တောင်ဘက်ပိုင်းတွင် အနိမ့်ဆုံးဈေးနှုန်းမှာ တစ်ကီလိုလျှင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ နှင့်ညီမျှသော VND ၄၄၀၀၀ ဖြစ်ကြောင်းနှင့် ဗီယက်နမ်နိုင်ငံ၏ ဇွန်လတွင် ငရုတ်ကောင်းတင်ပို့မှုမှာ ပြီးခဲ့သောလနှင့် နှိုင်းယှဉ်ပါက တန်ဖိုးအားဖြင့် ကိုးရာခိုင်နှုန်းနှင့် အရေအတွက်အားဖြင့် ၇ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းမှုတို့ဖြင့် တန်ဖိုး အမေရိကန်ဒေါ်လာ ၈၅ သန်းဖြင့် တန်ချိန် ၃၅၀၀၀ တန် တင်ပို့နိုင်ခဲ့ကြောင်း ခန့်မှန်းထားပြီး၊ ပျမ်းမျှဈေးနှုန်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၄၂၉ ဖြစ်ကြောင်း သိရှိရ သည်။

ယခုနှစ်၏ ပထမခြောက်လအတွင်း ဗီယက်နမ်နိုင်ငံသည် တစ်နှစ်ထက်တစ်နှစ် ၂၅ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းမှုဖြင့် အစီရင်ခံစာတွင် ဖော်ပြထားသော ဝင်ငွေ အမေရိကန်ဒေါ်လာ ၄၆၁ သန်းအရ ငရုတ်ကောင်း(အနက်) တန်ချိန် (၁၈၁၀၀၀) တန် တင်ပို့ခဲ့ကြောင်းနှင့် လာမည့်လများအတွင်း ငရုတ်ကောင်းတင်ပို့မှုများမှာ အဓိကသီးနှံရိတ်သိမ်းမှုကို ပြင်ဆင်ထားသော ဘရာဇီးနှင့် အင်ဒိုနီးရှားနိုင်ငံတို့ကြောင့် အခက်အခဲများကို ရင်ဆိုင်ရဖွယ် ရှိနိုင်ကြောင်းအား သွင်းကုန်နှင့် ပို့ကုန်ဌာနခွဲက ကြိုတင်ခန့်မှန်းထားသည်။

ကမ္ဘာ့ဈေးကွက်တွင် ငရုတ်ကောင်းများ ပေါကြွယ်ဝသော်လည်း ဇွန်လတွင် ငရုတ်ကောင်းဈေးနှုန်းများ မြင့်မားခဲ့ကြောင်းနှင့် လောလောဆယ် ကမ္ဘာအနှံ့ငရုတ်ကောင်း ရောင်းလိုအားများသည် ဝယ်လိုအားထက် ကျော်လွန်နေပြီး လာမည့်နှစ်များတွင် ငရုတ် ကောင်းထွက်ရှိမှုသည် တစ်ဟုန်ထိုး ဆက်လက်မြင့်မားလာမည်ဖြစ်ကြောင်းနှင့် ဗီယက်နမ်အပါအဝင် ငရုတ်ကောင်းထွက်ရှိသော နိုင်ငံအများစုတွင် အရေးပါသော ကုန်ပစ္စည်းပမာဏများရှိလာလိမ့်မည်ဟု ဗီယက်နမ်နိုင်ငံ ငရုတ်ကောင်းအသင်း၏ ပြောကြားချက်အရ သိရှိရပါသည်။

**Source; vietnamnews.vn**

**ချိုချိုမာ(ရန်ကုန်)**

# တရုတ်နိုင်ငံသို့ အိန္ဒိယပို့ကုန်များ တိုးမြှင့်နိုင်မည့် အလားအလာရှိ



တရုတ်နိုင်ငံသည်တန်ဖိုးအားဖြင့် ဒေါ်လာ ၂၀ ဒသမ ၄ ဘီလီယံခန့်ရှိသည့် အမေရိကန်နိုင်ငံ၏ ပို့ကုန်အမျိုးအမည် စုစုပေါင်း ၇၇၄ ခုအပေါ် အခွန် တိုးမြှင့် ကောက်ခံသွားမည်ဖြစ်ရာ ဤအခြေအနေတွင် အိန္ဒိယနိုင်ငံအနေဖြင့် ဈေးနှုန်းအရ အားသာချက်ကိုရယူ၍ အမေရိကန်ကုန်စည်များ၏ တရုတ်နိုင်ငံဈေးကွက်ဝေစုနေရာသို့ အစားထိုးဝင်ရောက်နိုင်ရေး လုပ်ဆောင်လာဖွယ်ရာရှိသည်။ လက်ရှိကာလ၌ အိန္ဒိယနိုင်ငံ သည် အလားတူကုန်စည်များကို ကမ္ဘာတစ်ဝန်းသို့ တင်ပို့ လျက်ရှိရာ တန်ဖိုးအားဖြင့် ဒေါ်လာ ၃၂ ဒသမ ၈ ဘီလီယံခန့် ရှိပြီး တရုတ်နိုင်ငံသို့ တင်ပို့မှုမှာ ဒေါ်လာ ၂ ဒသမ ၉ ဘီလီယံ ခန့်ရှိသည်။

ဌာနတွင်း သုတေသနပြု လေ့လာတင်ပြသည့် အစီရင်ခံစာတစ်စောင်အရ အိန္ဒိယကုန်စည်အမယ်ပေါင်း ၁၅၁ ခုသည် အမေရိကန်၏ တရုတ်နိုင်ငံသို့ တင်ပို့နေသည့် ကုန်စည်များနေရာတွင် ဈေးကွက်ဝင်ရောက်နိုင်သည့် အလားအလာများရှိကြောင်း အိန္ဒိယနိုင်ငံကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက ထုတ်ဖော်ပြောဆို သည်။ တရုတ်နိုင်ငံသို့ တင်ပို့သည့် အမေရိကန်နိုင်ငံထုတ် ဓာတုပစ္စည်းများမှာ အခွန် ငါးရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းအထိ စည်းကြပ်မှုခံ နေရချိန်တွင် အိန္ဒိယ၏ အလားတူပို့ကုန်များမှာ နှစ်ရာခိုင်နှုန်း မှခုနစ်ရာခိုင်နှုန်းခန့်သာ အခွန်ပေးဆောင်ရမည်ဖြစ်သည်။ အိန္ဒိယနိုင်ငံသည် တရုတ်နိုင်ငံနှင့် ကုန်သွယ်ရာတွင် ၂၀၁၈-၁၉ ဘဏ္ဍာနှစ်၌ သွင်းကုန်တန်ဖိုးဒေါ်လာ ၇၀ ဒသမ ၃၂ ဘီလီယံခန့်ရှိပြီး ပို့ကုန်တန်ဖိုးဒေါ်လာ ၁၆ ဒသမ ၇၅ ဘီလီယံခန့်သာရှိရာ ကုန်သွယ်မှုလိုငွေပြလျက်ရှိသည်။ အိန္ဒိယ၏ တရုတ်နိုင်ငံသို့ အဓိကပို့ကုန်များမှာ O-Xylene P-Xylene ကဲ့သို့သော အောဂဲနစ် ဓာတုပစ္စည်းများ၊ တွင်းထွက်လောင်စာပစ္စည်းများ၊ သံနှင့်ကြေးနီကဲ့သို့သော ဓာတ်သတ္တုများ၊ ဝါဂွမ်းနှင့် ပလတ်စတစ်ပစ္စည်းများ ဖြစ်ကြသည်။

သို့ဖြစ်ရာ အိန္ဒိယအစိုးရအနေဖြင့် ရရှိလာသည့် အခွင့်အရေးကို လက်လွတ်မခံဘဲ မိမိနိုင်ငံထွက် လက်ရှိဈေးကွက်ရရှိပြီး ကုန်စည်အမယ်များအပြင် အခြား သော စက်မှုထုတ်ကုန်များနှင့် ဆေးဝါးပစ္စည်းများကို တရုတ်နိုင်ငံသို့ တိုးမြှင့် တင်ပို့နိုင်ရေး မဟာဗျူဟာများ ချမှတ်ဆောင်ရွက်သွားဖွယ် ရှိနေသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ နယူးဒေလီမြို့။**

# အစားအသောက်နှင့် အလှကုန်များအား ကွင်းဆင်းစစ်ဆေး

မြိတ်ခရိုင် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီတွင်ပါဝင်သည့် ခရိုင်ပြည်သူ့ ကျန်းမာရေးဦးစီးဌာန၊ ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ခရိုင်စားသုံးသူ ရေးရာဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ခရိုင်ရဲတပ်ဖွဲ့နှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့သည် ဇူလိုင် ၁၈ ရက်က တပ်ပြင်ရပ်၊ တပ်ပြင်ဈေးကြီးအတွင်းရှိ အစားအသောက်နှင့် အလှကုန်ဆိုင်များအား ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာတွင် တပ်ပြင်ဈေးကြီးအတွင်းရှိ အလှကုန်ဆိုင်အချို့မှ မာကျူရီပါဝင်နေသော အလှကုန်၊ တားမြစ်ထားသော အလှကုန်များ တွေ့ရှိရသဖြင့်နောက်နောင် ရောင်းချခြင်းမပြုရန် ခံဝန်ကတိလက်မှတ်ရေးထိုး၍ကော်မတီမှသိမ်းဆည်းခဲ့ကြသည်။ စားသောက်ကုန်ပစ္စည်းအရောင်းဆိုင်များမှလည်း စားသောက်ကုန်များနှင့်ပတ်သက်၍ဘေးအန္တရာယ်ရှိသော စားသောက်ကုန်များမတွေ့ရှိရသော်လည်း ထပ်မံ၍ဘေးအန္တရာယ်ရှိသော စားသောက်ကုန်များ လျော့နည်းစေရန်အတွက်ဈေးအတွင်းရှိ ဆိုင်များမှ (ပဲပြား၊ မျစ်ချဉ်၊ ပုစွန်တုတ်(ကိုးရီးယား)၊ ကဏန်းတုံး (ကိုးရီးယာ)၊ ပုစွန်လုံး၊ ကြက်သားချောင်းနီ၊ ချဉ်ဖတ်၊ ယိုးဒယားစာသားပါ ရှမ်းအချဉ်၊ ချင်းချဉ်၊ သုံးထပ်ပေါင်မုန့်၊ ငပိ၊ ရှမ်းမအချဉ်ရည်)များကို စံနမူနာအဖြစ်ကောက်ယူခဲ့၍ ခရိုင် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ကော်မတီရှေ့တွင် လက်တွေ့စစ်ဆေးခဲ့ကြသည်။

**ကျော်ဝင်းနိုင်(မြိတ်)**

# စက်မှုလက်မှုပညာသင်တန်းကျောင်း( ဘားအံ )၌ သင်တန်းများဖွင့်လှစ်

ကရင်ပြည်နယ်၊ ဘားအံမြို့တွင် ဒေသခံလူငယ်များပုံမှန်ပညာရေးကိုသင်ကြားခွင့်မရခဲ့သည့် ဒေသခံလူငယ်များကို အသက်မွေးဝမ်းကျောင်းပညာ ရပ်များသင်ကြားပေးပြီး ဆက်စပ်သည့် အလုပ်အကိုင်များ ရရှိလုပ်ကိုင်နိုင်စေရန်နှင့်သင်ကြားပေးသည့် ပညာရပ်ကိုအသုံးပြု၍ ဒေသခံလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ပြီး ဒေသတွင်း စီးပွားရေးနှင့်နည်းပညာတိုးတက်ရေးကိုရည်ရွယ်၍ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနနှင့် BridgeAsia Japan (BAJ) တို့ပူးပေါင်း၍ ဆောက်လုပ်ရေးသင်တန်းအမှတ်စဉ်(၁၀)၊ လျှပ်စစ်သင်တန်းအမှတ်စဉ်(၁၀)၊ မော်တော်ယာဉ် /စက်ပြင်သင်တန်းအမှတ်စဉ် (၉)၊ ဂဟေသင်တန်းအမှတ်စဉ် (၈)သင်တန်းများကို စက်မှုလက်မှု ပညာသင်တန်းကျောင်း(ဘားအံ)တွင် ဇူလိုင် ၈ ရက်မှစတင်ကာ ရက်သတ္တပတ် ၂၂ ပတ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်သည်။

သင်တန်းပို့ချရာတွင် ကျွမ်းကျင်မှုရရှိစေရန်အတွက် စာတွေ့သာမက လက်တွေ့ထိပါ သင်ကြားပို့ချမည်ဖြစ်ပြီး နေထိုင်စားသောက်စရိတ်နှင့် သင်ထောက်ကူအခမဲ့သင်တန်းဖြစ်ကြောင်းနှင့် ယခု ဖွင့်လှစ်သော သင်တန်းများတွင် ဆောက်လုပ်ရေး ၂၀ ဦး၊ လျှပ်စစ် ၂၀ ဦး၊ ဂဟေ ၂၀ ဦးနှင့် မော်တော် ယာဉ်/ စက်ပြင် ၃၀ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရှိရသည်။

**အိအိခိုင် (ကရင်ပြည်နယ်)**


နေပြည်တော်နှင့် မျဉ်းမနားရှိ CHERRY OO ဆိုင်ခွဲများ၏
LUCKY DRAW အစီအစဉ်
ကျပ် (၃၀,၀၀၀) နှင့်အထက် နာရီဝယ်ယူသူတိုင်း ကံစမ်းရရှိနိုင်မည့် အခွင့်အရေး
Honda Blade 110
ဆိုင်ကယ် ( 3 ) စီး
Samsung Galaxy A-50
Handset ( 5 ) လုံး
RedMi 7
Handset ( 10 ) လုံး
CHERRY OO ( OCEAN )
PH : 09 4200 472 67 , 09 977 122 584
PH : 09 2500 263 31 , 09 977 122 586
CHERRY OO ( CAPITAL )
PH : 09 977 122 583
PH : 09 977 122 585
PROMOTION PERIOD - JULY ~ AUGUST
Contact
09 730 222 48, 09 451 522 228
https://www.facebook.com/cherryoowatchgallery


မြင့်မြတ်တော်ဝင်
ဦးနှောက်နှင့် စိတ်ပိုင်းဆိုင်ရာ
ဆေးရုံ
(၂၄) နာရီဖွင့်လှစ်သည်။
G-13/15, Pyay Rd.,
Diamond Condo,
Tower-B, Kamayut Tsp., Yangon.
Ph : 0932006350


အဘထ
'ထ' အမှတ်တံဆိပ်
သွေးပေါင်ချိန်ကိုထိန်းညှိပေးမယ့်
သွေးတိုးကျ ခေါင်းကြည်ဆေး
ရှာတိုင်းကျန်းမာ အဘထ ဆေးဝါး
အမှတ်(၁၅၀)၊ မြို့ပတ်လမ်း၊ ရွာမအနောက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။







အမှတ်(၄၂-အေ)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ (ဆွေထိုင်းစားသောက်ဆိုင်ရှေ့) Ph: 09 448882944

COMMERCE
INTERNATIONAL

# ပင်ရင်းနိုင်ငံ အထောက်အထားထက် ထုတ်ကုန်အရည်အသွေးက ပိုမိုအရေးပါ




ထုတ်ကုန်များကို အမှတ်တံဆိပ်တပ်ခြင်းနှင့်ပတ်သက်၍ ဗီယက်နမ်နိုင်ငံတွင် စည်းမျဉ်းဥပဒေများ ရှိထားပြီးဖြစ်သော်လည်း ထုတ်ကုန်များကို 'Made in Vietnam'ဟု အမှတ်တံဆိပ်တပ်ရာတွင် စံနှုန်းသတ်မှတ်ချက်မရှိသေးကြောင်း ဗီယက်နမ်နယူးစ်အေဂျင်စီသတင်းတွင်ဖော်ပြသည်။

ဟန္တိုင်းမြို့၌ ဇူလိုင် ၁၇ ရက်က ကျင်းပသော နှီးနှောဖလှယ်ပွဲတစ်ခုတွင် ဗီယက်နမ် ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်း(VCCI) ရှိ ကူးသန်းရောင်းဝယ်ရေးအထောက်အထား အသိအမှတ်ပြု လက်မှတ်များ ထုတ်ပေးရေးစင်တာမှ ညွှန်ကြားရေးမှူး ထရမ်သီသူဟောင်က ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

VCCI မှ ကိုယ်စားလှယ်များ၏ အဆိုအရ အမှတ်တံဆိပ် တပ်ရမည့် ထုတ်ကုန်တစ်ခုချင်းအလိုက် သက်ဆိုင်ရာ နိုင်ငံတစ်ခုချင်းက ကိုယ်ပိုင်သီးခြားပြဋ္ဌာန်းချက်များရှိကြောင်း သိရသည်။

ဥပမာ အမေရိကန်သို့ တင်ပို့သောအခါ ပင်ရင်းနိုင်ငံ၌ထုတ်ကုန်များအားလုံးကို အမှတ်တံဆိပ်တပ်ရမည်ဟု အမေရိကန်က ပြဋ္ဌာန်းထားသည်။

သစ်သီးကဲ့သို့သော အမှတ်တံဆိပ်ကပ်ရန်မလိုသော ကုန်ပစ္စည်းများမှအပ ကျန်ပစ္စည်းများ၏ထုပ်ပိုးပစ္စည်းများအပေါ်တွင် အမှတ်အသားများ ကပ်ပေးရမည်။

တရုတ်နိုင်ငံက သူ့နိုင်ငံတွင်းကို တင်သွင်းလာသော အစားအစာထုတ်ကုန်များ၊ အီးယူက အစားအစာနှင့် အလှကုန်ပစ္စည်းများ၊ ဂျပန်နိုင်ငံက သူ့နိုင်ငံအတွင်း တင်သွင်းလာသော အစားအစာများနှင့် ရုရှားနိုင်ငံက လူသုံးကုန်ပစ္စည်းအားလုံးကို ပင်ရင်းအမှတ်တံဆိပ်တပ်ရန် ပြဋ္ဌာန်းထားကြသည်။

စားသုံးသူများဘက်မှနေ၍ နှီးနှောဖလှယ်ပွဲ၌ ပြောကြားရာတွင် ကုန်ပစ္စည်း၏ ပင်ရင်းနိုင်ငံအမှတ်တံဆိပ်ထက် ထုတ်ကုန်၏ အရည်အသွေးထူးခြားမှုက ပိုမိုအရေးပါကြောင်း ဘေကာနှင့် မက်ကင်ဇီကုမ္ပဏီမှ အကြီးတန်း စည်းမျဉ်းဥပဒေဆိုင်ရာ အကြံပေးရှေ့နေ ထရမ်ငေါ့ ထရမ်ကပြောသည်။

'ဒီနေ့အချိန်မှာ 'Made in ......' ဆိုတဲ့ အမှတ်အသားက ရည်ညွှန်းချက်သက်သက်သာဖြစ်ပါတယ်။ စားသုံးသူကိုဆွဲဆောင်ရာမှာ အရည်အသွေးကသာအချက်အချာကျပြီး စီးပွားရေးလုပ်ငန်းရဲ့ အမှတ်တံဆိပ်အတွက် အဓိကကျတဲ့ တန်ဖိုးလည်းဖြစ်ပါတယ်' ဟု ထရမ့်ကပြောသည်။

စံမီအောင် စုစည်းသည်

# လီဘရာကိစ္စကို ဖြေရှင်းရာတွင် တည်ဆဲဥပဒေများထက် ပိုမိုစည်းစားရန် G7 ကို ဂျပန်နိုင်ငံ တိုက်တွန်း

လီဘရာငွေကြေးကြောင့် ဖြစ်ပေါ်လာမည့် စိန်ခေါ်မှုများက တည်ဆဲဥပဒေများထက် ကျော်လွန်သွားနိုင်သဖြင့် ဖေ့စ်ဘုတ်က ထုတ်လုပ်မည့် ဒစ်ဂျစ်တယ်ငွေကြေး လီဘရာ(Libra)ကို အကဲဖြတ်ရာတွင် ဘက်ပေါင်းစုံမှ လေ့လာသုံးသပ်ကြရန် G7 အဖွဲ့ဝင်နိုင်ငံများအား ဂျပန်ဘဏ္ဍာရေးဝန်ကြီး တာရိုအာဆိုက ဇူလိုင် ၁၇ ရက်တွင် တိုက်တွန်းခဲ့ကြောင်း ရိုက်တာသတင်း၌ ဖော်ပြသည်။

ဒစ်ဂျစ်တယ်ငွေကြေးကို ထုတ်လုပ်မည့် လူမှုမီဒီယာတစ်ခုဖြစ်သည့် ဖေ့စ်ဘုတ်၏အစီအစဉ်သည် ကြီးကြပ်ထိန်းသိမ်းသူများ ဗဟိုဘဏ်များနှင့် အစိုးရများ၏ ဝေဖန်မှုနှင့် ရင်ဆိုင်နေရသည်။ ငွေကြေးခဝါချမှုစည်းမျဉ်းဥပဒေများကို ကုမ္ပဏီကလေးစားလိုက်နာရန်နှင့် ငွေပေးငွေယူလုပ်ငန်းများနှင့် အသုံးပြုသူများ၏ ကိုယ်ရေးအချက်အလက်များကို အာမခံချက်ပေးရန် တိုက်တွန်းထားသည်။

ဖေ့စ်ဘုတ်အသုံးပြုသူ ၂ ဒသမ ၃၈ ဘီလီယံက အသုံးပြုလာပါက ငွေကြေးစနစ်ကို ကသောင်းကနင်းဖြစ်သွားစေနိုင်သဖြင့် ဒစ်ဂျစ်တယ်ငွေကြေးကို ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲလာမည်ကို မူဝါဒရေးဆွဲသူတို့က စိုးရိမ်နေသည်။

'တည်ဆဲစည်းမျဉ်း ဥပဒေတွေကို ကျင့်သုံးရုံနဲ့ မလုံလောက်နိုင်ပါဘူး။ တည်ဆဲစည်းမျဉ်းဥပဒေတွေက အရေးမယူနိုင်တဲ့ စိန်ခေါ်မှုအသစ်တွေကို လီဘရာသယ်လာ၊ မလာကိုကျယ်ကျယ်ပြန့်ပြန့် စစ်ဆေးဖို့လိုပါတယ်' ဟု ဇူလိုင် ၁၈ ရက်မှာပြီးဆုံးတဲ့ G7 အစည်းအဝေးမှာ အာဆိုက သတင်းထောက်များအားပြောသည်။

ပြင်သစ်နိုင်ငံ ရှန်တီလီ၌ကျင်းပသည့် G7 ထိပ်တန်းစီးပွားရေးနိုင်ငံများ၏ ဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေးက လီဘရာနှင့်ပတ်သက်၍ စိုးရိမ်မှုများကို အလေးပေးပြောကြားခဲ့သော်လည်း မည်ကဲ့သို့ထိန်းချုပ်မည်ဟူသောအချက်ကို သဘောတူညီမှုမရခဲ့ကြကြောင်း အစည်းအဝေးသို့ တက်ရောက်သူ ဂျပန်အဆင့်မြင့်အရာရှိတစ်ဦးကပြောသည်။

# တောင်ကိုရီးယား တည်ထောင်စ လုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှု ယခုနှစ်ပထမနှစ်ဝက်တွင် စံချိန်တင်



တောင်ကိုရီးယားတွင် မူဝါဒအရ အစိုးရက ထောက်ပံ့မှုကြောင့် တည်ထောင်စ စီးပွားရေးလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုစုစုပေါင်းပမာဏမှာ ယခုနှစ် ပထမနှစ်ဝက်တွင် စံချိန်တင်မြင့်တက်ခဲ့ကြောင်း ဇူလိုင် ၁၈ ရက်က ထုတ်ပြန်သောအစိုးရကိန်းဂဏန်းများအရ တွေ့ရသည်။

ဇန်နဝါရီ-ဇွန် ပထမနှစ်ဝက်တွင် တည်ထောင်စ စီးပွားရေးလုပ်ငန်းများ၌ ဝမ် ၁ ဒသမ ၉ ထရီလီယံ(အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံ) ရှိခဲ့သည်။ ယခုပမာဏမှာ စောစောပိုင်းတစ်နှစ်က ရှိခဲ့သော ဝမ် ၁ ဒသမ ၆၃ ထရီလီယံနှင့် နှိုင်းယှဉ်ပါက ၁၆ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တိုးတက်ရန် အလားအလာရှိသော တည်ထောင်စ လုပ်ငန်းများအတွက် ဝမ် ၄ ဒသမ ၆ ထရီလီယံရှိ ရန်ပုံငွေကို ထူထောင်ခဲ့ရာ ထိုရန်ပုံငွေအတွင်းသို့ နောက်ထပ် ဝမ်ဘီလီယံ ၈၀၀ ထပ်ဖြည့်ခဲ့သည့်အတွက် ယခုကဲ့သို့ကိန်းဂဏန်းများ မြင့်တက်လာခြင်းဖြစ်သည်။

ယခင်နှစ်က ဇီဝဆေးဝါးနှင့် ဆေးဖက်ဆိုင်ရာ ကုမ္ပဏီများအပြင် ICT ကုမ္ပဏီများအတွက် ဝမ် ၁ ဒသမ ၃ ထရီလီယံ ထပ်မံမြှုပ်နှံခဲ့ရာ အလားတူကာလအတွင်း ၅၂ ဒသမ ၁ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။

၂၀၁၈ ခုနှစ်အတွင်း ကုမ္ပဏီသက်တမ်း ခုနစ်နှစ်အောက်ရှိသော ကုမ္ပဏီများအတွက် ဝမ် ၁ ဒသမ ၄၉ ထရီလီယံ ထပ်မံမြှုပ်နှံခဲ့သည်။

♦

Recycle for clean and green future
သန့်ရှင်းစိမ်းလန်းသော အနာဂတ်ဖြစ်စေဖို့ စွန့်ပစ်ပစ္စည်းများကို ပြန်လည်ပြုပြင်သုံးစွဲစို့။